တက္ကသိုလ်

# နေဝင်းမြင့်

## ကျောက်စိမ်းမင်းသား နှင့် သိုင်းလောကအလှမယ်

ဝမ်အင်း၏ လုရှောင်တိန်းကို

ပထမပိုင်း



တိုးတက်ရေးစာပေ

တက္ကသိုလ်

# နေလင်းအောင်

---

# ကျောက်စိမ်းမင်းသားနှင့် သိုင်းလောကအလှမယ်

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၁၅၈၀၁၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၃၂၀၁၁၂

၂၀၁၂ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်လေးလေးမိ၊ (တနင်္သာရီ စာပေ)
အမှတ် (၅၃)၊ ဖိုးမြေလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တာထောင်မြို့နယ်၊ရန်ကုန်မြို့။

တိုးတက်ရေးစာပေ

သိုင်းလောကတွင် အများနှင့်အတူ တစ်မူထူးခြားသည့် လူထူးဆန်းသုံးဦးရှိလေသည်။

ထိုသုံးဦးကား အလွန်လျှို့ဝှက်လွန်းသောလူတစ်ယောက်....

အလွန်ခွကျလှသည့်လူတစ်ယောက်နှင့်....

အလွန်ချောမောလှပသည့်မိန်းမပျိုတစ်ယောက်တို့ ဖြစ်ကြလေသည်။

၀၀၀၀

# တိုးတက်ရေးစာပေ

အကျိုးဆောင်

---

ဟွမ်ဟိုနယ်....

ဟွမ်ဟိုနယ်သည် အလွန်သာယာလှပသည့်ပြည်နယ်တစ်ခု ဖြစ်သည်။ တောတောင်လျှိုမြောင်များ၊ တောအုပ်များ၊ ကွင်းပြင်များနှင့်မြစ်ချောင်းအင်းအိုင်များပေါများသည်။

ကောက်ပဲသီးနှံစိုက်ပျိုးဖြစ်ထွန်းသည့်လယ်မြေ၊ ယာမြေများအလွန်ပေါများသည်။

ကျယ်ပြန့်သောမြက်ခင်းပြင်များရှိသောကြောင့် သိုးမွေး၊ ဆိတ်မွေးသူတို့လည်း စီးပွားဖြစ်ကြသည်။ သယံဇာတပစ္စည်းများ၊ စားသောက်ကုန်များ အလွန်ပေါများသည်။

ထို့ကြောင့် ပြည်သူအများ ချမ်းသာကြွယ်ဝကြ။

သို့သော် သုံးနှစ်ဆက်တိုက် မိုးခေါင်သောအခါ ပြည်သူများ အတိဒုက္ခရောက်ကြရလေတော့သည်။

နယ်သူနယ်သားများ လယ်ယာကိုင်းကျွန်းများပျက်စီးကုန်သည်။ မြက်ပင်သစ်ပင်များ ညှိုးနွမ်းခြောက်သွေ့ကုန်သဖြင့် သိုးများ၊ ဆိတ်များအတွက် အစာရေစာရှားပါး၍သေကြေပျက်စီးခြင်းသို့ ရောက်ရလေသည်။

မိုးခေါင်ရေရှားဒဏ်ကို သုံးနှစ်လုံးလုံး အပြင်းအထန်ခံစားခဲ့ရပြီးနောက် မိုးပြန်လည်ရွာသွန်းလာသည့်အခါ သုံးလလုံးလုံးအဆက်မပြတ်သည်းထန်စွာရွာသွန်းလေသည်။ မိုးမပြတ်သောကြောင့် မြစ်ချောင်းအင်းအိုင်များ ရေပြည့်လျှံကုန်သည်။

ဟွမ်ဟိုင်တစ်နယ်လုံး ရေလွှမ်းမိုးခံရတော့သည်။

သဘာဝဘေးအန္တရာယ်ကြောင့် ဟွမ်ဟိုပြည်နယ်တစ်ခုလုံး ပျက်စီးသွားရတော့မတတ်ဖြစ်ခဲ့ရလေတော့သည်။

oooo

ဟန်စင်းကျေးရွာ....

ဟန်စင်းကျေးရွာသည် ဟွမ်ဟိုပြည်နယ်၏မြောက်ဘက်အကျဆုံးအရပ်တွင်ရှိလေသည်။

လယ်ယာသမားများ၊

အမဲလိုက်မုဆိုးများ၊

တိရစ္ဆာန်မွေးမြူသူများ

စုပေါင်းနေထိုင်သည့်ကျေးရွာတစ်ခုဖြစ်၏။

ဟွမ်ဟိုပြည်နယ်တွင် ပြင်းထန်စွာကြုံတွေ့ရသည့်သဘာဝဘေးအန္တရာယ်သည် ဟန်စင်းရွာလေးကိုလည်း အလွတ်မပေးခဲ့ချေ။ ဟန်စင်းရွာသူရွာသားများ ငတ်တစ်လှည့် ပြတ်တစ်လှည့်ဖြစ်ရသည် အထိဒုက္ခကြုံခဲ့ရလေသည်။

ထို့ကြောင့်....

သဘာဝဘေးအန္တရာယ်နှင့် နောက်ဆက်တွဲပါလာသည့်ကူးစက်ရောဂါများကြောင့်လည်းကောင်း....

စားရမဲ့ သောက်ရမဲ့ဘဝကြောင့် ခိုးသားဓားပြပေါ်များလာခြင်းကြောင့်လည်းကောင်း....

အဘက်ဘက်မှနှိပ်စက်သမျှကိုလည်း လည်စင်းခံခဲ့ကြရ၏။

ကုမင်၊ ရှောက်ကျိုနှင့်စုသန်းတို့သည် ဟန်စင်းကျေးရွာသားလူငယ်လူရွယ်များဖြစ်ကြသည်။ ကုမင်သည် တစ်ကိုယ်တည်းသမားဖြစ်ပြီး လယ်ယာမြေများပိုင်ဆိုင်ခဲ့သော်လည်း ယခုအချိန်တွင် လူမွဲတစ်ယောက်ဖြစ်နေလေပြီ။

ရှောက်ကျို၏မိဘများသည် ရောဂါကပ်ဆိုးကြောင့် ကွယ်လွန်သွားခဲ့ကြသည်။

စုသန်းကား အဖြစ်အဆိုးဆုံးဟုဆိုနိုင်၏။

သူ၏မိဘညီအစ်ကိုမောင်နှမများသည်...

ဟန်စင်းကျေးရွာသို့ ဝင်ရောက်တိုက်ခိုက်လုယက်ခဲ့သည့်လူဆိုးဓားပြများ၏လက်ချက်ကြောင့် သေဆုံးသွားခဲ့ကြရသည်မဟုတ်ပါလား။

ယင်းသို့ အတိဒုက္ခရောက်နေချိန်တွင်...



လူတိုင်းသည် ဝမ်းနည်းပူဆွေး၍လက်မှိုင်ချနေကြရသည်။

ထိုအချိန်တွင်... ကုမင်၊ ရှောက်ကျိုနှင့်စုသန်းတို့မှာလူငယ်များပီပီ ခွဲမလျှော့ကြပါ။

ဟန်စင်းကျေးရွာအား ဒုက္ခတွင်းမှကယ်တင်ရန် အမျိုးမျိုးကြံစည်အားထုတ်နေကြလေသည်။

oooo

ကောင်းကင်တစ်ခုလုံး မှုန်မှိုင်းနေ၏။

မိုးစက်မိုးပေါက်များက တဖျောက်ဖျောက်ကျနေသည်။

မိုးရွာနေသည်မှာ ရက်ပေါင်းများစွာကြာနေပြီဖြစ်သည်။

ကုမင်သည် အင်္ကျီရင်ဘတ်ကို တင်းတင်းဆွဲစေ့လိုက်၏။

အပြင်ဘက်၌ တစိမ့်စိမ့်ရွာနေသည့်မိုးကိုကြည့်ရင်း....

“ဒီမိုးက နောက်တစ်လလောက်သာ ဒီအတိုင်း ဆက်ရွာနေမယ်ဆိုရင် ဟန်စင်းကျေးရွာတော့ရေထဲမျောသွားမှာပဲ”

စိတ်ပျက်လက်ပျက်ဖြင့် ညည်းတွားလိုက်သည်။

ရှောက်ကျိုနှင့်စုသန်းတို့သည် ကုမင်၏အိမ်တွင်ရောက်ရှိနေကြသည်။

ကုမင်၏စကားကြောင့် ရှောက်ကျိုက....

“ရေမျောသွားတာကနောက်မှ အခုလောလောဆယ် ရွာထဲမှာဝမ်းရောဂါဖြစ်တော့မယ့်အခြေအနေကိုတွေ့နေရတယ်၊ မိုးထက်



ဝမ်းရောဂါက ပိုပြီးကြောက်စရာကောင်းတယ်၊ တစ်ရွာလုံးမျိုးပြုတ်သွားလိမ့်မယ်”

မှန်သည်။

ကပ်ရောဂါဘေးကြီးကား လူတိုင်းလူတိုင်းကို ခြိမ်းခြောက်နေပြီဖြစ်သည်။

စုသန်းက....

“ဆေးဝါးနဲ့ရိက္ခာတွေရရင် သိပ်ကောင်းမှာပဲ၊ တို့ရွာက အဘိုးအဘွားတွေ... ကလေးသူငယ်တွေက ကယ်တင်နိုင်မှာပဲ၊ ခက်တာက တစ်ရွာလုံးမွဲတေပြီးချွတ်ချုံကျနေတာပဲ၊ ခုအချိန် ငွေရှိလို့ကတော့ မြေလတ်ပိုင်းကိုသွားပြီး လိုအပ်တဲ့ပစ္စည်းတွေကိုချက်ချင်းဝယ်ပစ်လိုက်တယ်”

ကုမင်က....

“ဒါတော့ မင်းပြောမှလားကွ... ငွေမရှိလို့ ဒုက္ခရောက်နေပါတယ်ဆိုမှပဲ”

ရှောက်ကျိုကလက်ကာပြလိုက်ပြီး....

“တို့ ဒီအတိုင်း ညည်းတွားနေလို့မဖြစ်ဘူး၊ ငွေမရှိရင် ငွေကိုရအောင်ရှာရမှာပေါ့”

စုသန်းက....

"ဘယ်လိုရှာမလဲ... ဓားပြထွက်တိုက်ရမှာလား"

ရှောက်ကျိုခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး... ငါ့မှာအကြံရှိတယ်"

ကုမင်နှင့်စုသန်းတို့စိတ်ဝင်စားသွားကြသည်။

ထို့ကြောင့်... နှစ်ယောက်စလုံးက ရှောက်ကျိုကိုဝိုင်းကြည့်လိုက်ကြ၏။

ရှောက်ကျိုကပြောသည်။

"ငါက ရိက္ခာနှင့်ဆေးဝါးတွေဝယ်ဖို့ငွေ ဘယ်ကရနိုင်မလဲလို့ တစ်ချိန်လုံးစဉ်းစားနေတာကွ၊ ဒါကြောင့် စဉ်းစားရင်းကနေ လူတစ်ယောက်ကိုသတိရလာတာပေါ့"

စုသန်းကမျက်မှောင်ကုပ်ကာ....

"ဘယ်သူလဲ"

ဟုမေးလိုက်၏။

ရှောက်ကျိုက....

"အစ်ကိုလီ...."

ဟုတုံးတိပြောချလိုက်သည်။



သူ့စကားကြောင့်....

"ဟင်...."

စုသန်းနှင့်ကုမင်တို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြကုန်သည်။

"ဟုတ်သားပဲ... အစ်ကိုလီကို ခုမှသတိရတယ်"

"အစ်ကိုလီတစ်ယောက်လုံးရှိနေတာ ဘာကြောင့် ငါတို့က မေ့နေကြရတာပါလိမ့်"

နှစ်ယောက်သား အလုအယက်ပြောလိုက်၏။

ရှောက်ကျို ပြုံးလိုက်သည်။

"ငါမပြောရင် မင်းတို့သတိရကြမှာမဟုတ်ဘူး၊ အစ်ကိုလီဟာ ငါတို့ဟန်စင်းရွာဇာတိကွ... သူက အသက်နှစ်ဆယ်သားရောက်မှမိဘတွေကွယ်လွန်ပြီး တစ်ကောင်ကြွက်ဘဝရောက်သွားတာနဲ့ မြို့ကလာတဲ့ကုန်သည်တွေနောက်ကိုလိုက်သွားတာ"

စုသန်းက....

"ဟုတ်တယ်... လွန်ခဲ့တဲ့ငါးနှစ်လောက်ကတောင် အစ်ကိုလီ ရွာကိုတစ်ခေါက်ပြန်လာသေးတယ်၊ သူဟာ တကယ့်သူဌေးကြီးတစ်ယောက်ဖြစ်နေပြီကွ"

ဟုပြောလေသည်။ ကုမင်က....

"ဟုတ်တယ်လေ... သူလာတုန်းက တစ်ရွာလုံး တစ်အိမ်တက်ဆင်း တစ်ယောက်မကျန်လက်ဆောင်ပစ္စည်းတွေလိုက်ပေးရုံမကဘူး၊ ငွေကြေးတောင်ထောက်ပံ့ခဲ့သေးတာပဲ"

ရောက်ကျိုကခေါင်းညိတ်ကာ...

"ဒါကြောင့် အခုလိုဒုက္ခရောက်နေတဲ့အချိန်မှာ အစ်ကိုလီဆီကိုသွားပြီးအကူအညီတောင်းဖို့ ငါစဉ်းစားမိတာပေါ့"

"အေးကွ... တို့ ဟန်စင်းကျေးရွာအကြောင်း အစ်ကိုလီဆီသွားတွေ့ပြီး အကျိုးအကြောင်းပြောပြရင် အစ်ကိုလီက အကူအညီပေးမှာသေချာတယ်"

"ဟုတ်တယ်... သွားကြတာပေါ့"

ကုမင်းနှင့်စုသန်းတို့က ချက်ချင်းသဘောတူလိုက်ကြ၏။

အစ်ကိုလီထံမှ သေချာပေါက် အကူအညီရလိမ့်မည်ဟုယုံကြည်ကာ နှစ်ယောက်သား စိတ်အားတက်ကြွလာကြသည်။

သို့သော်...

ရောက်ကျိုကမူ မထုံတက်တေးရှိနေလေသည်။

သူ့ကိုကြည့်ပြီး ကုမင်နှင့်စုသန်းတို့ အားမလိုအားမရဖြစ်လာကြကုန်သည်။



"ရှောင်ကျိုး... တို့ အစ်ကိုလီဆီသွားကြမယ်လေ"

ရှောင်ကျို မျက်နှာရှုံ့မဲ့သွားကာ....

"သွားတာတော့ဟုတ်တယ်... ဒါပေမဲ့ အစ်ကိုလီ ဘယ်မှာနေမှန်းမသိတာက ခက်တယ်"

ဟုညည်းတွားလိုက်သည်။ ဤတွင်....

"ဟား... ဟား... ဟား"

ကုမင်က ဟားတိုက်ရယ်မောလိုက်သည်။

ကုမင်ကရယ်လိုက်သဖြင့် ရောက်ကျိုကြောင်အမ်းအမ်းဖြစ်သွားသည်။ နားမလည်နိုင်ဟန်ဖြင့်....

"မင်း... ဘာရယ်တာလဲ"

ဟုပြန်မေးလေသည်။ ကုမင်က...

"မင်းက ပူစရာမရှိတာကိုပူနေလို့ပေါ့ကွာ"

ရှောင်ကျိုမျက်မှောင်ကုပ်သွညးသည်။

"နေပါဦး... သူ ဘယ်မှာနေတယ်ဆိုတာ မင်းသိလို့လား"

ကုမင်ကလက်မထောင်ပြကာ....

"သိတာပေါ့ကွာ"

"တယ်ဟုတ်ပါလား.. ပြောစမ်းပါဦး"

"သူရောက်လာတုန်းက ငါက လိုရမယ်ရမေးထားလိုက်တာ၊ သူကပြောတယ်... သူဟာ ကျင်းထုံမြို့မှာနေတယ်တဲ့၊ သူ့ဒွေးကြီးလိလို့ပြောရင် လူတိုင်းသိတယ်တဲ့... အကူအညီလိုရင် သူ့ဆီကိုလာဖို့ မှာသွားတာပဲကွ"

ထိုစကားကြားရသည့်အခါ ရောက်ကျိဝမ်းသာသွားသည်။

"ဒါဖြင့် တို့သွားတွေ့ကြမလား"

"ဒါပေါ့... ခုချိန်မှာ တို့ကိုကူညီနိုင်မယ့်လူဆိုလို့ သူတစ်ဦးပဲရှိတာမဟုတ်လား"

"ကောင်းပြီလေ... သွားကြတာပေါ့"

သူတို့သည် ကျင်းထုံမြို့သို့သွား၍ အစ်ကိုလိအား တွေ့ဆုံပြီး အကူအညီတောင်းရန်ဆုံးဖြတ်လိုက်ကြလေသည်။

oooo



## ရာပုံတော်

ကျင်းထုံမြို့....

ကျင်းထုံမြို့သည် စည်ကားသိုက်မြိုက်သည့်မြို့ကြီးတစ်မြို့ဖြစ်သည်။ သူတို့ ကျင်းထုံမြို့သို့ရောက်ရှိလာကြပြီဖြစ်၏။

သူတို့သည် ချည်အကျီများဝတ်ဆင်ထားကြပြီး ကောက်ရိုးဖြင့်ယက်လုပ်ထားသည့်ဖိနပ်များစီးထားကြ၏။

ဝါးခမောက်ကိုယ်စီဆောင်းထားကြပြီး အဝတ်အိတ်များကိုပခုံး၌ချိတ်ထားကြသေး၏။

သူတို့၏အသွင်ကိုကြည့်သည်နှင့် ကျေးတောသားများဖြစ်ကြောင်းသိနိုင်ပေသည်။

သူတို့သည် လှေတစ်တန် ကုန်းတစ်တန်ဖြင့် ခရီးနှင်ခဲ့ပြီးမှ ရောက်လာကြခြင်းဖြစ်သည်။

ကျင်းထုံမြို့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာပြီဖြစ်၍ သူတို့ဝမ်းသာနေကြသည်။

ကုမင်ကအံ့သြဘနန်းလေသံဖြင့်....

"တကယ့်မင်းနေပြည်တော်ကြီးအတိုင်းပဲ၊ စည်ကားလိုက်တာကွာ"

ကျင်းထုံမြို့မှအဆောက်အဦးများကိုကြည့်၍ ချီးကျူးပြောဆိုလိုက်လေသည်။

ရောက်ကျိက....

"ဒီလိုနေရာမျိုးမှာနေနိုင်တယ်ဆိုကတည်းက သူဟာ ခေတ်လူမဟုတ်ဘူးဆိုတာထင်ရှားနေတာပေါ့ကွာ"

ဟုပြောလေသည်။ စုသန်းက....

"ကျင်းထုံမြို့ကိုရောက်ရင် ဘယ်သူ့ကိုမေးမေးရတယ်ဆိုတော့ ပူစရာမရှိတော့ဘူးပေါ့ကွာ"

သုံးယောက်သား အကျေနပ်ကြီးကျေနပ်နေမိကြကုန်၏။

သူတို့၏အစ်ကိုကြီးလီကိုတွေ့လျှင် ဟန်စင်းရွာအတွက် လိုအပ်သည့်အကူအညီများရရှိတော့မည်မဟုတ်ပါလား။

ကုမင်က....



"ကဲ... မေးကြည့်ရအောင်"

ပြောပြောဆိုဆိုပင်....

သူတို့နှင့်မျက်နှာချင်းဆိုင်မှလာနေသူ တစ်ဦးအား....

"ဗျို့... နောင်ကြီး သူဌေးကြီးလီရဲ့အိမ် ဘယ်နားမှာလဲ၊ သိ သလားဗျာ"

ဟုမေးလိုက်၏။

ထိုလူသည် သူတို့ကိုတစ်ချက်ကြည့်၍ခေါင်းခါပြပြီး ရှေ့ဆက်လျှောက်သွားလေသည်။

ကုမင် မကျေမနပ်ဖြစ်သွားသည်။

"တော်တော်ဆိုးတဲ့လူ... မေးတာကိုတောင် ဘာမှပြန်ပြောမသွားဘူး"

စုသန်းက....

"သူ မပြောလည်းနေပေါ့ကွာ... တခြားလူတစ်ယောက်ကို မေးကြည့်တာပေါ့"

"ဟုတ်တယ်... သူမပြောလည်း ဘာအရေးလဲ"

ထို့နောက် အခြားလမ်းသွားလမ်းလာများကိုမေးကြည့်ကြသည်။ မသိဟုဆိုကြသည်။

သူတို့ အတော်မကျေမနပ်ဖြစ်သွားကြသည်။

ဈေးဆိုင်များ လက်ဖက်ရည်ဆိုင်များနှင့်မြင်းလှည်းသမားများ ကိုပါမေးကြည့်ကြသည်။

နေ့တစ်ဝက်ကျိုးသွားသောအချိန်တွင် ကုမင်တို့လိုက်လံမေးမြန်းခဲ့သည်မှာ လူပေါင်းတစ်ရာကျော်သွားပြီဖြစ်၏။

သို့သော် မည်သူတစ်ဦးတစ်ယောက်မှ သူဌေးကြီးလိကိုမသိပါဟုပြော၍ ခေါင်းတွင်တွင်ခါပြကြသည်။

ကြာသော် သူတို့စိတ်ပျက်လာကြလေ၏။

ရောက်ကျိုနှင့်စုသန်းတို့က ကုမင်ကိုကြည့်ပြီး....

"ကုမင်... သူက ကျင်းထုံမြို့မှာနေတယ်၊ သူဌေးကြီးတစ်ဦးဖြစ်နေပြီဆိုတာ အမှန်ပဲလား"

ဟုမေးကြသည်။ ကုမင်က....

"သူက ဒီအတိုင်းပြောသွားတာပဲကွ"

ရောက်ကျိုက...

"ဒါဖြင့် ငါတို့ ဘာကြောင့်ရှာလို့မတွေ့တာလဲ၊ ဘာကြောင့် လူတိုင်းကမသိကြတာလဲ"

ကုမင်က....



"ဒါတော့ ငါလည်း ဘယ်ပြောတတ်ပါ့မလဲ"

စုသန်းက....

"အစ်ကိုကြီးလိသာ ဒီမြို့မှာရှိရင် ရှာလို့တွေ့ရမှာပေါ့"

"အေးလေ"

"အခုရှာလို့မတွေ့တာက တစ်ခုခုမှားနေလို့ပဲ၊ သူကများလိမ်ပြောသလားမသိတာ"

"ဟာ သူကလိမ်ပြောမယ့်လူစားမျိုးမဟုတ်ပါဘူး"

သုံးယောက်သား အငြင်းပွားလာကြ၏။

နောက်ဆုံးတွင် ကုမင်ကပင်....

"ကောင်းကင်ပေါ်လည်းကြည့်ဦး... နေလုံးကြီးက ခေါင်းပေါ်ရောက်နေပြီ၊ နေမွန်းတည့်နေပြီဆိုတော့ ဗိုက်ထဲဆာနေပြီကွ... နောက်မှဆက်ပြီး ငြင်းကြတာပေါ့၊ ခုတော့ ရပ်ကြဦး"

ဟုသတိပေးလိုက်သည်။

ထိုအခါမှ စုသန်းနှင့်ရောက်ကျိုတို့ငြင်းခုန်မှုရပ်တန့်သွားကြတော့သည်။ သူတို့လည်း ဗိုက်ဆာနေကြပြီမဟုတ်လား။

ရောက်ကျိုက....

"တို့ ဘယ်မှာသွားစားမလဲ"

ဟုမေးလိုက်၏။

ကုမင်က....

"တို့အတွက် အသိအိမ်မှမရှိဘာ၊ ထမင်းဆိုင်ပဲ သွားစားကြတာပေါ့"

စုသန်း မျက်နှာရှုံ့မဲ့သွားသည်။

"ထမင်းဆိုင်မှာသွားစားမယ်ဆိုရင်တော့ ပိုက်ဆံကုန်တော့မှာပဲကွ"

"ဒါဖြင့် မစားဘဲ အငတ်ခံမလား"

ရှောက်ကျိုကပြောလိုက်ရာ ကုမင်က...

"ဟာ... အငတ်ခံလို့တော့ မဖြစ်သေးဘူး"

"ဒါဆို ဘာမှမပြောနဲ့"

စုသန်းက ရှင်းပြလိုက်သည်။

"မဟုတ်ပါဘူးကွာ... ငါတို့မှာက ငွေများများပါတာမှ မဟုတ်ဘဲ၊ တိုင်းထွာပြီး သုံးကြရမှာပဲမဟုတ်လား... ဒါကြောင့် ပြောတာပါ"

သူတို့နှစ်ဦး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၏။

စုသန်း၏စကားမှန်ကန်နေပါသည်။



သူတို့သည် ငွေကြေးမပြည့်စုံသဖြင့် အတတ်နိုင်ဆုံး ချွေတာ ရမည်မဟုတ်ပါလား။ ရှောက်ကျိုက....

"ဈေးပေါတဲ့ဆိုင်မှာ သွားစားကြတာပေါ့ကွာ"

"အေး... သွားကြမယ်"

သုံးယောက်သား ယောင်ပေပေဖြင့်ထွက်သွားကြလေ၏။

oooo

ကျင်းထုံကဲ့သို့ မြို့ကြီးပြကြီးတွင် အပေါစားထမင်းဆိုင်မှာ ရှာဖို့ခက်လှပေသည်။

သူတို့သည် ထမင်းတစ်အိုးကျက်ခန့်ကြာအောင်ရှာဖွေပြီးမှ လမ်းကြားလေးတစ်ခုအတွင်း၌ အပေါစားထမင်းဆိုင်လေးတစ်ဆိုင်ကို တွေ့လိုက်ရ၏။

ထိုဆိုင်၌ အလုပ်ကြမ်းသမားများ ဆင်းရဲနွမ်းပါးသူတို့သာ စားသောက်လေ့ရှိပေသည်။

သန့်ရှင်းသပ်ရပ်မှုမရှိ။

ယင်ကောင် တလောင်းလောင်းဖြစ်နေ၏။

သူတို့သည် ညစ်ပတ်ပေကျံလှသည့် ထမင်းဆိုင်လေးကို ကြည့်ကာ စိတ်ပျက်သွားကြလေ၏။



သို့သော် ထိုထမင်းဆိုင်၌ စားသောက်နေကျဖြစ်ပုံရသူများကား ဘာကိုမှအမှုမထားဘဲ အားရပါးရစားသောက်နေကြ၏။

သူတို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြ၏။

သူတို့သည် ဆိုင်ထဲသို့ဝင်ရန် မရဲတရဲဖြင့် မလှမ်းမကမ်းမှ ကြည့်နေမိကြလေသည်။

ထိုစဉ်....

"ထမင်းပေးဦး"

လူတစ်ယောက်၏အသံကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ထိုလူမှာ အရောင်အဆင်းလွင့်ပြယ်၍ ဖြူလျော်လျော်ဖြစ်နေသည့် အပြာရောင်အဝတ်အစားကိုဝတ်ဆင်ထားသည်။

အသက်သုံးဆယ်ခန့်ရှိ လူရွယ်တစ်ယောက်ဖြစ်၏။

သူ၏တစ်ကိုယ်လုံး ညစ်ပတ်ပေကျံ၍ ချွေးများစိုရွှဲနေ၏။

ဆံပင်များသည်လည်း ပွယောင်းယောင်းဖြစ်နေ၏။

ဖြစ်သလိုနေ ဖြစ်သလိုစား ကြုံရာအိပ်တတ်သူတစ်ဦးဟု မှတ်ထင်ရသည်။

ဆိုင်လုလင်က ထမင်းလိုက်ပွဲပန်းကန်ချပေး၏။

ထိုလူက....

"မင်းတို့ကလည်း နှေးလိုက်တာကွာ… မြန်မြန်လုပ်စမ်းပါ၊ ဒီမှာစားရတာ ဆန့်တငန့်ငန့်နဲ့ သွား… ထမင်းရည်ထပ်ထည့်ပေး… နောက်ထပ်လိုက်ပွဲပြင်ထားဦး"

ဟုဗလုံးဗထွေးနှင့်ပြောလေသည်။

ဆယ့်လေးငါးရက်ထမင်းမစားဘဲ အငတ်ခံခဲ့ရသူတစ်ဦးနှင့် တူနေပေတော့သည်။

ဆိုင်လုလင်က ထိုလူခိုင်းသည့်အတိုင်းလုပ်ပေးရင်း…

"ဖြည်းဖြည်းစားဗျို့… တော်ကြာ နင်နေဦးမယ်"

ဟုနောက်ပြောင်လိုက်သည်။

သူတို့နှစ်ယောက်ပြောဆိုနေကြသည့်စကားများကိုကြား ရသောစားသောက်နေကြသူများ ဝါးခနဲပွဲကျသွားကြလေသည်။

ကုမင်တို့သုံးယောက် တစ်ယောက်ကိုတစ်ယောက်ကြည့် လိုက်မိကြသည်။

ကုမင်က…

"ဘယ်လိုလဲ… ဒီမှာပဲစားမလား"

ဟုမေးလိုက်၏။

စုသန်းက နှာခေါင်းရှုံ့ကာ…



"ညစ်ပတ်တယ်ကွ"

"သူများတွေလည်း စားနေကြတာပဲကွ"

စုသန်းက…

"ထမင်းဆာနေပြီလား"

"အေး…"

"ဒါဖြင့်လည်း ဝင်စားကြတာပေါ့"

ကုမင်နှင့်စုသန်းတို့သည် ထမင်းဆိုင်လေးဆီသို့ လှမ်းသွားရန်ဟန်ပြင်လိုက်ကြ၏။

ထိုစဉ် ရှောက်ကျိက…

"ခဏနေဦး"

ဟုဟန့်တားလိုက်၏။

ကုမင်မျက်မှောင်ကုပ်သွားသည်။

"ဘာဖြစ်လို့လဲ"

ရှောက်ကျိက…

"ဟိုမှာ အငမ်းမရစားနေတဲ့လူကိုတွေ့တယ်မဟုတ်လား"

ကုမင်ကခေါင်းညိတ်ပြသည်။

"တွေ့သားပဲ… အဲဒါဘာဖြစ်လဲ"

ရောက်ကျိက....

"သူဟာ အစ်ကိုလိနဲ့များတူသလားလို့"

ဟေ...."

ကုမင်နှင့်စုသန်းတို့ လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

သူတို့သည် ရောက်ကျိညွှန်ပြသည့်အငမ်းမရစားသောက်နေသူကိုကြည့်လိုက်ကြ၏။

ကုမင်မှာ ဇဝေဇဝါဖြစ်နေ၏။

စုသန်းက....

"ဟုတ်သားပဲ... အစ်ကိုကြီးလိနဲ့အတော့်ကိုတူတာပဲ"

ဟုပြောလိုက်၏။

ရောက်ကျိက....

"သူဟာ အစ်ကိုကြီးလိများဖြစ်နေမလား"

ဟုဇဝေဇဝါလေသံဖြင့်ပြောလိုက်သည်။

ကုမင်ကနှာခေါင်းရှုံ့ကာ....

"မဖြစ်နိုင်တာပဲကွာ... အစ်ကိုကြီးလိဟာ သူဌေးကြီးတစ်ဦးဖြစ်နေပြီပဲ၊ ဒီလူ ဖြစ်နိုင်ပါ့မလား"

ထိုစဉ်....



ထမင်းအငမ်းမရစားသောက်နေသူသည် စားသောက်ပြီးစီးသွားပြီဖြစ်ရာ ဝမ်းဗိုက်ကို လက်ဖြင့်ပွတ်ပြီး ထိုင်ရာမှထလိုက်၏။

သူစားသောက်ခဲ့သည့်ထမင်းပန်းကန်၊ ဟင်းပန်းကန်တို့မှာ အထပ်ကြီးဖြစ်၍နေ၏။

ဆိုင်လုလင်က စားပွဲပေါ်မှ စားသောက်ထားသည့်ပန်းကန်များကိုရေတွက်စစ်ဆေးလိုက်ပြီး....

"အားလုံး တစ်ရာ့ငါးဆယ်ကျတယ်"

ဟုပြောလိုက်၏။

စားပွဲထိုး၏စကားကြောင့် ထိုလူ မျက်လုံးပြူးသွားသည်။

နှုတ်မှလည်း....

"ဟာ... များလှချည်လားကွ"

ဟုလွှတ်ခနဲရေရွတ်လိုက်သည်။

ထိုအခါ ဆိုင်လုလင်က....

"များဆို ခင်ဗျားစားထားတာကိုလည်းကြည့်ဦးလေ"

ဟုပြန်ပြောလိုက်လေသည်။

"ဟာ... မဟုတ်သေးပါဘူး၊ ဒို့ပြင်ဆိုင်မှာဆို ဒီထက်မက စားတာတောင် ဒီလောက် မကျပါဘူးကွာ"

ထိုလူက စောဒကတက်နေ၏။

ဆိုင်လုလင် မကျေမနပ်ဖြစ်သွားသည်။

ထို့ကြောင့်...

"ခင်ဗျားစားတုန်းကစားပြီး ပေးခါနီးမှဈေးမများနဲ့"

ဟု လေသံမာမာနှင့်ပြောလိုက်သည်။

ထိုလူ မကျေမနပ်ဖြစ်သွားကာ...

"ဟ... များလို့များတယ်ပြောတာပဲကွာ"

"ဒါဖြင့် နောက်လာမစားနဲ့ဗျာ"

ဆိုင်လုလင်၏စကားကြောင့် ထိုလူ အကြီးအကျယ်ဒေါသထွက်သွားပုံရ၏။ မျက်နှာကြီးနီရဲလာကာ...

"မစားဘူး... မင်းတို့ဆိုင်မှာ ဘယ်တော့မှမစားတော့ဘူး... မှတ်ထား၊ ဗျို့ ဆိုင်ရှင် ခင်ဗျားလူကိုကြည့်ပြောဦး"

ထိုလူသည် ဒေါပွပွနှင့်အော်ဟစ်ပြောဆိုလိုက်၏။

ဆိုင်ရှင်သည် ဆူဆူညံညံအသံများကြောင့် ထိုလူ၏စားပွဲဝိုင်းကိုလှမ်းကြည့်လာပြီး...

"စိတ်ချ... ကျုပ် ဆုံးမလိုက်မယ်၊ ခင်ဗျားကလဲ ကျသင့်ငွေကိုပေးလိုက်ပါ"



ထိုလူသည် ဘာမျှဆက်မပြောတော့ဘဲ ငွေအချို့ထုတ်ယူ၍ရေတွက်ပြီးပေးလိုက်၏။

ဆိုင်လုလင်က ငွေကိုယူပြီး ပန်းကန်ခွက်ယောက်များကိုသိမ်းဆည်းလိုက်၏။ ထိုအခါ...

"ဟေ့... နေဦး၊ မသိမ်းနဲ့ဦး"

ထိုလူကဟန့်တားလာ၏။

ဆိုင်လုလင်က...

"ခင်ဗျား ဘာလုပ်ဦးမလို့လဲ"

ဟုပြန်မေးသည်။ ထိုလူက...

"ဟင်းပန်းကန်ထဲမှာ ဟင်းချိုတွေကျန်နေသေးတယ်... ငါကပိုက်ဆံပေးထားရတာကွ၊ အလကား အဖြစ်မခံနိုင်ဘူး"

ဟုပြော၍ဟင်းချိုပန်းကန်ကိုဆွဲယူလိုက်၏။

အမှန်တော့... ပန်းကန်ထဲ၌ ဟင်းချိုသုံးလေးဇွန်းစာမျှသာကျန်ရှိနေခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါ ဟင်းချိုသည် ထမင်းဆိုင်မှအဖိုးအခမယူဘဲ လာရောက်စားသောက်သူများအတွက် အခမဲ့ပေးသည့်ဟင်းချိုသာဖြစ်သည်။

တစ်နည်းအားဖြင့်ဆိုရလျှင်...

တန်ဖိုးအားဖြင့် ဘာမျှမပြောပလောက်သည့်အရာသာဖြစ်သည်။ ထိုလူက ရေးကြီးခွင်ကျယ်လုပ်ပြီး ဟင်းချိုပန်းကန်ကိုဆွဲယူမော့သောက်လိုက်၏။

ပြီးမှ ပန်းကန်ကိုစားပွဲပေါ်ပြန်ချကာ....

"ငါ့ကိုဒီလိုလုပ်လို့မရဘူးဆိုတာမှတ်ထား"

ဟုပြောကာ စစ်အောင်နိုင်လာသည့်စစ်သူကြီးတစ်ဦးပမာရင်ကော့ပြီး ဆိုင်ထဲမှထွက်သွားလေတော့၏။

oooo



ကုမင်၊ စုသန်းနှင့်ရှောက်ကျိုတို့သည် ထမင်းဆာလောင်မှုကို သတိမရတော့ပါ။ ဆာလောင်နေမှုများဘယ်ရောက်ကုန်မှန်းပင်မသိဘဲပျောက်ကွယ်သွားကြပြီဖြစ်ပါသည်။

သူတို့သည် ထမင်းဆိုင်ထဲမှထွက်သွားသူကိုငေးကြောင်ကြည့်ရင်း ပါးစပ်အဟောင်းသားဖြစ်နေခဲ့ကြသည်။

ထိုလူ ခပ်လှမ်းလှမ်းသို့ရောက်တော့မှ....

"အေးကွာ... အစ်ကိုကြီးလိနဲ့တူလိုက်တာ"

ပထမဆုံးသတိပြန်ဝင်လာသည့်ကုမင်က လွတ်ခနဲရေရွတ်ပြောဆိုလိုက်သည်။

သူ၏စကားကြောင့် ရှောက်ကျိုက....

"တကယ်လို့ သူသာ တို့လိုက်ရှာနေတဲ့အစ်ကိုကြီးလိဖြစ်နေရင် ဘယ်လိုလုပ်မလဲ"

ဟုမေးလိုက်သည်။

စုသန်းကခေါင်းခါလိုက်၏။

"မဖြစ်နိုင်ဘူး၊ အစ်ကိုကြီးလိဟာသူဌေးကြီးတစ်ဦးပါ၊ ခုလို ဆင်းရဲမွဲတေနေစရာအကြောင်းမရှိဘူး"

ကုမင်သက်ပြင်းချလိုက်၏။

"အင်း... ပြောဖို့တော့ခက်တယ်၊ ရုပ်ရည်ချင်းရော အသံပါ တစ်ထပ်တည်းတူနေတယ်၊ ဒါပေမယ့် အစ်ကိုကြီးလိ ရွာကိုလာတုန်းက အဝတ်အစားတောက်တောက်ပြောင်ပြောင်နဲ့ ငွေကိုလည်းရေလို သုံးနိုင်တယ်၊ ဒီလူကျတော့မွဲပြာကျနေတာပဲ"

ရောက်ကျိက....

"တို့ ဟန်စင်းရွာတောင် အိမ်ကြီးအိမ်ကောင်းတွေနဲ့လယ်ပိုင် ချောင်းပိုင်နဲ့ တင့်တင့်တယ်တယ်ရှိခဲ့ရာက ရွာပျက်ကြီးတစ်ခု လိုတောင်ဖြစ်သွားသေးတာပဲမဟုတ်လား၊ ဘာမဆိုပြောင်းလဲသွား နိုင်တာပဲ၊ အစ်ကိုကြီးလိကကော ချမ်းသာတဲ့ဘဝကနေပြီး ဆင်းရဲ နွမ်းပါးတဲ့ဘဝကို ရောက်မသွားနိုင်ဘူးလို့ပြောနိုင်မလား"

ဤတွင် ရိုးသားသည့် ကျေးတောသားများပီပီ စုသန်းနှင့် ကုမင်တို့က ဦးခေါင်းတဆတ်ဆတ်ညိတ်လိုက်ကြလေသည်။



"ဟုတ်တယ်... မင်းပြောသလိုလည်းဖြစ်နိုင်တာပဲ"

"ဒါဆို အစ်ကိုကြီးလိ သနားဖို့ကောင်းတာပေါ့"

ရောက်ကျိက....

"တို့ လိုက်သွားကြမလား"

ကုမင်နှင့်စုသန်းတို့ ချက်ချင်းပင်ခေါင်းညိတ်ကာ အစ်ကိုကြီး လိဟုယူဆရသူနောက်သို့ လိုက်သွားရန် ခြေလှမ်းပြင်လိုက်ကြလေ တော့သည်။

oooo

## ဝါကြွားသူ၏ဒုက္ခ

မြို့စွန်တွင် လူရှင်းနေသည်။

လမ်းဘေးအရိပ်ကောင်းသည့် သစ်ပင်ကြီးတစ်ပင်အောက်တွင် ဇရပ်တစ်ဆောင်ရှိ၏။ မည်သူမဆို ခေတ္တဝင်ရောက်အနားယူအပန်းဖြေနိုင်သည့်သာလာယံဇရပ်ဖြစ်၏။

ထမင်း တဝတပြစားသောက်လာသူသည်....

မလှမ်းချင် လှမ်းချင် ခြေလှမ်းများဖြင့်လှမ်းရင်း ဇရပ်ပေါ်တက်လိုက်၏။

ထို့နောက် ဇရပ်ကြမ်းပြင်မှဖုန်များ၊ အမှိုက်များကိုခါထုတ်ပစ်ပြီး ကျောခင်းလိုက်၏။

ပြည့်အင့်နေအောင် စားသောက်ပြီးပြီဖြစ်၍ တရေးတမောအိပ်စက်တော့မည့်သဘောဖြစ်သည်။



ထိုအချိန်မှာပင်...

ကုမင်တို့သုံးယောက်သည် ဇရပ်ရှေ့သို့ ရောက်ရှိလာကြပြီဖြစ်သည်။

သို့သော် သူတို့သုံးယောက်သည် ရုတ်တရက် ဇရပ်ပေါ်သို့မတက်ဝံ့ကြသေးချေ။ ဇရပ်အောက်မှနေ၍ အခြေအနေကိုအကဲခတ်ကြည့်လိုက်ကြသည်။

ဇရပ်ပေါ်မှလူသည်လည်း ကုမင်တို့သုံးယောက်ကိုမြင်တွေ့သွားပြီး အိပ်ရမည်ကိုမလုံမလဲဖြစ်သွားပုံရသည်။

သူသည် ကုမင်တို့အားလှမ်း၍အကဲခတ်ကြည့်လိုက်၏။

ကုမင်က....

"အစ်ကိုကြီးလိ...."

ဟုအရဲစွန့်၍ခေါ်လိုက်၏။

ဤတွင်.... လှဲလျောင်းရန် ဟန်ပြင်နေသူသည် ဆတ်ခနဲခေါင်းထောင်လာလေ၏။

"ဘယ်သူလဲ"

ထိုလူ၏အသံကကျယ်လောင်စွာထွက်ပေါ်လာ၏။

ကုမင်တို့လန့်ဖျန့်ကာနောက်ဆုတ်မိလိုက်ကြသည်။

ထိုလူ ကပျာကယာလှူးလှိမ့်ထပြီး ကုမင်တို့သုံးယောက်ကို ကြည့်ကာ....

"ကျုပ်ကိုခေါ်တာလား"

ဟုပြန်မေးလိုက်သည်။

ကုမင်ကခေါင်းညိတ်ကာ.....

"ဟုတ်... ဟုတ်ပါတယ်ဗျာ"

ထိုလူမျက်မှောင်ကုပ်သွားသည်။

"နေပါဦး... မင်းတို့ကဘယ်သူတွေလဲ၊ ကျုပ်လည်းမသိပါလား... မင်းတို့ကကော ကျုပ်ကိုသိနေကြလို့လား"

ကုမင်ကမဝံ့မရဲဖြင့်....

"အစ်ကိုကြီးဟာ ဟန်စင်းရွာဇာတိမဟုတ်လား"

ထိုလူ၏မျက်ခုံးမွေးအစုံ နဖူးပေါ်မြင့်တက်သွားသည်။

"ဟာ... မင်းတို့က ကျုပ်ရဲ့ဇာတိရပ်ရွာကိုတောင် သိနေကြပါလား"

ထိုလူ၏စကားကြောင့်.... ကုမင်ဝမ်းသာသွားသည်။

"ကျွန်တော်ကကုမင်လေ သူတို့ကတော့ စုသန်းနဲ့ရှောက်ကျိ ဟန်စင်းရွာကလေ၊ အစ်ကိုကြီးမမှတ်မိတော့ဘူးလား"



ကုမင်က စိတ်အားတက်ကြွလာဟန်ဖြင့်ပြောလိုက်သည်။

စုသန်းနှင့်ရှောက်ကျိတို့ကရှေ့သို့တိုးလာကြပြီး...

"ဟုတ်ပါတယ်... ကျွန်တော်တို့ကိုအစ်ကိုကြီးမမှတ်မိတော့ဘူးလား"

"အစ်ကိုကြီးရွာပြန်လာတုန်းက ကျွန်တော်တို့သုံးယောက် တောဝက်သားချက်ကျွေးခဲ့ကြတယ်လေ"

ရှောက်ကျိက ပို၍မှတ်မိစေရန်ဖြည့်စွက်ပြောလိုက်သည်။

ထိုအခါမှ....

"လက်စသတ်တော့ မင်းတို့ကိုး... ကျုပ်မှတ်မိပါပြီ၊ အင်း... ရွာကိုပြန်မရောက်တာ အတော်ကြာပြီဆိုတော့ ရုတ်တရက် မမှတ်မိတာစိတ်မဆိုးပါနဲ့ကွာ၊ ကဲ... ဘာလုပ်နေကြတာလဲ၊ အပေါ်တက်ကြဦးလေ"

ထိုလူကတရင်းတနှီးဖိတ်ခေါ်လိုက်သည်။

တစ်ဆက်တည်းမှာပင် ကြမ်းပြင်ပေါ်မှ ဖုန်များ သဲများကို ထပ်မံခါထုတ်လိုက်ပြီး....

"လာ... လာ... ထိုင်ကြ"

ဟုဖိတ်ခေါ်လိုက်၏။

သူ၏အသွင်သည် ညှို့သည်ရောက်လာသဖြင့် ညှို့ဝတ်ပြု နေသည့်အိမ်ရှင်နှင့်တူ၏။ သို့သော် ရေနွေးကြမ်းမရှိသလို အိမ်လည်း မဟုတ်ဘဲ ဇရပ်တန်ဆောင်းဖြစ်နေပေသည်။

ကုမင်တို့က ဇရပ်ပေါ်တက်၍ ထိုလူညွှန်ပြသည့်နေရာတွင် ထိုင်ချလိုက်ကြ၏။

ထို့နောက် သုံးဦးသား ထိုလူကိုကြည့်ရင်း....

"အစ်ကိုကြီးဟာ အစ်ကိုလိဟုတ်ပါတယ်နော်"

ဟု မတိုင်ပင်ဘဲပြိုင်တူမေးမိလိုက်ကြလေသည်။

"ဟား... ဟား... ဟား"

ထိုလူက သဘောကျစွာရယ်မောလိုက်၏။

"ကျုပ်ဟာလိရှိန့်ကျင်ဟန်တို့ရဲ့သားလိဝမ်ရိပါကွာ၊ မင်းတို့ လူမှားနေကြတာမဟုတ်ပါဘူး"

ဟုပြောလေ၏။ ကုမင်က....

"မပြောတတ်ဘူးလေ... ရွာကို အစ်ကိုကြီးပြန်လာတုန်းက တောက်ပြောင်ပြီး ငွေကိုလည်း ရေလိုသုံးနိုင်တယ်၊ ပြီးတော့ ကျင်းထုံ မြို့မှာမသိသူမရှိတဲ့ သူဌေးကြီးတစ်ယောက်လို့လဲ ပြောခဲ့တယ်လေ၊ ခု ဘယ်လိုဖြစ်နေရတာလဲဗျာ"



ရိုးသားသူများပီပီ ပွင့်လင်းစွာပြောလိုက်ခြင်းဖြစ်၏။

ထိုလူ(ဝါ) လိဝမ်ရိ မျက်နှာပျက်သွား၏။

သို့သော် ချက်ချင်းကုန်ဖြေဆည်လိုက်ပြီး....

"ငါ့ညီတို့က ကျုပ်အပေါ် အထင်လွဲနေကြတာကိုး၊ ဟင်း... ဟင်း... ပြောရရင် အံ့သြကြလိမ့်မယ်၊ တို့ ရွာသားတွေက ပွင့်လင်းစွာ ပြောတတ်တယ်၊ ရိုးသားပြီးအေးချမ်းမှုနဲ့လွတ်လပ်မှုကိုမြတ်နိုးတယ်၊ သူဌေးဘဝဆိုတာ တကယ်တော့ လှောင်ချိုင့်ထဲရောက်နေ တဲ့ငှက်တစ်ကောင်လိုပါပဲ၊ ဂုဏ်ပကာသနတွေ ခြံရံပြီး ဘယ်တော့မှ မလွတ်လပ်ဘူး၊ ကဲ... ကျုပ် ခုလိုနေတာကြည့်စမ်း... ဘယ်လောက် လွတ်လပ်သလဲ"

ဟု ခြေဟန်လက်ဟန်ဖြင့် မာန်ပါပါပြောလိုက်၏။

ကုမင်တို့ ခေါင်းတဆတ်ဆတ်ညိတ်လိုက်ကြ၏။

လိဝမ်ရိက....

"ကဲ... ငါ့ညီတို့ ကျင်းထုံမြို့ကို ဘယ်လိုကိစ္စနဲ့ရောက်လာကြ တာလဲ၊ ပြောစမ်းပါဦး"

ဟုမေးလေသည်။

ကုမင်ကတဲ့တိုးပင်....

"အစ်ကိုကြီးကိုလာရှာတာ"

ဟုပြောလိုက်၏။

လိဝမ်ရီအံ့သြသွား၏။

"သြော်... ကျုပ်ကိုလာရှာကြတာကိုး"

ကုမင်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်.... အစ်ကိုကြီးရွာကိုအလည်လာတုန်းက အခက်အခဲရှိရင် ကျင်းထုံမြို့မှာလာရှာဖို့ မှာသွားတဲ့စကားကိုသတိရလို့ ခုလိုစွန့်စားပြီးလာခဲ့ကြတာပါ"

လိဝမ်ရီက ကုမင်တို့အားငေးကြည့်လိုက်၏။

ကုမင်တို့သည် ဇာတိရပ်ရွာ၌မွေ့ပျော်သူများဖြစ်ကြ၏။

ဇာတိရပ်ရွာကိုစွန့်ခွာထွက်သွားရန် မည်သည့်အခါမျှ စိတ်ကူးယဉ်သူများမဟုတ်ကြချေ။

ထို့ပြင် ခရီးဝေးဝေးလံလံသွားဖူးသူများမဟုတ်ဘဲ အတွေ့အကြုံဗဟုသုတနည်းပါးကြသူများဖြစ်ကြ၏။

သူတို့က ဟန်စင်းကျေးရွာနှင့်ဝေးလံလှသည့်ကျင်းထုံမြို့ကိုလာ၍ မိမိအားရှာဖွေကြသည်မှာ အလွန့်အလွန်အရေးကြီးသောအကြောင်းကိစ္စတစ်ခုကြောင့်သာဖြစ်ရမည်ဟု....



လိဝမ်ရီ နားလည်လိုက်လေသည်။

ထို့ကြောင့်လည်း....

"ငါ့ညီတို့မှာအရေးကြီးတဲ့ကိစ္စ ရှိနေပြီထင်တယ်... ဘယ်လိုကိစ္စများလဲဆိုတာပြောပါဦး"

ဟု ပွင့်ပွင့်လင်းလင်းပင်မေးလိုက်လေသည်။

ကုမင်က....

"လိုရင်းကိုပြောရရင် အစ်ကိုကြီးဆီမှာအကူအညီတောင်းဖို့လာခဲ့ကြတာပါ"

စုသန်းကလည်းဝင်ပြော၏။

"ဟုတ်တယ်အစ်ကိုကြီး... ရွာမှာမိုးခေါင်ရေရှားပြီး လယ်တွေပျက်တယ်၊ တစ်ခါမိုးရွာရင်လည်း မစဲတော့ဘူး၊ မြစ်ချောင်းတွေ ရေလျှံပြီး တစ်ရွာလုံးရေမြုပ်မတတ်ဘဲ"

ရှောက်ကျိကလည်း အားကျမခံ....

"ရောဂါတွေလဲဖြစ် လူဆိုးဓားပြတွေကလည်းသောင်းကျန်းလိုက်တာလွန်ပါရောပဲ"

ဟု တစ်ယောက်တစ်ပေါက်ပြောဆိုလိုက်ကြလေသည်။

သူတို့စကားကိုကြားရသည့်အခါ လိဝမ်ရီရင်မောသွား၏။

ထိုစဉ် ကုမင်ထံမှစကားသံထွက်လာ၏။

"ရွာအတွက် ဆေးဝါးနဲ့ရိက္ခာအရေးတကြီးလိုအပ်နေတယ်၊ အစ်ကိုကြီးကချမ်းသာကြွယ်ဝနေပြီဆိုတော့ အစ်ကိုကြီးများ ဝယ်ပေးနိုင်မလားလို့ လာပြီးအကူအညီတောင်းကြတာပါ"

ရှောက်ကျိုကခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဟုတ်ပါတယ်အစ်ကိုကြီး"

စုသန်းကဖြည့်စွက်ပြောသည်။

"ကျွန်တော်တို့ထွက်လာကြတော့ တစ်ရွာလုံးကအစ်ကိုကြီးရဲ့အကူအညီကိုမျှော်လင့်နေကြပါတယ်၊ အစ်ကိုကြီးကျန်းမာချမ်းသာပါစေလို့လည်း ဆုတောင်းပေးလိုက်ကြပါတယ်"

လီဝမ်ရိငိုင်သွားလေတော့သည်။

သူ၏ရင်ထဲ၌ ဖော်မပြနိုင်သည့်ခံစားချက်များဖြစ်ပေါ်လာသည်။ သူသည် ရွာသို့အလည်အပတ်ပြန်စဉ်က သူ့တွင် ငွေစအတော်များများပါရှိခဲ့၏။

ထို့ကြောင့် ရွာအပြန်မျက်နှာပန်းလှပြီးတစ်ရွာလုံး၏အထင်ကြီးမှုကိုခံခဲ့ရသည်။ သူ့အား အလွန်ကြွယ်ဝချမ်းသာသောသူဌေးကြီးဟုထင်မှတ်ကာအားကျခဲ့ကြသည်။



သူကိုယ်တိုင်ကလည်း...

ရွာသူရွာသားများ အထင်ကြီးအောင် ဟိတ်ဟန်ထုတ်ခဲ့၏။

ထိုအကျိုးဆက်ကြောင့်ပင်....

ရွာတွင် သဘာဝဘေးအန္တရာယ်ကြောင့် အခက်အခဲကြုံရသည့်အခါ တစ်ရွာလုံးမှလူများ သူ့ကိုသတိရလာကြသည်။

သူလိုလူတစ်ယောက်အနေဖြင့် ရွာတွင်ကြုံတွေ့နေရသည့်အခက်အခဲကို ကောင်းစွာဖြေရှင်းပေးနိုင်လိမ့်မည်ဟု အားလုံးကယုံကြည်မျှော်လင့်ထားကြသည်။ ထို့ကြောင့် ယခုကဲ့သို့ သူ့ထံအားကိုးတကြီး လာရောက်အကူအညီတောင်းကြခြင်းဖြစ်ပေတော့သည်။

ဝဝဝဝ

လိဝမ်ရီ ငိုင်ကျသွားသည်။

သူ၏လက်တစ်ဖက်သည် အိတ်ကပ်ထဲသို့ မသိမသာစမ်းကြည့်လိုက်မိသည်။

အားရစရာမရှိ။

အိတ်ထဲတွင် ငွေစအကြွေအချို့သာရှိ၏။

ညစာစားဖို့ပင် မလုံလောက်တော့ပါ။

ကုမင်တို့အားကူညီရန်ဆိုသည်ကား...

စိတ်ကူးဖြင့်ပင် တွေး၍မရနိုင်ချေ။

လိဝမ်ရီသည် ရိုးသားလှသည့်ရွာသူရွာသားများအပေါ် ကြွားဝါမိခဲ့သည်မှာ မှားယွင်းနေပြီဖြစ်ကြောင်း ယခုမှအကြီးအကျယ်နောင်တရလာမိတော့သည်။

သူ၏အခြေအနေသည် တစ်နေ့ရှာတစ်နေ့ငွေသာဖြစ်၏။

တစ်ခါတစ်ရံ လက်ထဲ၌ငွေအများအပြားရှိနေတတ်၏။



တစ်ခါတစ်ရံ ခြူးတစ်ပြားမျှပင်မရှိဘဲ သုံးလေးရက်ခန့် အငတ်ငတ်အပြတ်ပြတ်ဖြစ်နေတတ်သည်။

တကယ်တော့ သူသည် မြစ်ချောင်းများတွင် စုန်ဆန်မျောနေသည့်ဗေဒါကဲ့သို့ အခြေမဲ့သူဖြစ်၏။

ဟန်စင်းကျေးရွာ၌ကြုံတွေ့နေရသည့်အခက်အခဲကို သူမည်သို့ဖြေရှင်းပေးနိုင်ပါအံ့နည်း။

သူ့အနေဖြင့် ငြင်းလိုက်လျှင် အားကိုးတကြီးလာခဲ့ကြသည့်ကုမင်တို့စိတ်မကောင်းဖြစ်သွားကြပေတော့မည်။

ထိုမျှမကသေး သူ၏အကူအညီကိုမျှော်လင့်တကြီးစောင့်စားနေသည့်ဟန်စင်းရွာသူရွာသားများအတွက် မည်သို့ရှိမည်နည်း။

လိဝမ်ရီ ဘေးကျပ်နံကျပ်ဖြစ်သွားသည်။

ဝန်ထုပ်ဝန်ပိုးတစ်ခုသည် သူ၏ဦးခေါင်းပေါ်သို့ပိကျလာသည်ဟုခံစားလိုက်ရ၏။

သူကငြိမ်နေသဖြင့် ကုမင်က...

"အစ်ကိုကြီးကူညီမယ်မဟုတ်လားဟင်"

ဟု အားမလိုအားမရလေသံပျော့လေးဖြင့်မေးလာ၏။

လိဝမ်ရီ ငြိမ်နေ၍မရတော့ပါ။

လက်မှိုင်ချနေ၍လည်းမရတော့ပါ။

တစ်ခုခုတော့လုပ်ရတော့မည်။

ချက်ချင်းပင် မျက်နှာထားကိုပြင်လိုက်၏။ ထို့နောက်...

ဆိုင်းမဆင့်ဗုံမဆင့် အားရပါးရရယ်ချလိုက်လေသည်။

"ဟား... ဟား... ဟား"

လိဝမ်ရိသည် ငိုင်နေရာမှ ရုတ်တရက် ကျယ်လောင်စွာ ရယ်ချလိုက်သဖြင့် ကုမင်တို့ ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

နားမလည်နိုင်ဟန်ဖြင့် လိဝမ်ရိကိုကြည့်မိကြသည်။

လိဝမ်ရိက ရယ်ရာမှရပ်ပြီး....

"ငါ့ညီတို့ရယ် ဒါများပြောနေစရာလိုသေးသလားကွာ"

သူက အလွန်ရင်းနှီးသည့်အသွင်ဖြင့် ကုမင်၏ပခုံးကိုပုတ်လိုက်ပြီး....

"ကိုယ်နဲ့မသိတဲ့လူကိုတောင် ဒုက္ခရောက်နေတာတွေ့ရင် ကူညီရသေးတာပဲမဟုတ်လား၊ ကိုယ့်ဇာတိရပ်ရွာမှာ အခက်အခဲကြုံတွေ့နေရတာကို ကျုပ်ကမကူညီဘဲ လက်ပိုက်ကြည့်နေလို့ဖြစ်မတဲ့လား၊ အားကျိုးမာန်တက်ကူညီရမှာပေါ့"

ဟုပြောလိုက်သည်။



သူ၏စကားကြောင့် ကုမင်တို့အားတက်လာကြသည်။

အကူအညီမရမည်ကိုစိုးရွံ့နေကြရာမှ လိဝမ်ရိ၏စကားကို ကြားလိုက်ရသည့်အခါ ဝမ်းသာအားတက်ဖြစ်ပြီး ရွှင်ရွှင်လန်းလန်း ဖြစ်လာကြကုန်လေသည်။

ကုမင်က....

"ဟုတ်ပါတယ်အစ်ကိုကြီးရယ်... ရွာမှာ အတော့်ကိုဒုက္ခ ရောက်နေကြတာဆိုတော့...."

သူ၏စကားမဆုံးမီ လိဝမ်ရိကလက်ကာပြပြီး....

"မပူပါနဲ့ငါ့ညီ... မပူနဲ့ တစ်ရွာလုံး စိတ်ချမ်းသာသွားအောင် ကျုပ်ကူညီမယ်၊ ရိက္ခာဆေးဝါး အသုံးအဆောင် အဝတ်အထည်က အစ ဘာမှလိုလေသေးမရှိရအောင်ထောက်ပံ့ပေးမယ်၊ ကဲ... ဒါဆို ကျေနပ်ကြပြီမဟုတ်လား"

ကုမင်တို့ ဝမ်းသာအားရခေါင်းညိတ်လိုက်ကြလေ၏။

"ဟုတ်ကဲ့... အစ်ကိုကြီး"

"ကျေနပ်ပါတယ်ဗျာ... အစ်ကိုကြီးရဲ့ ကျေးဇူးကြီးမားလှပါ တယ်"

"ရွာကလူတွေတော့ အတော့်ကိုဝမ်းသာသွားကြမှာပဲ"

ကုမင်တို့သုံးယောက် ဝမ်းသာအားရဖြင့် တုန်ယင်လှိုက်လှဲစွာပြောလိုက်ကြလေသည်။ လိဝမ်ရိက ရယ်မောလိုက်ပြန်၏။

"ဟား... ဟား... ဟား... ဒီလောက်လေး ကူညီရတာများ ဘာမှမပြောပလောက်ပါဘူး၊ အစ်ကိုကြီးအတွက်တော့ အသေးအဖွဲ့ပါ၊ ကဲ.. ငါ့ညီတို့ ဒီမှာခဏထိုင်နေကြဦး... အစ်ကိုကြီး ချက်ချင်းပြန်လာခဲ့မယ်"

လိဝမ်ရိသည် ပြောပြောဆိုဆိုထိုင်ရာမှထလိုက်၏။

ကုမင်က....

"အစ်ကိုကြီးဘယ်သွားမလို့လဲ"

ဟုပျာပျာသလဲမေးလိုက်၏။ လိဝမ်ရိက....

"ခဏလေး ဘာမှမကြာဘူး... ခုချက်ချင်းပြန်လာခဲ့မယ်"

ပြောပြောဆိုဆိုပင် လိဝမ်ရိသည် ဇရပ်ပေါ်မှဆင်းသွားလေတော့သည်။

oooo

လိဝမ်ရိထွက်သွားပြီ ဖြစ်၏။

ကုမင်၊ ရှောက်ကျိုနှင့်စုသန်းတို့ သုံးဦးသည် ဇရပ်ပေါ်တွင်မယောင်မလည်ဖြင့်ကျန်ရစ်ခဲ့ကြ၏။ လိဝမ်ရိ မြင်ကွင်းမှပျောက်ကွယ်သွားသည့်အခါ ကုမင်က....

"သူ ဘယ်ကိုသွားတာလဲမသိဘူး"

ဟုညည်းတွားလိုက်၏။

ရှောက်ကျိုက....

"တို့ကိုကူညီမယ်လို့ပြောပြီးပြီပဲ... ငွေသွားယူတာဖြစ်မှာပေါ့ကွာ"

စုသန်းကမူ သိပ်အားရှိပုံမရချေ။

"ဟုတ်မှလဲပြောပါကွာ... အစ်ကိုကြီးကိုကြည့်ရတာ အရင်ကလိုတောက်ပြောင်မှုမရှိတော့ဘူး၊ စားတော့လည်း လမ်းဘေးကထမင်းဆိုင်... အိပ်တော့လည်းဇရပ်မှာ"

ကုမင်နှင့်ရှောက်ကျိဟိုင်ငိုင်သွားကြ၏။

စုသန်း၏စကားက လက်တွေ့အခြေအနေများအရ မှန်ကန်သည်ဟုဆိုရတော့မလိုဖြစ်နေပေသည်။

အတွေးကိုယ်စီဖြင့် အတန်ကြာအောင်ပင် တိတ်ဆိတ်ငြိမ်သက်သွားကြ၏။

ပြီးမှ ကုမင်က....

"အစ်ကိုကြီး ဘယ်လိုဖြစ်သွားတာလဲမသိဘူး၊ ရှောကိုရောက်လာတုန်းကပုံစံမျိုးမဟုတ်တော့တာသေချာတယ်၊ သူသာ မကူညီနိုင်ရင်တော့ ဒုက္ခပါပဲကွာ"

ဟုညည်းတွားလိုက်သည်။

စုသန်းက...

"သူကကူညီမယ်လို့ပြောသွားတာပဲ"

အားပေးသည့်အနေဖြင့်သာပြောလိုက်ရခြင်းဖြစ်သည်။

စုသန်းအနေဖြင့် မျှော်လင့်ထားခြင်းတော့မရှိတော့ပါ။

ရှောက်ကျိကလည်း....

"ဟုတ်သားပဲ စောင့်ကြည့်ကြသေးတာပေါ့၊ အစ်ကိုကြီးက ပြောရင် ပြောတဲ့အတိုင်းလုပ်တတ်တဲ့လူဆိုတာ ငါယုံပါတယ်ကွာ"



ထိုသို့အပြန်အလှန်အားပေးစကားပြောရင်း စုသန်းတို့သုံးယောက် အားတင်းလိုက်ကြသည်။ မိမိတို့ကိုယ်တိုင်က အတွေးခေါင်ကာ ကြံဖန်စိုးရိမ်ပူပန်နေကြခြင်းသာဖြစ်မည်ဟုဖြေသိမ့်ရကျက် သူတို့သည် လိဝမ်ရှိ ပြန်လည်ရောက်ရှိလာမည့်အချိန်ကို စောင့်မျှော်နေလိုက်ကြလေတော့၏။

၀၀၀၀

ဇရပ်ပေါ်မှဆင်းလာသောလိဝမ်ရှိသည် လမ်းကြားလေး အပြင်ဘက်သို့ရောက်ရှိလာခဲ့ပြီဖြစ်သည်။ သူသည် နောက်ပြန်လှည့် မကြည့်မိရန် မနည်းပင်ချုပ်တည်းထားခဲ့ရလေသည်။

လမ်းကြားအပြင်ဘက်သို့ရောက်သည့်အခါမှ သူ့စိတ်ထဲ လွတ်လပ်ပေါ့ပါးသွားတော့သည်။

ပခုံးပေါ်မှ အလွန်တရာလေးလံကြီးမားလှသော ဝန်ထုပ် ဝန်ပိုးကြီးတစ်ခုလွတ်ကျသွားသည့်အလား ခံစားလိုက်ရလေသည်။

သူသည် ကုမင်တို့သုံးယောက်အား ဇရပ်တွင်ထားရစ်ခဲ့နိုင် ပြီမဟုတ်လား။

အမှန်တော့ သူသည် ကုမင်တို့အားဟိုလိုလိုသည်လိုလိုဖြင့် တစ်ပတ်ရိုက်၍ထွက်လာခဲ့ခြင်းသာဖြစ်သည်။

သူ့အနေဖြင့် ကုမင်တို့၏အခက်အခဲကို မည်သို့မျှကူညီနိုင် မည်မဟုတ်သောကြောင့်ဖြစ်သည်။



ကိုယ့်ကိုယ်ကိုပင် အနိုင်နိုင်ဖြစ်နေသူက သူတစ်ပါး၏အ ခက်အခဲကိုမည်သို့ကူညီဖြေရှင်းပေးနိုင်ပါမည်နည်း။

သူကိုယ်တိုင်ပင် ထမင်းနပ်မမှန်သည့်ရက်များက မနည်း တော့ပါ။ ကုမင်တို့အားကူညီရန်ဆိုသည်မှာ အိပ်မက်မျှပင်မက်၍မရ နိုင်သောကိစ္စဖြစ်သည်။ ထို့ကြောင့်… သူသည် မလွဲမရှောင်သာဘဲ ကိုယ်လွတ်ရုန်း၍ရှောင်ထွက်လာခဲ့ရခြင်းဖြစ်ပေတော့သည်။

၀၀၀၀

## လိပ်ပြာမလုံသူ

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားပြီဖြစ်သည်။

နေလုံးကြီးသည်ပင် အနောက်ဘက်မိုးကုပ်စက်ဝိုင်းသို့နိမ့်ဆင်းနေပြီဖြစ်သည်။

တစ်နေ့တာကုန်ဆုံး၍....

တစ်ညတာကာလကိုဖြတ်သန်းရန် အားယူစပြုနေလေပြီ။

ကုမင်တို့သုံးယောက်ကား ဇရပ်ပေါ်၌ရှိနေကြဆဲပင်။

သူတို့သည် လည်တဆန့်ဆန့်ဖြင့် လိဝမ်ရီပြန်ရောက်လာမည့်အချိန်ကိုစောင့်မျှော်နေကြသည်။ ပြန်လာနိုးပြန်လာနိုးနှင့် စောင့်ရင်း နေဝင်ချိန်သာရောက်ရှိလာခဲ့သည်။

လိဝမ်ရီ၏အရိပ်အယောင်ကိုမျှပင် မတွေ့ရသေးချေ။

ကုမင်သည် လမ်းကြားလေးဆီလှမ်းမျှော်ကြည့်ရင်း....



"အစ်ကိုကြီးက ခုထိတောင်ပြန်ရောက်မလာသေးပါလား"

ဟုညည်းတွားလိုက်လေသည်။

ထို့အတူ ရှောက်ကျိုကလည်း....

"သူ ပြန်ကောပြန်လာပါ့မလား"

ဟုစိတ်ပျက်လက်ပျက်လေသံဖြင့်မေးလိုက်သည်။

"ဟော...."

ကုမင် ဘာပြန်ပြောရမှန်းမသိဖြစ်သွားသည်။

ရှောက်ကျိုက....

"ခဏဆိုပြီးသွားလိုက်တာ ခုထိပြန်ရောက်မလာသေးဘူး... ညနေတောင်စောင်းနေပြီ၊ သူ တို့ကိုထားပြီးထွက်သွားတာကော မဖြစ်နိုင်ဘူးလား"

စုသန်းစိတ်ရှုပ်သွားသည်။

သို့သော် အတတ်နိုင်ဆုံးကြိုးစားဖြေသိမ့်ရင်း....

"ရွာမှာဒုက္ခရောက်နေကြတာသူသိနေပြီပဲကွာ၊ မျက်နှာလွှဲခဲပစ်လုပ်မယ်မထင်ပါဘူး... အကြောင်းတစ်ခုခုကြောင့် ကြန့်ကြာနေတာပဲဖြစ်မှာပါ"

ရှောက်ကျိုကလေပူတစ်ချက်မှုတ်ထုတ်ကာ....

"သူပြန်ရောက်မလာသေးတာ အကြောင်းမဟုတ်ဘူးကွ၊ လောလောဆယ် ဗိုက်ဆာနေတာကခက်တယ်"

ထိုအခါမှ စုသန်းနှင့်ကုမင်တို့လည်း မိမိတို့ပါ ဆာလောင်နေပြီဖြစ်ကြောင်းသတိပြုမိလိုက်ကြတော့၏။

ကုမင်ကခေါင်းညိတ်လိုက်ပြီး....

"ဟုတ်တယ်... တစ်ခုခုတော့စားမှဖြစ်မယ်"

"ဘာစားကြမလဲ"

ရောက်ကျိကမေးလိုက်သည်။

ကုမင်က....

"တစ်ခုခုပေါ့"

"လာ သွားရအောင်"

ပြောပြောဆိုဆိုပင် ရောက်ကျိနှင့်စုသန်းသည် ဇရပ်ပေါ်မှ ဆင်းသွားရန်ဟန်ပြင်လိုက်ကြ၏။

ထိုစဉ်....

"နေဦး..."

ကုမင်ကဟန့်တားလိုက်သဖြင့် စုသန်းနှင့်ရောက်ကျိတို့ခြေလှမ်းတန့်သွားသည်။



ကုမင်အားလှည့်ကြည့်လိုက်ကြပြီး....

"ဘာဖြစ်လို့လဲ"

ဟုမေးလိုက်၏။

ကုမင်က....

"ငါတို့သွားနေတုန်း အစ်ကိုကြီးပြန်ရောက်လာရင် ဘယ်လိုလုပ်မလဲ"

စုသန်းခေါင်းကုတ်လိုက်၏။

"ဒါလည်း ဟုတ်တာပဲ"

ကုမင်က....

"တို့သုံးယောက်လုံး သွားလို့တော့မဖြစ်ဘူး... တစ်ယောက်က ဒီမှာစောင့်နေမှဖြစ်မယ်'

ဟုပြောလိုက်၏။

သူ့စကားကို ရောက်ကျိကခေါင်းညိတ်ထောက်ခံသည်။

"ဒါတော့ ဟုတ်တယ်"

စုသန်းက....

"ဒါဖြင့် ဒီလိုလုပ်... မင်းတို့နှစ်ယောက် ဒီမှာစောင့်နေကြ၊ ငါက စားဖို့တစ်ခုခုသွားဝယ်ပြီးပြန်လာခဲ့မယ်"

စုသန်း၏စကားကို ကုမင်နှင့်ရှောက်ကျိတို့က သဘောတူလိုက်ကြသည်။

"ကောင်းပြီ... မင်း မြန်မြန်ပြန်လာနော်"

"စိတ်ချ"

ရှောက်ကျိက လှမ်း၍သတိပေးလိုက်သည်။

"မျက်စိလည်လမ်းမှားနေဦးမယ်... သတိထားပြီးသွား"

"ငါက ကလေးမဟုတ်ပါဘူးကွာ"

စုသန်းကပြန်ပြောရင်း ဇရပ်ပေါ်မှဆင်းကာ ခပ်သွက်သွက်ထွက်သွား၏။ ရှောက်ကျိနှင့်ကုမင်တို့က ထွက်ခွာသွားသောစုသန်းအားငေးကြည့်ရင်း ဇရပ်မှာပင် ကျန်နေရစ်ခဲ့ကြလေသည်။

oooo



အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

လိဝမ်ရိကား ပြန်လည်ရောက်ရှိလာခြင်းမရှိသေးပါ။

ကုမင်နှင့်ရှောက်ကျိတို့သည် လိဝမ်ရိပြန်အလာကို စောင့်ဆိုင်းနေလိုက်ကြ၏။ သူတို့အတွက် တစ်ခုတည်းသော အားကိုးရာမှာ အစ်ကိုကြီးလိဝမ်ရိသာဖြစ်သည်။

ထို့ကြောင့်....

လိဝမ်ရိပြန်လည်ရောက်ရှိလာမည်ကိုသာ စိတ်လှုပ်ရှားစွာဖြင့် မျှော်လင့်စောင့်စားနေမိကြခြင်းဖြစ်လေသည်။

အချိန်များသာ တရွေ့ရွေ့ကုန်ဆုံးသွားသည်။

သူတို့မျှော်နေသောလိဝမ်ရိကား ရောက်မလာပါ။

စားသောက်စရာသွားရောက်ဝယ်ယူသည့်စုသန်းသာ ပြန်လည်ရောက်ရှိလာ၏။

စုသန်းသည် အသားလွတ်ပေါက်စီများဝယ်လာသည်။

ပြန်ရောက်လာသည်နှင့်....

"အစ်ကိုကြီး မရောက်သေးဘူးလား"

ဟု အမောတကောမေးလေသည်။

ကုမင်ကခေါင်းခါယမ်းလိုက်၏။

"မရောက်သေးဘူးကွ"

"ဒုက္ခပါပဲကွာ"

စုသန်းက မျက်နှာကြီးရှုံ့မဲ့ကာ ညည်းတွားလိုက်လေသည်။

ကုမင်က....

"ကဲ.. နောက်မှညည်းတော့၊ ငါတို့ဗိုက်ဆာနေပြီ"

ဟုပြောလိုက်၏။

ရောက်ကျိကလည်း....

"ဟုတ်တယ်ကွ... ဗိုက်ဆာတာကပိုပြီးအရေးကြီးတယ်"

စုသန်းက....

"အေး... စားကြတာပေါ့"

ဟုပြောရင်း ဝယ်ယူလာသည့်ပေါက်စီများကို အထုပ်ထဲမှ ထုတ်လိုက်၏။ ထို့နောက် သူတို့သည် ဘာမျှစဉ်းစားမနေတော့ဘဲ စားသောက်လိုက်ကြလေသည်။



စားသောက်ပြီးစီးသွားသည့်အခါ မိုးချုပ်သွားပြီဖြစ်၏။

မီးရောင်မရှိသဖြင့် မှောင်မည်းနေသည့်ဇရပ်ပေါ်တွင် သုံးဦးသားငုတ်တုတ်ထိုင်နေကြ၏။

ထိုအချိန်တိုင်အောင်ပင်....

သိဝမ်ရှိ၏အရိပ်အရောင်ကိုမတွေ့ရပါ။

ထိုနေ့ည ကုမင်တို့သည် ဘယ်သွားရမှန်းမသိဘဲ ဇရပ်ပေါ်၌ပင် အိပ်စက်လိုက်ရလေတော့၏။

oooo

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေသည်။

လရောင်ဖြင့် ဝန်းကျင်တစ်ခုလုံးသာယာလှပနေ၏။

အေးမြသောညလေများ သုန်သုန်ညှင်းညှင်း တိုက်ခတ်နေ၏။ ညဥ့်နက်ပြီဖြစ်၍ ကျင်းထုံတစ်မြို့လုံးအိပ်မောကျကာ တိတ်ဆိတ်ငြိမ်သက်နေပြီဖြစ်သည်။

ထိုအချိန်တွင်....

တစ်ခုသောအိမ်ခေါင်မိုးပေါ်၌ လူတစ်ယောက်သည် အိပ်စက်လျက်ရှိနေပါ၏။

ထိုသူကား အခြားမဟုတ်ချေ။

လီဝမ်ရှိသာဖြစ်ပါလေ၏။

သူသည် ကုမင်တို့အား တစ်ပတ်ရိုက်၍ထွက်လာပြီးနောက် ညမိုးချုပ်သွားသောအခါ အိမ်တစ်အိမ်၏ခေါင်မိုးပေါ်သို့ခုန်တက်ကာ အိပ်စက်အနားယူလိုက်ခြင်းဖြစ်သည်။



သူ့အား အကူအညီတောင်းမည့်သူများနှင့်ဝေးသွားပြီဖြစ်၍ စိတ်အေးသွားသည်။

ရင်ထဲပေါ့ပါးသွား၏။

ဗိုက်တင်းအောင် စားသောက်ထားသဖြင့် မျက်ခွံများလေးကာ အိပ်စက်အနားယူလိုက်ခြင်းလည်းဖြစ်ပေသည်။

သူသည် ပူပင်သောကကင်းဝေးသွားသဖြင့် အိမ်ခေါင်မိုးပေါ်ပက်လက်လှန်၍ခေါင်းချလိုက်သည်နှင့် ချက်ချင်းဆိုသလိုပင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေတော့၏။

oooo

အချိန်မည်မျှကြာသွားမှန်းမသိ။

ဆူဆူညံညံအသံများကြောင့် အိပ်မောကျနေသည့်လိဝမ်ရိလန့်နိုးလာသည်။

ငေါက်ခနဲထထိုင်ပြီး ဟိုဟိုဒီဒီကြည့်လိုက်၏။

ထိုအခါမှ ဆူညံသံများသည် သူအိပ်စက်နေသည့်အိမ်ခေါင်မိုးအောက်မှထွက်ပေါ်လာနေခြင်းဖြစ်ကြောင်း သိလိုက်ရသည်။

"ဘာတွေဖြစ်နေတာပါလိမ့်"

သူသည် ခေါင်မိုးပေါ်ပြန်လှဲချလိုက်၏။

ခေါင်မိုးကိုနားကပ်ကာနားထောင်လိုက်၏။ အောက်ဘက်မှ ထွက်ပေါ်နေသည့်စကားများကို အတိုင်းသားကြားလိုက်ရလေ၏။

ပထမဆုံးကြားရသည်မှာ အမျိုးသမီးတစ်ယောက်၏ငိုကြွေးသံပင်ဖြစ်ပေသည်။

အမျိုးသမီးသည် ရှိုက်၍ရှိုက်၍ငိုနေခြင်းဖြစ်၏။



ထိုငိုရှိုက်သံကြားမှ ယောကျာ်းတစ်ယောက်၏အသံသြသြကြီးထွက်ပေါ်လာသည်။

"တိတ်စမ်း... ကျက်သရေမရှိဘူး... ငိုမနေနဲ့"

အမျိုးသမီးက....

"ကျက်သရေမရှိဘူး ဟုတ်လား... ရှင့်ဘာသာ သွားချင်ရာသွား၊ လာချင်ရာလာ နေချင်သလိုနေ... မိသားစုအတွက် ဘာတစ်ခုမှတာဝန်မယူဘဲ သောက်စားမူးယစ်ပျော်ပါးနေတာကျတော့ ကျက်သရေရှိသတဲ့လား၊ ရှင့်ကြောင့် ကျုပ်တို့သားအမိစားရမဲ့ သောက်ရမဲ့ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ၊ အကြွေးတွေပတ်လည်ဝိုင်းပြီး အိမ်ထဲကအိမ်ပြင်တောင် မထွက်ဝံ့တဲ့ဘဝရောက်နေပြီဆိုတာကော ရှင်သတိရသေးရဲ့လား"

ယောကျာ်းကြီးက....

"ဟာ... ဒီမိန်းမတော်တော်လျှာရှည်တာပဲ၊ ငါရိုက်လိုက်ရ" ဟုကြိမ်းမောင်းလိုက်၏။ အမျိုးသမီးက....

"ရိုက်ရုံတင်မကဘူး... သတ်ပစ်လိုက်ရင် ပိုကောင်းသေးတယ်၊ ကျွန်မတို့ဘဝက အသက်ရှင်နေရတာထက် သေသွားတာက ပိုတောင်ကောင်းသေးတယ်"

"တယ်… ဒီခွေးမ"

ယောက်ျားကြီးမှာ စိတ်မရှည်နိုင်သလိုဖြစ်လာပုံရသည်။

အမျိုးသမီးက….

"ဆဲပါရှင် ကြိုက်သလိုဆဲပါ၊ လူရယ်လို့ဖြစ်လာရင် တာဝန်ဆိုတာရှိရမှာပဲ… သွားချင်ရာသွား၊ လာချင်ရာလာ၊ စားချင်ရာစား နေချင်ရာနေ ဘာတစ်ခုမှတာဝန်မရှိရင် လူလို့သတ်မှတ်နိုင်ပါ့မလား။ တိရစ္ဆာန်နဲ့ဘာထူးသေးလဲရှင့်"

"ဟာ… ပြောလေကဲလေပါလား၊ ငါ့ကိုတိရစ္ဆာန်နဲ့တောင်နှိုင်းသေးတယ်၊ သေဖို့သာပြင်ထား"

ဝေါက်ငမ်းသံကြီးထွက်ပေါ်လာ၏။ ထို့နောက် တဝုန်းဝုန်းတဒိုင်းဒိုင်းမြည်သံများ ရိုက်နှက်သံ ငိုကြွေးသံများ ဆူဆူညံညံထွက်ပေါ်လာလေတော့သည်။

ထိုအသံများကြောင့် ခေါင်မိုးပေါ်တွင်စည်းစိမ်ယစ်အိပ်စက်ရန်ဟန်ပြင်နေသောလိဝမ်ရိသည် ဆက်နေရန်မဖြစ်နိုင်တော့သဖြင့် အခြားခေါင်မိုးများပေါ် တစ်ခုမှတစ်ခုကူးပြောင်း၍ရှောင်တိမ်းသွားလေသည်။

ဝဝဝဝ



## လူသားနှင့်တာဝန်

---

ဆူဆူညံညံဖြစ်နေသည့်အိမ်သည် အဝေး၌ကျန်ရစ်ခဲ့ပြီဖြစ်လေသည်။

အေးချမ်းတိတ်ဆိတ်သည့်နေရာတစ်ခုသို့ရောက်မှ လိဝမ်ရိ ရပ်တန့်လိုက်သည်။

ထို့နောက် ခေါင်မိုးပေါ်လှဲချပြီးအိပ်စက်အနားယူရန်ဟန်ပြင်လိုက်သည်။ သို့သော် တစ်နေရာမှတစ်နေရာသို့ခုန်ကျော်ပြေးလွှားလာခဲ့ရသဖြင့် အိပ်ချင်စိတ်ပြေသွားသည်။

မျက်စိကြောင်နေပြီး….

ရုတ်တရက်အိပ်မပျော်နိုင်တော့ချေ။

သူသည် ကောင်းကင်ပေါ်မှလဝန်းကြီးနှင့် တလက်လက်တောက်ပနေသည့်ကြယ်ပွင့်လေးများကိုငေးကြည့်နေမိ၏။

လပြည့်ညဖြစ်၍ လဝန်းကြီးသည် ပြည့်ရွှမ်းနေ၏။

လဝန်းကြီးကိုလက်ဖြင့်လှမ်းဆွဲလျှင်ပင် မီနိုင်လောက်သည် ထင်ရ၏။

သူသည် အိပ်စက်ရန်ကြိုးစားရင်း စောစောကရန်ဖြစ်သံများကိုနားထဲပြန်လည်ကြားယောင်လာမိလေသည်။ အထူးသဖြင့် အမျိုးသမီး၏ကက်ကက်လန်ပြန်ပြောလိုက်သည့်စကားသံများက သူ့နားထဲမှမထွက်နိုင်ဘဲရှိနေခဲ့လေသည်။

ထိုစကားသံကား....

"လူရယ်လို့ဖြစ်လာရင် တာဝန်ဆိုတာရှိရမှာပဲ"

လိဝမ်ရိသက်ပြင်းချလိုက်သည်။

သူသည် အရက်သမားတစ်ဦးမဟုတ်ပါ။

အိမ်ထောင်သည်တစ်ဦးလည်း မဟုတ်ပါ။

သို့သော်... သွားချင်ရာသွား နေချင်ရာနေ၊ စားချင်ရာစား အိပ်ချင်ရာအိပ်၊ စိတ်ကူးပေါက်ရာလျှောက်လုပ်နေခဲ့သူဖြစ်သည်။

အများအကျိုးမဆိုထားနှင့် ကိုယ့်အကျိုးဖြစ်ထွန်းအောင်ပင် ဘာမျှမလုပ်ခဲ့ပါ။

မျှော်လင့်ချက်မရှိ ရည်ရွယ်ချက်ပန်းတိုင်မရှိသူဖြစ်နေ၏။



လူ့တာဝန် လူ့ဝတ္တရားသည် သူနှင့်လားလားမျှ မသက်ဆိုင်သလိုရှိနေခဲ့သည်။ တာဝန်နှင့်ဝတ္တရားဆိုသည်မှာ ဘာမှန်းပင် သိနားလည်ခဲ့သည်မဟုတ်ချေ။

သို့ဆိုလျှင်....

မိမိကိုယ်တိုင်ကကော....

လူဖြစ်ပါလျက် တိရစ္ဆာန်တစ်ကောင်နှင့်တူနေပြီလော...

လိဝမ်ရိသည် ကိုယ့်ကိုယ်ကို ပြန်လည်ဆန်းစစ်လာမိ၏။

သူသည် လဲလျောင်းနေရာမှလူးလှိမ့်ထလိုက်ပြီး....

"မဖြစ်သေးပါဘူး"

ဟုညည်းတွားလိုက်၏။

တာဝန်.....

တာဝန်ဆိုသည့်စကားလုံးသည် သူ့ကို ကောင်းကောင်းကြီးဒုက္ခပေးနေပြီဖြစ်သည်။ သူသည် ဘဝတစ်လျှောက်လုံး တာဝန်မဲ့လူသားတစ်ဦးအဖြစ်နေထိုင်ခဲ့၏။ တိရိစ္ဆာန်တစ်ကောင်ကဲ့သို့ စားလိုက်အိပ်လိုက် သွားလိုက်ဖြင့် စိတ်ကူးပေါ်သလိုပေါက်လွှတ်ပဲစားနေထိုင်ခဲ့သည်။ လူသားတစ်ယောက်အနေဖြင့် မဖြစ်မနေတာဝန်ယူရမည့်ကိစ္စကို ယောင်၍မျှပင်စိတ်မကူးမိခဲ့။

ယခု… အမှတ်မထင်ကြားခဲ့ရသော သာမညအမျိုးသမီး တစ်ဦး၏စကားတစ်ခွန်းက သူ့ကိုအိပ်မက်မှလှုပ်နိုးလိုက်သကဲ့သို့ ရှိစေခဲ့၏။

တာဝန်….

ဒုက္ခရောက်နေသူကိုကူညီရန် လူတိုင်းတွင်တာဝန်ရှိသည်။

ပထမဦးဆုံး သူ့ဦးနှောက်ထဲဝင်ရောက်လာသည့်အတွေးများမှာ အားကိုးတကြီးလာရောက်အကူအညီတောင်းကြသည့်ကုမင်တို့ဖြစ်၏။

သူတို့က မိမိထံအားကိုးတကြီးဖြင့် လာရောက်အကူအညီတောင်းခံကြသည်။

ဇာတိရပ်ရွာမှလူများ သဘာဝဘေးအန္တရာယ်ကြောင့် ဒုက္ခရောက်နေကြသည်။ သူတို့ကိုကူညီရန် ကုမင်တို့က ဖြစ်နိုင်သမျှနည်းလမ်းများရှာဖွေ၍ကူညီရန်ကြိုးစားနေကြသည်။

သို့သော် သူကမူ အကူအညီလာတောင်းသူကိုဂရုမစိုက်ဘဲ ရှောင်ထွက်ခဲ့၏။ –

သူ၏လုပ်ရပ်မှန်ကန်ပါ၏လော။

သူ့တွင်ကော တာဝန်မရှိပေဘူးလား…



သူတစ်ဦးတည်းအတွက်ကား ဘာပဲဖြစ်စေ ကောင်းသည်ဟုသာဆိုရပေမည်။ သို့သော် သူ့အပေါ်အားကိုးတကြီးရှိနေသူများအတွက်ကား မတွေးဝံ့စရာဖြစ်ပေ၏။

"ငါ… မှားပြီ"

သူ ရေရွတ်လိုက်၏။

နောင်တတရားသည် မမျှော်လင့်ဘဲသူ့ရင်ထဲသို့ရုတ်တရက်ဝင်ရောက်လာ၏။

"မဖြစ်ဘူး… သူတို့ကိုငါကူညီရမယ်၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ကူညီရမယ်"

ယင်းသို့တွေးရင်း သူသည် ကုမင်တို့ကိုကူညီရန်ဆုံးဖြတ်လိုက်လေသည်။ သို့သော် ….

သူသည် မည်သို့ကူညီရမည်ကိုတွေးမရချေ။

ကူညီချင်စိတ်ပေါက်လာသော်လည်း သူ၏လက်ရှိအခြေအနေအရ မည်သို့ကူညီရမှန်းမသိဘဲဖြစ်နေသည်။ သူသည် တွေးရင်းတွေးရင်းနှင့် ရုတ်တရက်ဆိုသလို လူဝကြီးကိုသတိရလာ၏။

လူဝကြီးသည် ဒုက္ခရောက်နေသူအားလုံးအတွက်ကယ်တင်ရှင်ဖြစ်သည်။

သူ ရုတ်တရက်ထရပ်လိုက်၏။

ထို့နောက် စိတ်မြန်လက်မြန်ရှိသူပီပီ ခေါင်မိုးပေါ်မှခုန်ဆင်း ပြီးပြေးလွှားထွက်ခွာသွား၏။

ခေါင်မိုးပေါ်မှဆူဆူညံညံအသံများကြောင့် အိမ်ရှင်သည် ပြတင်းတံခါးဖွင့်ကာ ခေါင်မိုးပေါ်သို့ခေါင်းပြူကြည့်လိုက်၏။

ထိုအချိန်တွင်... လိဝမ်ရိမှာ ပြေးလွှားထွက်ခွာသွားပြီဖြစ်ရာ အိမ်ရှင်အနေဖြင့် ဘာမှုမမြင်တွေ့ရတော့ချေ။ မည်သည့်ထူးခြားမှုမှုမတွေ့ရသဖြင့် အိမ်ရှင်သည်လည်း ခေါင်းကုပ်၍ပြတင်းပေါက်ကို ပြန်ပိတ်လိုက်လေသည်။

oooo



ညဉ့်နက်ပြီဖြစ်သည်။

လမ်းပေါ်တွင် လူမဆိုထားနှင့်လေလွင့်ခွေးများပင် မတွေ့ရတော့ပါ။ တစ်မြို့လုံး တိတ်ဆိတ်ငြိမ်သက်၍အိပ်မောကျနေ၏။

ထိုအချိန်တွင်....

အိပ်စက်ခြင်းမပြုဘဲ ပြေးလွှားလှုပ်ရှား နေသူတစ်ဦးရှိပေသည်။ ထိုသူကား အခြားသူမဟုတ်ချေ။

လိဝမ်ရိပင်ဖြစ်သည်။

သူသည် မြို့တောင်ဘက်ဆီသို့ လျင်မြန်စွာ ပြေးလွှားသွားနေခြင်းဖြစ်၏။ မြို့တောင်ဘက်သို့ရောက်သည့်အခါ လမ်းကြားလေး တစ်ခုအတွင်းသို့ချိုးကွေ့ဝင်လိုက်၏။

လမ်းကြားလေးအတိုင်း ဆက်၍ပြေးသွားရာ မကြာပါချေ မှောင်မည်းနေသည့်အိမ်အိုကြီးတစ်လုံးရှေ့ရောက်သွား၏။

သူက အိမ်တံခါးကိုတဒုန်းဒုန်းမြည်အောင်ထုရင်း....

"လူဝကြီး... ဗျို့ လူဝကြီး ထစမ်းပါဦးဗျ"

ဟုအော်ခေါ်လိုက်၏။

တိတ်ဆိတ်သည့်ညဥ့်ယံတွင် သူ၏အသံသည် ကျယ်လောင်စွာထွက်ပေါ်လာ၏။

မရှေးမနှောင်းမှာပင်...

အိမ်အိုဟောင်းကြီးအတွင်းမှအသံထွက်ပေါ်လာ၏။

"ဘယ်သူလဲ"

ဟူသည့်မေးမြန်းသံထွက်ပေါ်လာခြင်းဖြစ်သည်။

"ကျုပ်လိဝမ်ရိပါ... တံခါးဖွင့်စမ်းပါဦးဗျ"

လိဝမ်ရိကပြန်ပြောလိုက်ခြင်းဖြစ်သည်။

ထိုအခါ အိမ်အတွင်းဘက်မှ....

"လိဝမ်ရိ... မင်း ဘာလာရှုပ်တာလဲ"

မကျေမနပ်မည်တွန်တောက်တီးသံနှင့်အတူ အိမ်တံခါးပွင့်သွားလေသည်။ တစ်ဆက်တည်းမှာပင် မီးအိမ်တစ်လုံးဆွဲကိုင်ထားသည့်လူဝကြီးတစ်ဦးထွက်လာသည်။ လိဝမ်ရိက....

"ကျုပ်မှာအရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ကြုံနေရလို့ ခင်ဗျားဆီကိုလာတာဗျ"



ဟုပြောရင်း အိမ်ထဲဝင်လိုက်၏။

လူဝကြီးက ကိုယ်ကိုယိမ်း၍လမ်းဖယ်ပေးရင်း....

"မင်းမှာအရေးမကြီးဘူးဆိုတာဘယ်တုန်းကရှိခဲ့ဖူးလဲ"

ဟုပြောလိုက်သည်။

ထို့နောက် တံခါးပြန်ပိတ်ပြီး လိဝမ်ရိနောက်မှလိုက်၍ဧည့်ခန်းထဲဝင်သည်။

လက်ထဲကိုင်ဆွဲထားသည့်မီးအိမ်ကို အခန်းအလယ်ရှိ စားပွဲပေါ်တင်လိုက်၏။ မီးရောင်ကြောင့် တစ်အိမ်လုံး လင်းလင်းချင်းချင်းဖြစ်နေသည်။

စားပွဲပေါ်တွင် အရက်တစ်အိုးရှိ၏။

လူဝကြီးက အရက်အိုးကို ကပျာကယာယူ၍ အခြားတစ်ဘက်၌ထားလိုက်သည်။

လိဝမ်ရိယူသောက်မည်ကိုစိုးရိမ်သည့်သဘောဖြစ်၏။

လိဝမ်ရိကပြုံးလိုက်ပြီး....

"ဒီလောက်တောင်လဲတွန့်တိုမနေစမ်းပါနဲ့ဗျာ၊ ကျုပ်အရက်သောက်ဖို့လာတာမဟုတ်ပါဘူး၊ အရေးကြီးလို့လာခဲ့တာပါ"

လူဝကြီးကမျက်မှောင်ကုပ်ကာ....

"ဘာတွေများအရေးကြီးနေလို့လဲ ပြောစမ်းပါဦး"

စိတ်ဝင်စားမှုမရှိသည့်လေသံဖြင့် မေးလိုက်ခြင်းဖြစ်သည်။ ဝတ်ကြေတန်းကြေမေးသည့်သဘောမျိုးဟုလည်းဆိုနိုင်ပေသည်။

သို့သော် လိဝမ်ရိက လူဝကြီးစိတ်ဝင်စားသည်ဖြစ်စေ....

စိတ်မဝင်စားသည်ဖြစ်စေ....

အရေးမစိုက်ပါ။

လာရင်းကိစ္စကိုသာအရေးထားသည်။

ထို့ကြောင့် နိဒါန်းပျိုးမနေတော့ဘဲ....

"ဟောဒီလက်စွပ်ကိုအပေါင်ထားမလို့"

ဟု လိုရင်းကိုသာတုံးတိပြောလိုက်လေသည်။

တစ်ဆက်တည်းမှာပင် လည်ပင်း၌ဆွဲထားသောပိုးကြိုးနက်ကိုဖြုတ်ယူလိုက်၏။ ပိုးကြိုးလည်ဆွဲတွင်အဝတ်အိတ်ရှုံ့ငယ်လေးတစ်ခုရှိနေ၏။

လိဝမ်ရိသည် ထိုအိတ်ရှုံ့ကလေးထဲမှလက်စွပ်တစ်ကွင်းကို ထုတ်ယူလိုက်သည်။

လူဝကြီးသည် စိတ်အနှောင့်အယှက်ဖြစ်သွားဟန်ဖြင့် မျက်နှာကြီးရှုံ့မဲ့ကာ....



"ညကြီးအချိန်မတော် မင်းငါ့ကိုသက်သက်မဲ့လာပြီးနှောင့်ယှက်တာပဲ"

ဟု ပြစ်တင်ပြောဆိုလိုက်လေသည်။

လိဝမ်ရိက....

"ခင်ဗျားအပေါင်ခံမလား... မခံဘူးလားဆိုတာပဲ ပြောဗျာ၊ ကျုပ်မှာအချိန်မရှိဘူး"

ဟုခပ်တည်တည်ပြောလိုက်သည်။

လူဝကြီးသည် အကြောင်းအမျိုးမျိုးပြ၍ညည်းညူကာ ဈေးနှိမ်တတ်ကြောင်း လိဝမ်ရိကောင်းစွာသိထားသည်မဟုတ်ပါလား။

အမှန်တော့ လူဝကြီးသည် သူ့အတွက် အမြတ်ကျန်မည်ဆိုလျှင်အပ်တိုကစပြီးအပေါင်ခံမည့်လူစားဖြစ်ကြောင်း လိဝမ်ရိ ကောင်းစွာနားလည်သိရှိထားပြီးဖြစ်သည်။

ထို့ကြောင့် လက်မခံလည်း အရေးမဟုတ်ဟူသည့် သဘောမျိုးပြောလိုက်ခြင်းဖြစ်သည်။

ထိုအခါ လူဝကြီးသည် ဟန်သိပ်မလုပ်နိုင်တော့ဘဲ....

"မင်းရဲ့ပစ္စည်းကိုပြစမ်းပါဦး"

ဟုအလုပ်စကားပြောလာလေတော့၏။

လီဝမ်ရီက....

"ဒါဟာအဖိုးမဖြတ်နိုင်တဲ့ပစ္စည်းဗျ"

ဟုပြောကာ လက်စွပ်လေးကိုပေးလိုက်လေသည်။

လူဝကြီးကလက်စွပ်ကိုယူကာ မီးရောင်တွင်သေသေချာချာ စစ်ဆေးကြည့်ရှုလိုက်လေသည်။

ထိုလက်စွပ်သည် အကောင်စားမြကျောက်နှင့်ပြုလုပ်ထားခြင်းဖြစ်ကြောင်းသိရှိလိုက်သည်။ ပို၍ထူးခြားသည်မှာ လက်စွပ်သည် သာမန်လက်စွပ်မျိုးမဟုတ်ဘဲ မြွေပါတစ်ကောင်အသွင် ထူးထူးခြားခြားထုလုပ်ထားခြင်းဖြစ်သည်။

မြွေဆိုးတစ်ကောင်အား ခုန်အုပ်ကိုက်ခဲသတ်ပုတ်တော့မည့် မြွေပါတစ်ကောင်၏အသွင်မျိုးလည်းဖြစ်သည်။

ထုလုပ်ထားပုံမှာ လက်ရာမြောက်လှသဖြင့် အသက်ဝင်နေသည်ဟုပင်ထင်မှတ်ရလေသည်။

လူဝကြီး မျက်နှာရှုံ့သွား၏။

"ဖြစ်မှဖြစ်ရလေ ထုစရာပုံရှားလို့ မြွေပါတစ်ကောင်ပုံများ ထုထားရတယ်လို့ အကျည်းတန်အရုပ်ဆိုးလိုက်တာကွာ... တစ်စက်လေးမှကျက်သရေမရှိဘူး"



လူဝကြီးသည် သူ၏ဝသီအတိုင်း ရှုံ့ကာမဲ့ကာပြောရင်း လက်စွပ်ကို လီဝမ်ရီထံပြန်ပေးလေသည်။

လီဝမ်ရီကလက်စွပ်ကိုယူရင်း.....

"ခင်ဗျားအပေါင်မခံဘူးပေါ့"

လူဝကြီးကပခုံးတွန့်လိုက်သည်။

လီဝမ်ရီကလက်စွပ်ကိုပြန်သိမ်းကာ....

"ဒါဆိုလဲ ကျုပ် အချိန်မတော်လာနှိုးမိတာကို ဘယ်လိုမှ သဘောမထားပါနဲ့ဗျာ"

ပြောပြောဆိုဆိုထွက်သွားရန် ဟန်ပြင်လိုက်လေသည်။

လူဝကြီးက....

"ဘာလဲ... မင်းက မြို့ထဲကရတနာဆိုင်တွေကိုလိုက်နှိုးပြီး လက်စွပ်ကိုရောင်းမလို့လား"

ဟုလှမ်းပြောလေသည်။

လီဝမ်ရီက မကြားချင်ဟန်ဆောင်နေလိုက်လေသည်။

လူဝကြီးက....

"လက်စွပ်ထုထားတဲ့မြကျောက်ကတော့မဆိုးပါဘူး... ဒါပေမဲ့ မြွေပါတစ်ကောင်ပုံဖြစ်နေတာကခက်တယ်"

လိဝမ်ရိခြေလှမ်းရပ်လိုက်သည်။

လူဝကြီးဘက်လှည့်ကြည့်လိုက်ပြီး....

"ခင်ဗျား မယူဘူးမဟုတ်လား"

ဟုမေးလိုက်သည်။

လူဝကြီးပြုံးလိုက်သည်။

"ညကြီးအချိန်မတော် ရောက်လာကတည်းက မင်းမှာ သိပ်ကိုအရေးကြီးတဲ့ကိစ္စရှိနေပြီဆိုတာငါသိပါတယ်၊ မင်းနဲ့ ငါဟာ ခင်မင်ရင်းနှီးနေကြသူတွေဆိုတော့ တတ်နိုင်သမျှကူညီရမှာပေါ့လေ"

လိဝမ်ရိက....

"အပိုတွေပြောမနေစမ်းပါနဲ့ဗျာ... ခင်ဗျားယူမယ်ဆိုရင်လည်းယူ... မယူချင်ရင်လဲနေ၊ အချိန်ဖြုန်းမနေနဲ့"

လူဝကြီးကခေါင်းတဆတ်ဆတ်ညိတ်လိုက်လေသည်။

"ကောင်းပြီလေ... ငါယူလိုက်ပါ့မယ်၊ မင်း ငွေတစ်ထောင်ယူသွားပေါ့ဟုတ်လား"

"ဘာဗျ... ငွေတစ်ထောင်ဟုတ်လား"

"ဟုတ်တယ်လေ"

လိဝမ်ရိခေါင်းခါယမ်းလိုက်သည်။



"မဖြစ်ဘူး... ကျုပ်က အနည်းဆုံးနှစ်သောင်းလောက် လိုချင်နေတာ"

လိဝမ်ရိ၏စကားကြောင့် လူဝကြီးမျက်လုံးပြူးသွားသည်။

"ဟော...."

လူဝကြီးသည် ရင်ဝကိုလက်ဝါးဖြင့်ဖိထားလိုက်ရင်း...

"ဖြစ်မှဖြစ်ရလေကွာ... ဘာမဟုတ်တဲ့လက်စွပ်လေးတစ်ကွင်းကို ငွေနှစ်သောင်းတောင်လိုချင်တယ်ဟုတ်လား"

လိဝမ်ရိခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်... ခင်ဗျားပေးနိုင်မလား မပေးနိုင်ဘူးလားဆိုတာပဲပြောဗျာ"

လူဝကြီးကလည်း ချက်ချင်းဆိုသလိုပင်....

"ဟာ... ဘယ်ပေးနိုင်ပါ့မလဲ"

ဟုပြောလိုက်လေသည်။

"ဒါဖြင့် ဘယ်လောက်ပေးမလဲ"

လိဝမ်ရိကဘာစ်ထစ်လျှော့သည့်အနေဖြင့်မေးလိုက်၏။

လူဝကြီးကအနည်းငယ်စဉ်းစားကာ....

"ငါပြောပြီးသားပဲလေ... ဒါပေမဲ့ မင်းမှာလဲ အခက်အခဲရှိ

နေတယ်ဆိုတော့… အချင်းချင်းကူညီတဲ့သဘောနဲ့ သုံးထောင်ပေး
လိုက်မယ်၊ ဒါတောင် မင်းမို့ပေးတာနော်”

လိဝမ်ရှိခေါင်းခါယမ်းလိုက်သည်။

“မဖြစ်သေးဘူးဗျ”

သူက အနည်းငယ်စဉ်းစားလိုက်ပြီး….

“ကဲ… ကျုပ် နောက်ဆုံးစကားပြောမယ်ဗျာ၊ တစ်သောင်း
ပေး… ဒါမှမဟုတ်ရင် ကျုပ်သွားတော့မယ်”

လူဝကြီးသည် ဟန်လုပ်နေ၍မရတော့မှန်း နားလည်လိုက်
သည်။ ထို့ကြောင့် ပြတ်ပြတ်သားသားပင်ပြောလိုက်လေတော့၏။

“လိဝမ်ရှိ… ဒီတစ်ခါ မင်း ပြတ်သားလှချည်လား၊ ကောင်း
ပြီလေ… ငါကလည်း အပိုတွေပြောတော့ဘူး၊ မင်းပြောတဲ့ငွေတစ်
သောင်းကိုပေးမယ်… ဒါပေမယ့် အပေါင်ခံတာမဟုတ်ဘူး… အပြတ်
ဝယ်မှာ၊ မင်းကြိုက်ရင်ရောင်း မကြိုက်ရင်ကြွပေတော့”

လိဝမ်ရှိတွေဝေသွားရတော့သည်။

လူဝကြီးကိုကြည့်လိုက်ပြီး….

“တကယ်လို့ ကျုပ်ကပြန်လိုချင်တယ်ဆိုရင်ကော ခင်ဗျား
ပြန်ရောင်းမလား”



ဟုမေးလိုက်လေ၏။

လူဝကြီးက….

“ငါ့အတွက် အမြတ်ရမယ်ဆိုရင်ပြန်ရောင်းမှာပေါ့… ဒါပေ
မယ့် ကြိုက်ဈေးရမှရောင်းမှာနော်”

လိဝမ်ရှိက….

“ပြန်ရောင်းမယ်ဆိုရင်ပြီးတာပဲ… ကဲ… ရော့”

ပြောပြောဆိုဆို လက်စွပ်ကိုထိုးပေးလိုက်၏။

လူဝကြီးကလည်းမဆိုင်းမတွပင် ငွေတစ်သောင်းကို ရေ
တွက်၍ပေးလေ၏။

လိဝမ်ရှိသည် ငွေရသည်နှင့် နှုတ်ဆက်ခြင်းပင်မပြုတော့
ဘဲ ချက်ချင်းပင်ထွက်သွားလေ၏။

လူဝကြီးက မြကျောက်လက်စွပ်လေးကိုမီးရောင်တွင် လှည့်
ပတ်ကြည့်လိုက်ပြီး….

“အဖိုးတန်မြကျောက်နဲ့ထုထားတာပဲ… ရှားရှားပါးပါး
မြေပါ ရုပ်ကိုမှထုလုပ်ထားတာဆိုတော့ အဆောင်လက်ဖွဲ့သဘော
မျိုးဖြစ်နိုင်တယ်၊ ဒီလိုပစ္စည်းမျိုးဟာ မမျှော်လင့်ဘဲ ဈေးကောင်းရ
တတ်တယ်”

ဟုမှတ်ချက်ချလိုက်၏။

ထို့နောက်... သူသည် လက်စွပ်လေးကိုလက်တွင်စွပ်ထားလိုက်ရာ သူ့လက်နှင့်အံကိုက်ဖြစ်နေ၍ မချွတ်တော့ဘဲ စွပ်ထားလိုက်လေတော့သည်။

သူသည် တံခါးမကြီးကိုပြန်ပိတ်ပြီး မီးမှိတ်၍ပြန်လည်အိပ်စက်လိုက်လေတော့၏။

၀၀၀၀



## အလွယ်ပေးမိန့်ကာတိ

---

"အောက်... အီး... အီး... အွတ်"

ကြက်တွန်သံများ ဟိုမှသည်မှထွက်ပေါ်လာသည်။

အရှေ့ဘက်၌ အရုဏ်ဦး၏ရောင်နီများထွက်ပေါ်နေ၏။

တစ်ညတာအချိန်ကုန်ဆုံးလုပြီဖြစ်၏။

မကြာမီ နေ့သစ်တစ်နေ့ပေါ်ထွန်းလာတော့မည်ဖြစ်၏။

ကုမင်၊ စုသန်းနှင့်ရှောက်ကျိုတို့သည် ဇရပ်ပေါ်တွင်ခွေခွေလေးအိပ်ပျော်နေကြ၏။ ညဦးနက်မှအိပ်ပျော်သွားကြသဖြင့် မိုးလင်းလုလုအချိန်၌ အိပ်ကောင်းနေကြခြင်းဖြစ်၏။

သို့သော် ဆက်၍မအိပ်နိုင်လောက်အောင်အနှောင့်အယှက်ဖြစ်ပေါ်လာ၏။

"ဒုန်း... ဒုန်း... ဒုန်း"

ကျယ်လောင်သောခြေသံများထွက်ပေါ်လာပြီး လူတစ်ဦး ကဇရပ်ပေါ်သို့ပြေးတက်လာ၏။

လိဝမ်ရီဖြစ်ပါသည်။

လိဝမ်ရီသည် ဇရပ်ပေါ်ရောက်သည်နှင့်....

"ကုမင်... စုသန်း ထကြစမ်း"

ကုမင်တို့အား အတင်းလှုပ်နိုးလိုက်၏။

ထို့ကြောင့်...

"အိုး...."

"အင့်...."

ညည်းသံများနှင့်အတူ ကုမင်၊ စုသန်းနှင့်ရှောက်ကျိတို့အိပ်မောကျနေရာမှလန့်နိုးလာကြလေသည်။ အိပ်မှုန်စုံမွှားနှင့် မျက်လုံးများကိုပွတ်သပ်ကြည့်လိုက်ကြရာ....

"ဟင်... အစ်ကိုကြီး"

"အစ်ကိုကြီး ဘယ်တုန်းကပြန်ရောက်လာတာလဲ"

သူတို့အား လှုပ်နိုးသူကိုတွေ့မြင်လိုက်ရသည့်အခါ အံ့သြဝမ်းသာသွားကြဟန်ဖြင့် တစ်ယောက်တစ်ပေါက်မေးမြန်းလာကြကုန်၏။ လိဝမ်ရီက....



"ဒါ အရေးမကြီးဘူး... မင်းတို့ကိုအရေးကြီးတဲ့စကားပြောစရာရှိတယ်၊ သေသေချာချာမှတ်ထားကြ"

အလောတကြီးလေသံဖြင့် လိဝမ်ရီကပြောလိုက်ရာ....

"ဟုတ်... ဟုတ်ကဲ့ ပြောပါအစ်ကိုကြီး"

လိဝမ်ရီက....

"မင်းတို့သုံးယောက် မိုးလင်းတာနဲ့ရွာပြန်ရမယ်"

ကုမင်တို့တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်မိ၏။

သူတို့ ဘာမျှပြန်မပြောနိုင်မီမှာပင် လိဝမ်ရီက....

"ရော့... မင်းတို့အတွက်ငွေငါးထောင် အပြန်စရိတ်သုံးဖို့ပိုတာကိုလိုအပ်တာဝယ်သွား"

ပြောပြောဆိုဆို ကုမင်တို့သုံးယောက်အား ငွေငါးထောင်ထုတ်ပေးလိုက်လေသည်။ တစ်ဆက်တည်းပင်....

"ရွာကလူတွေကိုအကျိုးအကြောင်းပြောပြ... ငါ ဟန်စင်းရွာလေးကိုကူညီမယ်၊ မကြာခင် ရက်ပိုင်းအတွင်းမှာ ရိက္ခာဆေးဝါးအဝတ်အထည်အသုံးအဆောင်တွေကို အာမခံဌာနတစ်ခုငှားရမ်းပြီးပို့နိုင်းလိုက်မယ်"

ဟုပြောလိုက်သည်။

ထိုစကားကြားရသည့်အခါ....

ကုမင်တို့သုံးယောက် အတိုင်းမသိဝမ်းသာပျော်ရွှင်သွားကြလေသည်။ လာရကျိုးနပ်ပြီဟုလည်းတွေးလိုက်မိကြ၏။

သုံးဦးသား လိဝမ်ရှိ၏ရှေ့တွင်ဒူးထောက်ချလိုက်ပြီး....

"အစ်ကိုကြီးကျေးဇူးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ပါဘူးဗျာ"

ဟု ဦးညွတ်၍လှိုက်လှိုက်လှဲလှဲပြောလိုက်လေသည်။

သူသည် ကုမင်တို့ကိုကြည့်ရင်း ရင်ထဲ၌ဖော်မပြနိုင်သည့် ခံစားချက်များဖြစ်ပေါ်လာ၏။

"ငါက ရွာကိုထောက်ပံ့ဖို့ စီစဉ်စရာတွေရှိနေသေးတယ်... အချိန်မရလို့ မင်းတို့ကိုလိုက်မပို့တော့ဘူး၊ မင်းတို့ပြန်တတ်ကြတယ် မဟုတ်လား"

ကုမင်ခေါင်းညိတ်လိုက်သည်။

"ပြန်တတ်ပါတယ်အစ်ကိုကြီး"

လိဝမ်ရှိက....

"ဒါဖြင့် မင်းတို့ဘာသာပြန်ပေတော့... ငါလည်း သွားလိုက်ဦးမယ်"



"ဟုတ်ကဲ့... အစ်ကိုကြီး"

ပြောပြောဆိုဆိုပင်... လိဝမ်ရှိသည် ဇရပ်ပေါ်မှဆင်းသွားလေတော့၏။ ကုမင်တို့သုံးယောက်သည် လိဝမ်ရှိ မြင်ကွင်းမှပျောက်ကွယ်သွားသည်အထိငေးမောကြည့်ရင်း ကျန်ရစ်ခဲ့ကြလေသည်။

လိဝမ်ရှိကား ဝေလီဝေလင်းနှင်းမြူများအကြား တိုးဝင်ပျောက်ကွယ်သွားပြီဖြစ်ပါသည်။

oooo

လိဝမ်ရိက ကုမင်တို့ရှိနေသည့်ဇရပ်ကိုကျောခိုင်းကာ ထွက်လာခဲ့ပြီဖြစ်၏။ သူ၏ရင်ထဲ၌ ထူးခြားသောခံစားချက်များ ဖြစ်ပေါ်နေသည်။ သူ၏ဘဝတစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ မကြုံဖူးသောခံစားချက်များဖြစ်သည်။

ထိုခံစားချက်ကား အခြားမဟုတ်။

တာဝန်နှင့်ဝတ္တရားဟူသည့်ခံစားချက်ဖြစ်သည်။

ကုမင်တို့ပြောစကားအရ မိမိနေထိုင်ကြီးပြင်းခဲ့ရာ ရပ်ရွာတွင် သဘာဝအန္တရာယ်ကြောင့် လူအများဒုက္ခရောက်နေကြသည်။

သူတို့အားကူညီရန် ရပ်သူရွာသားဖြစ်သည့်မိမိတွင် တာဝန်ရှိလာပြီဖြစ်၏။ မိမိနှင့်မဆိုင်သလို တာဝန်မဲ့ ဥပေက္ခာပြုထား၍မရတော့ပါ။

ယခုအချိန်တွင် ဟန်စင်းကျေးရွာ၏ကံကြမ္မာသည် မိမိ၏ပခုံးပေါ်ကျရောက်နေပြီဟုလည်းဆိုနိုင်ပေ၏။



ထို့ကြောင့် ကျေးရွာအတွက် လိုအပ်နေသည့်ရိက္ခာဆေးဝါးအသုံးအဆောင်ပစ္စည်းများကို ရက်ပိုင်းအတွင်း အရောက်ပို့ပေးမည်ဟု ကတိပြုလိုက်ခြင်းဖြစ်သည်။

သူ၏ကတိအတိုင်း မဖြစ်မနေ ဆောင်ရွက်ရတော့မည်ဖြစ်ပေသည်။ သို့သော်.... လောလောဆယ်တွင် မည်သို့ဆောင်ရွက်ရမည်ကို သူကိုယ်တိုင်လည်းမသိနိုင်သေးပါ။

လိဝမ်ရိအကြံအိုက်နေ၏။

သူသည် အကြံအိုက်အိုက်နှင့်ပင်.... ကျင်းထုံမြို့၏လမ်းများပေါ်တွင် တစ်လမ်းဝင် တစ်လမ်းထွက်လျှောက်သွားနေမိလိုက်လေ၏။ သို့ဖြင့် မိုးစင်စင်လင်းသွားတော့သည်။

ဝဝဝဝ

## အရုပ်စကား

မိုးစင်စင်လင်းပြီဖြစ်သည်။

တစ်ညတာအိပ်စက်အနားယူခဲ့သည့်ကျင်းထုံမြို့သည် နံနက်ခင်းနေရောင်ခြည်အောက်တွင် သက်ဝင်လှုပ်ရှားလာ၏။

ဈေးဆိုင်များဖွင့်လိုက်ကြပြီဖြစ်၏။

လမ်းပေါ်တွင် အရောင်စုံအသွေးစုံဝတ်ဆင်ထားကြသူများ ဥဒဟိုသွားလာနေကြ၏။ သူတို့သည် ရည်ရွယ်ချက်ကိုယ်စီဖြင့် သွားလာနေကြခြင်းဖြစ်သည်။

လိဝမ်ရိကမူ မဆုံးနိုင်သည့် ခရီးရှည်ကြီးကိုလျှောက်နေသူ တစ်ဦးပမာ ရည်ရွယ်ချက်ကင်းမဲ့စွာလျှောက်သွားနေဆဲပင်။

မိုးစင်စင်လင်းလာသောအခါ လူစည်ကားသည့်မြို့လယ်ပိုင်းရောက်ရှိလာ၏။



မြို့လယ်ပိုင်းတွင် လူမျိုးစုံလာရောက်သောက်သုံးကြသည့် ထိပ်တန်းလက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှိ၏။

ထိုဆိုင်ရှေ့သို့ရောက်လာသည့်အခါ လိဝမ်ရိ၏စိတ်ထဲ၌ လက်ဖက်ရည်သောက်လိုစိတ်များ ဖြစ်ပေါ်လာသဖြင့် ဆိုင်ထဲလှမ်းဝင်လိုက်လေသည်။

နံနက်ပိုင်းသွားရည်စာစားချိန်ဖြစ်၍ ဆိုင်ထဲ၌လူစည်ကားနေပြီဖြစ်သည်။ စကားပြောသံများသည်လည်း ဟိုဝိုင်းသည်ဝိုင်းမှ တစ်ယောက်တစ်ပေါက်ထွက်လျက်ရှိရာ တစ်ဆိုင်လုံးဆူညံနေ၏။

လိဝမ်ရိသည် စားပွဲတစ်လုံး၌ဝင်ထိုင်ပြီး လက်ဖက်ရည်နှင့် မုန့်ကိုမှာယူကာ အလျင်အမြန်စားသောက်လိုက်လေသည်။

လူရှုပ်ပြီးဆူညံသည့်ဆိုင်၌ ကြာရှည်မနေလိုသဖြင့် အလျင်အမြန်စားသောက်လိုက်ခြင်းဖြစ်သည်။ သို့သော်....စားသောက်ပြီး ဆိုင်မှထွက်ခွာရန်ဟန်ပြင်လိုက်သည့်အခါ သူတစ်ချက်တွေဝေသွားလေသည်။

"ငါဘယ်သွားရမလဲ... ဘာလုပ်ရပါ့မလဲ"

ထိုသို့တွေးမိလိုက်သည့်အခါ သူသည် ထိုင်ရာမှ မထချင်အောင်ဖြစ်သွားရပြန်လေသည်။

သူသည် ငှက်ကြီးထိုင်ကာငိုင်နေမိ၏။

ဆိုင်ထဲသို့ လူများဝင်လိုက်ထွက်လိုက်ဖြင့်ရှုပ်ရှုပ်ယှက်ယှက် ရှိနေဆဲဖြစ်၏။

စကားသံများကလည်း ညံစီနေဆဲဖြစ်သည်။

လိဝမ်ရီကား... ဘာလုပ်ရမှန်းမသိသေးဘဲ ငှက်ကြီးထိုင်နေ ဆဲပင်။

အချိန်များ တရွေ့ရွေ့ကုန်ဆုံးသွား၏။

နေပင် အတော်မြင့်လာပြီဖြစ်သည်။

နောက်ဆုံးတွင်....

"ငါထိုင်နေလို့မဖြစ်သေးပါဘူးလေ"

လိဝမ်ရီသည် ယင်းသို့တွေးကာ ထိုင်ရာမှထရန်ဟန်ပြင် လိုက်ပြန်သည်။ ထိုစဉ်... ဆိုင်ထဲသို့ လူတစ်ယောက်ဝင်ရောက်လာ သည်ကို အမှတ်မထင်တွေ့မြင်လိုက်ရသည်။

လိဝမ်ရီသည် ထိုလူ့ကိုမြင်လိုက်ရသည့်အခါမျက်နှာကြီး မဲ့သွားကာ....

"အင်း... ကိုလေကျယ်တော့လာပြီ... နားညည်းရဦးမှာပဲ" ဟုတီးတိုးရေရွတ်လိုက်၏။



လေကျယ်....

လေကျယ်သည် လူဗလံလေးတစ်ယောက်သာဖြစ်သည်။

သို့သော်... အမျှင်မပြတ်အောင်စကားပြောနိုင်ပြီး အလွန် တရာစပ်စုတတ်သူတစ်ဦးဖြစ်၏။

ထို့ကြောင့် လိဝမ်ရီသည် လေကျယ်ကို မည်သို့မျှသဘော မကျနိုင်ခဲ့ချေ။ သူ့ကိုမြင်သည်နှင့် တတ်နိုင်သမျှရှောင်ထွက်သွားခဲ့ သည်ချည်းဖြစ်သည်။

လေကျယ်၏ ပေါင်ဖွာပေါင်ဖွာစကားသံကို နားမခံနိုင် ၍ဖြစ်ပေသည်။

သို့သော်....

ယခုအချိန်တွင်မူ... လိဝမ်ရီသည် ဆိုင်ထဲသို့ လေကျယ်ဝင် ရောက်လာသည်ကိုတွေ့မြင်ရသည့်တိုင် ယခင်ကဲ့သို့ဆိုင်ထဲမှထွက် မသွားဖြစ်တော့ချေ။

အကြောင်းကား...

လေကျယ်သည် အခြားသူ မသိသေးသည့် သတင်းထူး သတင်းဦးများကိုရှာရှာဖွေဖွေသိထားပြီး အာပေါင် အာရင်းသန်သန် နှင့် လူတကာသိအောင်ပြောတတ်သူဖြစ်ခြင်းကြောင့်တည်း။

လေကျယ်ထံမှ သတင်းတစ်စုံတစ်ရာသိရလျှင် မိမိအတွက် အကျိုးရှိနိုင်သည်ဟုယုံကြည်မိသဖြင့် လိဝမ်ရိသည် ယခင်ကကဲ့သို့ ဆိုင်ထဲမှထွက်မသွား ခြင်းဖြစ်ပေသည်။

လေကျယ်သည် ဆိုင်ထဲရောက်သည်နှင့် သူ၏ဝသီအတိုင်း အာပေါင်အာရင်းသန်သန်ဖြင့် ရွှန်းရွှန်းဝေအောင်ပြောဆိုလေတော့သည်။

သူသည် သူ့အနီးမှလူများကိုတစ်ချက်ဝေ့ကြည့်လိုက်ပြီး....

"အားလုံး သတိထားနေကြဖို့ကောင်းပြီဗျ"

သူ၏အစပျိုးစကားကြောင့် ဆိုင်ထဲရှိလူအားလုံးက သူ့ကို လှမ်းကြည့်လာကြကုန်လေသည်။

စပ်စပ်စုစု ဝါသနာပါသူတစ်ယောက်က သတင်းထူးတစ်ခု ကြားရတော့မည်ဟု ထင်မှတ်သွားပုံရသည်။

ထိုလူက....

"လေကျယ်... ဒီကိုလာပါဦးဗျ"

ဟုလှမ်းခေါ်လိုက်သည်။

လေကျယ့်အတွက် နေရာထိုင်ခင်းပေးပြီး စားသောက်ဖွယ် ရာများ မှာကြားပေးလိုက်သည်။



လေကျယ်ကလည်း မှာကြားပေးသည့် စားသောက်ဖွယ်ရာ များကို အားမနာတမ်းပင်စားသောက်လိုက်လေ၏။

လေကျယ်အားဧည့်ခံသူက....

"ဘာတွေ သတိထားရမှာလဲဗျ... ဘာတွေထူးထူးခြားခြား ကြားလာလို့လဲ၊ ပြောပါဦး"

ဟုစိတ်ဝင်တစားမေးမြန်းလေသည်။

နဂိုကပြောချင်နေသောလေကျယ်အဖို့ ပို၍အကြိုက်တွေ့ သွား၏။ ထို့ကြောင့် ....

ဟန်ပါပါဖြင့်စတင်ပြောလေတော့၏။

"ထူးတာပေါ့ဗျာ... ရာသီဥတုတွေဖောက်ပြန်လာပြီလေ၊ ဟွမ်ဟိုပြည်နယ်မှာဆိုရင် သုံးနှစ်လုံးလုံး မိုးခေါင်ရေရှားတဲ့ဒဏ်ခံရ တယ်၊ ဟော... အခု မိုးရွာလာပြန်တော့လည်း မစဲတော့ဘူး၊ ချောင်း တွေ မြစ်တွေ ရေလျှံပြီး တစ်နယ်လုံး ရေလွှမ်းမိုးသွားလို့ အတိဒုက္ခ ရောက်ကြရပြန်တယ်၊ ဒါတင်ဘယ်ကမလဲ...နောက်ဆက်တွဲဖြစ်ပေါ် လာတဲ့ရောဂါဘယဒဏ်နဲ့ ခိုးသားဓားပြတွေရဲ့ဒဏ်ကို တစ်နယ်လုံး ကျောကော့အောင်ခါးစည်းခံရတာပဲ"

လေကျယ်အားဧည့်ခံသူက ခေါင်းညိတ်လိုက်သည်။

"အင်း... ဟွမ်ဟိုပြည်နယ်အကြောင်းကြားရတာစိတ်မကောင်းစရာပါလားဗျာ၊ ဒါထက် သိုင်းလောကအကြောင်းကော ဘာများကြားမိသေးလဲ... ပြောစမ်းပါဦး"

လေကျယ်ကရယ်မောလိုက်ပြီး...

"လေကျယ်ပဲဗျာ... သိုင်းလောကရဲ့နောက်ဆုံးသတင်းကို မကြားဘဲနေမလား၊ ကြားလာတာပေါ့"

လိဝမ်ရိကစိတ်ဝင်စားစွာနားထောင်နေသည်။

လေကျယ်ပြောသည့်အထဲတွင် ဟွမ်ဟိုပြည်နယ်၏သတင်းဆိုးပါလာရာစိတ်မကောင်းဖြစ်မိလေသည်။ ထို့နောက် သိုင်းလောက၏နောက်ဆုံးသတင်းကို ဆက်လက်နားစွင့်နေလိုက်သည်။

လေကျယ်က သူ၏စကားကိုစိတ်ဝင်စားသူ အတော်များများရှိနေကြောင်းတွေ့ရသဖြင့် အားတက်သရောဖြစ်သွားကာ ဟန်ပါပါဖြင့်ဆက်ပြောလိုက်လေသည်။

"ကျုပ်တို့ ကျင်းထုံမြို့ဟာ သိုင်းလောကထက် စီးပွားရေးသမား... ကုန်သည်ပွဲစားတွေက ပိုများပါတယ်၊ ဒါပေမယ့် ကျုပ်တို့ဟာ သိုင်းလောကသားတွေထက်တောင်မှ သိုင်းလောကအကြောင်း ပိုပြီးစိတ်ဝင်စားကြသေးတယ်မဟုတ်လားဗျာ"



"ဟုတ်တာပေါ့... ဟုတ်တာပေါ့၊ ကျုပ်တို့ရဲ့စီးပွားရေးလုပ်ငန်းတွေဟာ သိုင်းလောကနဲ့ပတ်သက်ဆက်နွယ်နေတာပေါ့၊ သိုင်းလောကမငြိမ်မသက်ဖြစ်ရင် တိုက်ပွဲတွေဖြစ်နေရင် ကျုပ်တို့ရဲ့လုပ်ငန်းတွေကိုကောင်းကောင်းလုပ်နိုင်မှာမဟုတ်တော့ဘူး၊ အနှောင့်အယှက်တွေပေါ်လာတော့မယ်၊ လမ်းပန်းခရီးဆက်သွယ်ရေးခက်ခဲသွားမယ်... တချို့ပစ္စည်းတွေကအရောင်းထိုင်းသွားပြီး တချို့ပစ္စည်းတွေကတော့ထိုးတက်သွားမယ်၊ ဒါကြောင့် ကျုပ်တို့က သိုင်းလောကရဲ့အခြေအနေကိုမျက်ခြည်မပြတ်စောင့်ကြည့်နေရတာပဲ မဟုတ်လားဗျာ"

လေကျယ်ကအားရပါးရခေါင်းညိတ်လိုက်သည်။

"ဒါပေါ့ဗျာ... အခု ကျုပ်နောက်ဆုံးကြားခဲ့ရတဲ့သတင်းကအတော့်ကိုထူးခြားတယ်ဗျ၊ သိုင်းလောကတစ်ခုလုံးကလည်း စိတ်ဝင်စားနေကြတယ်၊ ရှင်းရှင်းပြောရရင် သိုင်းလောကကြီး အုတ်အော်သောင်းတင်းဖြစ်သွားနိုင်တဲ့ကိစ္စပဲ"

လေကျယ်ကိုချည့်ခံသူမှာ မရိုးမရွဖြစ်လာကာ...

"ကဲ... ပြောပါတော့ဗျာ၊ ကျုပ်တို့ကြားချင်လှပြီဗျ"

ဟုပြောလိုက်၏။

အခြားသူများကလည်း ဝင်ပြောကြလေသည်။

လေကျယ်ကကျေနပ်စွာပြုံးလိုက်သည်။

ယနေ့အဖို့ သူသည် လူအများ၏စိတ်ဝင်စားမှုအခံရဆုံးလူ တစ်ယောက်ဖြစ်နေပြီမဟုတ်ပါလား။

လေကျယ်ကချောင်းတစ်ချက်ဟန့်လိုက်ပြီး....

"ပြောပါ့မယ်ဗျာ... သိုင်းလောကတစ်ခုလုံးက လျှို့ဝှက်ဆုံး လူလို့သတ်မှတ်ထားကြတဲ့ကျောက်စိမ်းနန်းတော်က ကျောက်စိမ်း မင်းသားကိုသိကြတယ်မဟုတ်လား"

နားထောင်နေသူတစ်ယောက်က....

"သိတာပေါ့ဗျာ... ကျောက်စိမ်းမင်းသားနဲ့ပတ်သက်ပြီး သိုင်းလောကမှာ အမျိုးမျိုးဝေဖန်ပြောဆိုနေကြတာပဲဗျ၊ တချို့က ကျောက်စိမ်းမင်းသားဟာ သိုင်းလောကမှာ သိုင်းပညာအတော်ဆုံး လို့ပြောကြတယ်"

အခြားတစ်ယောက်က....

"ကျောက်စိမ်းမင်းသားဟာ သိုင်းပညာမှာ ပြိုင်ဘက်ကင်း တဲ့အတွက် သိုင်းလောကတစ်ခုလုံးကို တူတယ်တန်တယ်လို့ သဘော မထားဘူး၊ ဒါကြောင့်.... ဘယ်သူနဲ့မှ စပ်စပ်ယှက်ယှက်မလုပ်ဘဲ



ကျောက်စိမ်းနန်းတော်မှာပဲနေတာ၊ ဘယ်တုန်းကမှ သိုင်းလောကထဲ ကိုဆင်းမလာတာပေါ့"

နောက်တစ်ယောက်က....

"ကျောက်စိမ်းမင်းသားကရက်စက်ကြမ်းကြုတ်တယ်၊ ခက် ထန်မောက်မာတယ်ဗျ၊ သူ့ရဲ့ပိုင်နက်ထဲကိုခွင့်ပြုချက်မရှိဘဲဝင်ခဲ့ရင် စစ်ဆေးမေးမြန်းခြင်းမပြုဘဲ အဆုံးစီရင်ပစ်တတ်တယ်လို့ ကြားရ တယ်၊ ကြောက်စရာကောင်းတဲ့လူတစ်ယောက်ပဲဗျာ... ဒီလောက် လျှို့ဝှက်နေပုံထောက်ရင် ကျောက်စိမ်းမင်းသားဟာ မကောင်းတာ တစ်ခုခုလုပ်နေလို့ပဲဖြစ်မှာပေါ့"

ထိုအခါ အခြားတစ်ယောက်က....

"ဟော့... ဟော့ ဒီလိုမပြောနဲ့လေ၊ သူ့ရဲ့ပိုင်နက်ထဲကိုသွားပြီး ကျူးကျော်မှတော့ ဆုံးမခံရမှာပေါ့၊ ခွင့်ပြုချက်မရှိဘဲကျူးကျော်ဝင် တယ်ဆိုကတည်းက ကောင်းတဲ့သဘောမှမဖြစ်နိုင်တာ"

ဟုဝင်၍စောဒကတက်သည်။

အခြားတစ်ယောက်ကလည်း အားကျမခံဝင်ပြောသည်။

"ဟုတ်တာပေါ့... သိုင်းလောကသားတွေကလည်း အချင်း ချင်းညီညွတ်ကြတာမဟုတ်ဘူး၊ ဂိုဏ်းဂဏအမျိုးမျိုးကွဲနေကြတာ၊

သိုင်းပညာနဲ့ပတ်သက်ရင် သူသာတယ် ကိုယ်သာတယ်နဲ့ အမြဲတမ်း အငြင်းပွားနေကြတာ၊ ကျုပ်ကတော့ ကျောက်စိမ်းမင်းသား သိုင်းလောကထဲဆင်းလာပါစေလို့ ဆုတောင်းတယ်ဗျာ"

သူ့စကားကြောင့် ....

"ဘာဖြစ်လို့လဲဗျ"

ဟုတစ်ယောက်ကဝင်မေးလိုက်သည်။

"ဘာဖြစ်မရလဲ... ကျောက်စိမ်းမင်းသားရောက်လာရင် အကွဲကွဲအပြားပြားဖြစ်နေတဲ့သိုင်းလောကသားတွေတညီတညွတ်တည်း ဖြစ်သွားအောင်စည်းရုံးသိမ်းသွင်းနိုင်လိမ့်မယ်၊ သူ့ရဲ့ပညာဟာ သိုင်းလောကမှာ အတော်ဆုံးဆိုတော့ ဘယ်သူကသူ့ကိုအာခံဝံ့မလဲ"

"ဟာ... ဒါဆို သိုင်းလောကတစ်ခုလုံးကျောက်စိမ်းမင်းသား လက်အောက်ကိုရောက်သွားမှာပေါ့"

"ဟုတ်တယ်... တစ်ယောက်တည်းကချုပ်ကိုင်တယ်ဆိုတာ လည်း ကောင်းတဲ့ကိစ္စမှမဟုတ်တာ"

"နေပါဦး သိုင်းပညာကိုအသာထား၊ ကျောက်စိမ်းမင်းသား ဆိုတဲ့နာမည်ကို ကျုပ်တို့ကြားဖူးနေတာ နှစ်ပေါင်းသုံးလေးဆယ်မက တော့ဘူး၊ သူနဲ့ပတ်သက်တဲ့သတင်းအမျိုးမျိုးကို နားနဲ့မဆန့်အောင်



ကြားခဲ့ရတာပဲ၊ အခုဘာဖြစ်လို့လဲ"

ကျောက်စိမ်းမင်းသားနှင့်ပတ်သက်ပြီး ကြားဖူးနားဝရှိထားသည်များကိုပြောကြပြီးမှ လေကျယ်ကိုမေးမြန်းလိုက်ကြလေသည်။

လေကျယ်က....

"ကျောက်စိမ်းမင်းသားဟာ မကြာခင် သိုင်းလောကထဲကို ဆင်းလာတော့မယ်ဆိုတဲ့သတင်းကြားခဲ့ရလို့ဗျ"

ထိုအခါ နားထောင်နေသူများ ပို၍လှုပ်လှုပ်ရွရွဖြစ်သွားကြလေတော့သည်။

"ကျောက်စိမ်းမင်းသား သိုင်းလောကထဲကိုဆင်းလာမယ် ဆိုရင် ဝမ်းသာအားရကြိုဆိုရမှာပဲ၊ ဒါဟာ သိုင်းလောကရဲ့ထူးခြားတဲ့ ဖြစ်ရပ်မဟုတ်လားဗျာ"

"သိုင်းလောကတစ်ခုလုံးက ဝမ်းသာကြရင်တော့ ဟုတ်တာပေါ့"

"နေပါဦး... သူလာတာကို ဘာကြောင့်ဝမ်းမသာနိုင်ရမလဲ"

"ခင်ဗျားက သိုင်းလောကသားတွေကိုလျှော့တွက်တာကိုးဗျ၊ သိုင်းသမားတွေဟာ ကိုယ်တတ်မြောက်ထားတဲ့ပညာကသာ အတော်ဆုံးအကောင်းဆုံးလို့ထင်တတ်ကြတာ"

"ဒါကြောင့် သူရောက်လာတာနဲ့ ပညာစမ်းဖို့ ကြိုးစားချင်သူတွေမလွှဲမသွေထွက်ပေါ်လာလိမ့်မယ်လို့ ကျုပ်ပြောရတယ်၊ ကဲ… ဒါဆို သိုင်းလောကတည်ငြိမ်အေးချမ်းနိုင်ပါတော့မလား"

"ဒါလည်းဟုတ်တာပဲ"

အားလုံးသည် သို့လောသို့လောတွေးတောရင်း တိတ်ဆိတ်သွားကြ၏။ လေကျယ်က….

"သိုင်းလောကထဲကို သူ ဆင်းလာမယ်ဆိုတဲ့သတင်းက အသေအချာပဲ၊ သိုင်းလောကမှာ နောက်ထပ် ဘာတွေဖြစ်လာမယ်ဆိုတာတော့ ကျုပ်လည်းမသိဘူး၊ သူ မကြာခင်ရောက်လာမှာ၊ ရှိကျန်းမြို့ကလူတွေဆိုရင် သူရောက်လာတာနဲ့ ခရီးဦးကြိုဆိုဖို့တောင် ကြိုတင်စီစဉ်နေကြပြီဗျ"

"သူက ရှိကျန်းမြို့ကိုရောက်လာမှာမို့လား"

"ဟုတ်တယ်… သိုင်းလောကထဲကိုခြေချလာမယ်ဆိုတာနဲ့ ရှိကျန်းမြို့ကို အရင်ဆုံးရောက်လာလိမ့်မယ်၊ ဘာကြောင့်လည်းဆိုရင် ဒီမြို့ကသူဌေးကျိုက ကျောက်စိမ်းနန်းတော်အတွက် လိုအပ်တဲ့ရိက္ခာတွေရောင်းချပေးခဲ့ဖူးတယ်လေ၊ ဒီနန်းတော်နဲ့အဆက်အသွယ်ရှိတဲ့လူတစ်ယောက်ဆိုပါတော့"



"ငါဆို ဒီနန်းတော်အကြောင်း သူဌေးကျိုကသိနေမှာပေါ့"

လေကျယ်ခေါင်းခါ၏။

"မသိနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"သူဌေးဆီ ဒီနန်းတော်ကလူတစ်ဦးလာပြီးပစ္စည်းမှာတယ်၊ ပစ္စည်းရရင် အဲဒီလူပဲသယ်ယူသွားတယ်၊ ဒါထက်ပိုပြီး အဆက်အသွယ်ရှိတာမဟုတ်ဘူး"

"အေးဗျာ… တော်တော်လျှို့ဝှက်တဲ့လူတွေပဲ"

လီဝမ်ရိက ကျောက်စိမ်းနန်းတော်နှင့်မင်းသားအကြောင်း အပြင်အခြားဘာများကြားရဦးမလဲဟုနားစွင့်၏။ သို့သော် လေကျယ်တို့သည် ကျောက်စိမ်းမင်းသားအကြောင်းကိုသာ ထင်ရာမြင်ရာ အမျိုးမျိုးကိုထပ်တလဲလဲပြောဆိုနေကြ၏။ ထို့ကြောင့်… သူသည် စိတ်ပျက်လက်ပျက်ဖြစ်ကာ လက်ဖက်ရည်ဆိုင်ထဲမှထွက်ခဲ့လေ၏။

၀၀၀၀

## အကြံကောင်းတစ်ချက်

လိဝမ်ရီသည် ဇရပ်ပေါ်၌ထိုင်နေ၏။ ဟစ်လမ်းဝင်တစ် လမ်းထွက်လျှောက်သွားနေခဲ့ခြင်းဖြင့် ခြေညောင်းနေပြီဖြစ်၏။

ထို့ကြောင့် သူအနားယူလေ့ရှိသည့်ဇရပ်ဆီသို့ပြန်ကာ အနားယူလိုက်ခြင်းဖြစ်သည်။ ယခုအချိန်တွင် ဇရပ်ပေါ်၌ကုမင်တို့ မရှိကြတော့ပါ။ သူပေးလိုက်သည့် ငွေငါးထောင်ကိုယူ၍ ဝမ်းသာအားရ ပြန် သွားကြပြီဖြစ်သည်။ ရွာရောက်သည့်အခါ မကြာမီ လိုအပ်သော ပစ္စည်းများ ရောက်ရှိလာလိမ့်မည်ဟု ဝမ်းသာအားရပြောဆိုကြမှာ သေချာသည်။

သူကိုယ်တိုင်ကလည်း ကုမင်တို့ကိုလိုအပ်သောပစ္စည်းများ ပို့ပေးမည်ဟုကတိပြုခဲ့သည်မဟုတ်ပါလား။ သူသည် သက်ပြင်းကြီး ချကာ ကြမ်းပြင်ပေါ်မှဖုန်များ သဲများကိုခါ၍လဲလျောင်းလိုက်၏။



သို့သော် ကြာကြာလဲလျောင်းမနေနိုင်ပါ။ ခဏအကြာတွင် လဲလျောင်းနေရာမှလူးလိမ့်ထလိုက်၏။

ထို့နောက် တိုင်တစ်လုံးကိုကျောမှီ၍ထိုင်ပြန်၏။

သိပ်မကြာပါ။ ထိုင်ရာမှထလိုက်ပြန်၏။

ထို့နောက် ထိုင်လိုက်ပြန်သည်။

ထိုင်လိုက်ထလိုက်နှင့်ဂဏှာမငြိမ်ဖြစ်ကာ ဘာတစ်ခုမျှတွေး မရဘဲဖြစ်နေသည်။

ဘဝတစ်လျှောက်လုံး ပေါ့ပေါ့နေ ပေါ့ပေါ့စား နေလာခဲ့သူ ဖြစ်ရာ ယခုကဲ့သို့အရေးကြုံသည့်အခါ သူသည်မကြံတတ်မစည်တတ် ဖြစ်ကာ ဘာလုပ်ရမှန်းမသိအောင် ဦးနှောက်ခြောက်သွားလေတော့ သည်။

"ငါ... ဘာလုပ်ရမလဲ"

ထိုအတွေးကိုသာ ထပ်တလဲလဲတွေးလျက်ရှိသည်။

တွေးရင်းတွေးရင်း သူဇောချွေးပြန်လာသည်။

ယခင်က သူသည် မည်သည့်အပူအပင်မျှရှိခဲ့သည်မဟုတ် ချေ။ စားချိန်တန်လျှင်စားစရာရှာသည်။ စားပြီးလျှင်ပြီးပြီ။ သူ့ အတွက် ဘာမျှမလိုအပ်တော့။ စားစရာမရှိလျှင်လည်း သူမပူ။

ရေသောက်ပြီးဗိုက်မှောက်နေလိုက်သည်။ ယနေ့ကိစ္စ ယနေ့ဖြေရှင်း ပြီးလျှင် ပြီးပြီ။ နက်ဖြန်အတွက်မစဉ်းစား၊ နောင်လာ နောင်ခါချေးဟုသဘောထား၏။ ဘာကိုမှအလေးအနက်မထား။ ဘာကိုမျှအပူအပင်မရှိဘဲ အဆင်ပြေချောမွေ့လျှင်ပြီးရောဟု ခပ်ပေါ့ပေါ့ သဘောထား လျက်လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ချည်းသာဖြစ်သည်။

ထို့ကြောင့် ယခုကဲ့သို့ အလေးအနက်ထားရမည့်အလုပ်နှင့် ကြုံတွေ့ရသည့်အခါ သူသည် ခြေမကိုင်မိလက်မကိုင်မိဖြစ်ပြီး အခက်တွေ့နေရခြင်းဖြစ်ပေတော့သည်။

ကြုံတွေ့နေရသည့်ပြဿနာကို မည်သို့ဖြေရှင်းရမှန်း အစဖော်မရဘဲဖြစ်နေလေသည်။

သူသည် အပြင်းအထန်တွေးတောရင်း လက်ဖက်ရည်ဆိုင်တွင်ကြားခဲ့ရသည့်သတင်းများကို ရုတ်တရက်ပြန်လည်သတိရလာမိလေသည်။ ကျောက်စိမ်းမင်းသားအကြောင်း ပြောဆိုနေကြသည့်စကားသံများကို မဆီမဆိုင် ပြန်လည်သတိရလာမိခြင်းဖြစ်သည်။

နှုတ်မှလည်း....

"ငါသာ ကျောက်စိမ်းမင်းသားဖြစ်လိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲ"



ကျောက်စိမ်းမင်းသားသာဖြစ်ခဲ့လျှင် ဟန်စင်းကျေးရွာကို လိုလေသေးမရှိကူညီထောက်ပံ့နိုင်လိမ့်မည်မဟုတ်ပါလား။

ယင်းသို့ရေရွတ်ရင်း... ရုတ်တရက် သူ၏ဦးခေါင်းထဲ အကြံတစ်ခုလက်ခနဲဝင်ရောက်လာ၏။ သူ၏မျက်လုံးများ အရောင်တဖိတ်ဖိတ်တောက်ပလာ၏။ ထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်ပြီး....

"ဟုတ်ပြီ... ဒီအတိုင်းလုပ်ရမယ်"

ဝမ်းသာအားရရေရွတ်ရင်း အိတ်ထဲလက်နှိုက်ကြည့်လိုက်၏။ ငွေငါးထောင် ပျော့ပျော့သာကျန်ရှိတော့သည်ကိုတွေ့ရသည်။

မည်သို့ပင်ဖြစ်စေ....

ထိုငွေငါးထောင်သည် သူ၏အကြံအစည်ကိုအကောင်အထည်ဖော်ရာ၌အသုံးပြုရန်လုံလောက်သည်ဟု တွက်ချက်မိသဖြင့် ကျေနပ်သွားလေသည်။

သူသည် ငွေများကိုပြန်လည်သိမ်းဆည်းလိုက်၏။

ပြီးလျှင် ဧရပ်ပေါ်မှအပြေးတစ်ပိုင်းဆင်းသွားတော့၏။

oooo

## အစိမ်းရောင်လူတစ်စု

ဝမ်ကျက်မြို့....

ဝမ်ကျက်မြို့သည် ရှိကျန်းမြို့နှင့်မနီးမဝေးတွင်တည်ရှိသည့် မြို့ငယ်လေးတစ်မြို့ဖြစ်၏။ ဝမ်ကျက်မြို့မှနေ၍ ရှိကျန်းမြို့သို့သွားလျှင် တစ်ညအိပ်ခရီးအကွာအဝေးရှိသည်။

oooo

နေသာသည့်နေ့ ဖြစ်သည်။ ဝန်းကျင်တစ်ခုလုံး ကြည်လင်သာယာနေ၏။ ထိုအချိန်တွင် ဝမ်ကျက်မြို့သို့လူတစ်စုရောက်ရှိလာ၏။ အဆိုပါလူစုရောက်ရှိလာသဖြင့် ဝမ်ကျက်တစ်မြို့လုံး လှုပ်လှုပ်ရှားရှားဖြစ်သွားရလေသည်။ ထိုမျှမကသေး ရှိကျန်းမြို့သို့ပင် ဂယက်ရိုက်ခတ်သွားလေသည်။

oooo



ထိပ်တန်းတည်းခိုခန်း.....

ထိပ်တန်းတည်းခိုခန်းသည် ဝမ်ကျက်မြို့၏အကောင်းဆုံးတည်းခိုခန်းဖြစ်သည်။ သန့်ရှင်းသပ်ရပ်၏။ ဆက်ဆံရေးပြေပြစ်၏။ အစားအသောက်ကောင်းမွန်၏။ ထိုအချက်များက ထိပ်တန်းတည်းခိုခန်း၏ဂုဏ်သတင်းကိုမွှေးပျံ့စေခဲ့သည်။

ထို့ကြောင့် ရပ်ဝေးမှရောက်လာကြသူများသည် အဆိုပါတည်းခိုခန်း၌သာလျှင်တည်းခိုလေ့ရှိကြတော့သည်။

ယနေ့ နံနက်စောစောအချိန်တွင် တည်းခိုခန်းသို့ လူတစ်စုရောက်ရှိလာကြလေသည်။ ထိုလူစုသည် အစိမ်းရောင်အဝတ်အစားများဝတ်ဆင်ထားကြ၏။

ထို့အပြင် အစိမ်းရောင်ဆေးခြယ်ထားသည့်ဝေါတစ်ခုကိုလည်းသယ်ဆောင်လာကြလေသည်။

အားလုံးသည် ခက်ထန်တင်းမာသည့်မျက်နှာထားရှိ၏။

ထိုလူစုရောက်လာသည်နှင့် တည်းခိုခန်းပတ်ဝန်းကျင်တစ်ခုလုံးမွှေးကြိုင်သွားလေသည်။ တည်းခိုခန်းမှအလုပ်သမားသည် အခြေအနေတူးမှန်းရိပ်မိကြသဖြင့် ချက်ချင်းပင် ပိုင်ရှင်ကိုသွားရောက်အကြောင်းကြားကြလေသည်။

ဆိုင်ပိုင်ကိုယ်တိုင်လည်း ထိုလူစုအားထွက်၍ကြိုဆိုလေ၏။

ဝေါစင်ထမ်းသည့်လူလေးဦးက မလှုပ်မယှက်ရပ်နေ၏။

ဝေါစင်ကိုမြေပေါ်မချချေ။ အစိမ်းရောင်ဝတ်အဘိုးအိုတစ်ဦးက တောင်ဝှေးတစ်ချောင်းကိုကိုင်၍ ဝေါစင်ရှေ့မှဦးဆောင်လာခြင်းဖြစ်၏။

ဝေါစင်နောက်ဘက်တွင် အစိမ်းရောင်ဝတ်၍ ဓားလွတ်ကိုင် အစောင့်ခြောက်ယောက်က သုံးယောက်စီနှစ်တန်းခွဲ၍လိုက်ပါလာကြသည်။

ထိုလူစုသည် မည်သူမည်ဝါမှန်းမသိရသော်လည်း ခေသူများမဟုတ်မှန်း တည်းခိုခန်းပိုင်ရှင်တွက်ဆမိ၏။

ထို့ကြောင့်လည်း ကိုယ်တိုင်ထွက်၍ ခရီးဦးကြိုပြုလိုက်ခြင်းဖြစ်ပေတော့သည်။

"ကြွပါဗျာ... ကြွပါ၊ ဒီမြို့မှာတော့ ကျုပ်ရဲ့တည်းခိုခန်းဟာ အကောင်းဆုံးဆိုတာ လူတိုင်းသိကြပါတယ်၊ ခရီးဝေးကလာပြီး တည်းခိုကြတာဆိုရင် ဘာမှလိုလေသေးမရှိအောင် ကူညီဆောင်ရွက်ပေးပါတယ်"

တောင်ဝှေးကိုင်သည့်အဘိုးအိုက....



"ကောင်းပြီ... မင်းသားလေးအတွက် အကောင်းဆုံးအခန်းနဲ့ အကောင်းဆုံးအစားအစာ စီစဉ်ပါ၊ ချို့ယွင်းချက်မရှိအောင် ဂရုစိုက်ပါ... သူစိတ်သဘောမကျဖြစ်သွားရင် မကောင်းဘူး"

ဟုပြောလေသည်။

ဆိုင်ရှင်ကခေါင်းညိတ်သည်။

"စိတ်ချပါဗျာ... စိတ်ချပါ၊ အကောင်းဆုံးဖြစ်အောင် ကျုပ်စီစဉ်ပေးပါ့မယ်၊ အထဲကိုကြွပါ"

အဘိုးအိုက ဝေါစင်ထမ်းထားသူများဘက်သို့လှည့်၍ လက်ဝှေ့ယမ်းပြလိုက်၏။

"ဝေါစင်ကိုအောက်ချလိုက်"

ဝေါစင်ထမ်းသူလေးယောက်သည် ချက်ချင်းပင် ဝေါစင်ကို အောက်ချလိုက်လေ၏။ မရှေးမနှောင်းမှာပင်...

ဝေါစင်၌ကာရံထားသည့်ယင်းကာ လှုပ်ယမ်းသွား၏။

လူတစ်ယောက်က ဝေါစင်ထဲမှထွက်လာ၏။

ထိုလူသည် တစ်ကိုယ်လုံး အစိမ်းရောင်အဝတ်အစားများ ဝတ်ဆင်ထားသည်။ သူ၏လက်ထဲ၌ အစိမ်းရောင်ယပ်တောင် တစ်ချောင်းကိုင်ထားပြီးတဖျပ်ဖျပ်ယပ်ခတ်နေ၏။

ပတ်ဝန်းကျင်ကိုလည်းဝေ့ကြည့်လိုက်၏။

ထိုလူရွယ်သည် တစ်စုံတစ်ခုကိုသဘောကျနေဟန်ပြုံး၏။ အဘိုးအိုကလူရွယ်ကိုဦးညွှတ်လိုက်ပြီး....

"မင်းသားလေးခင်ဗျာ... ဒီလူဟာ တည်းခိုခန်းပိုင်ရှင်ဖြစ်ပါတယ်၊ မင်းသားလေးအတွက်လိုလေသေးမရှိ စီမံဆောင်ရွက်ပေးပါလိမ့်မယ်"

ဟုပြောလိုက်လေသည်။

လူရွယ်သည် ဆိုင်ရှင်ကိုတစ်ချက်ကြည့်၍ အသိအမှတ်ပြုသည့်သဘောဖြင့်ခေါင်းညိတ်ပြလေသည်။

ဆိုင်ရှင်သည် မင်းသား လေးဆိုသည့်လူရွယ်၏ဖော်ရွေသည့်အပြုံး....

သဘောမနောကောင်းမည့်အသွင်ကိုကြည့်၍ ကျေနပ်သဘောကျသွားလေ၏။

ချက်ချင်းပင်ဦးညွှတ်၍....

"စိတ်ချပါဗျာ... မင်းသားလေးစိတ်တိုင်းကျ စီမံဆောင်ရွက်ပေးပါ့မယ်"

ဟုပြောလိုက်၏။



အဘိုးအိုသည် ဆိုင်ရှင်အနီးသို့ချဉ်းကပ်လာပြီး တီးတိုးပြောလိုက်၏။

"မင်းသားလေးဟာ ကျောက်စိမ်းနန်းတော်မှာပဲ နေလာခဲ့တာ တစ်ခါမှအပြင်လောကကိုထွက်ဖူးတာမဟုတ်ဘူး၊ မင်းသားလေးကိုသေချာဂရုစိုက်ပါ၊ မင်းသားလေးစိတ်အနှောင့်အယှက်ဖြစ်စေမယ့်ကိစ္စတွေမဖြစ်ဖို့ သတိထားပြီးရှောင်ပါ"

ထိုစကားကြားလျှင် ဆိုင်ရှင်မျက်လုံးပြူးသွား၏။ သူ၏ခန္ဓာကိုယ်သည် တဆတ်ဆတ်တုန်ယင်လာ၏။ အဘိုးအိုက....

"မင်းသားလေးဟာ ရှိကျန်းမြို့ကိုသွားဖို့ပဲ... ဒါပေမယ့် ဒီမြို့ကိုရောက်တော့ သိပ်ပြီးသဘောကျသွားတာနဲ့ ဒီမှာတစ်ရက်နှစ်ရက်လောက်တည်းခိုဖို့ဆုံးဖြတ်လိုက်တာပဲ"

တစ်ဆက်တည်းပင်...

"ကျုပ်တို့ကတော့ ရှိကျန်းမြို့ကိုအရင်သွားနှင့်ပြီး စီစဉ်စရာရှိတာတွေကိုစီစဉ်ထားရမှာဖြစ်တယ်၊ ပြီးမှ တစ်ခေါက်ပြန်လာပြီးကြိုမယ်... မင်းသားလေးတစ်ဦးတည်း ဒီမှာနေရစ်ခဲ့လိမ့်မယ်၊ ခင်ဗျားသေသေချာချာဂရုစိုက်ပါ"

ဟုထပ်မံမှာကြားလိုက်လေ၏။ ဆိုင်ရှင်က....

"စိတ်... စိတ်ချပါ၊ မင်းသားလေးအတွက် လိုလေသေးမရှိ ဆောင်ရွက်ပေးပါ့မယ်ဗျာ"

ဟုပျာပျာသလဲပြန်ပြောလိုက်လေသည်။ ထိုစဉ်....

"သာယာလိုက်တာဗျာ"

မင်းသားလေးဆိုသည့်လူရွယ်ထံမှ စကားသံထွက်လာ၏။

အဘိုးအိုကဦးညွတ်လိုက်ပြီး....

"မင်းသားလေး ကျုပ်တို့အချိန်ရှိတုန်းခရီးဆက်ပါရစေ၊ ခွင့်ပြုပါ"

ဟုခွင့်တောင်းလိုက်သည်။

မင်းသားလေးဆိုသူကခေါင်းညိတ်ခွင့်ပြုလိုက်သည်။

"ကောင်းပြီ... သွားကြပေတော့"

အဘိုးအိုက ဝေါစင်ထမ်းသူများနှင့်အစောင့်များကိုလက်ဖေ ယမ်းပြလိုက်၏။ ထို့နောက် သူ့ကိုထားရစ်၍အလျင်အမြန်ထွက်သွား ကြလေသည်။

oooo



အဘိုးအိုတို့လူစုထွက်သွားကြပြီဖြစ်သည်။

မင်းသားလေးဆိုသူသည် ကျောက်စိမ်းယပ်တောင် တဖျပ် ဖျပ်ခတ်ရင်း ဟိုဟို ဒီဒီကြည့်နေ၏။ သူ၏မျက်နှာမှာပြုံးရွှင်နေ၏။

ဝမ်ကျက်မြို့လေးကို လွန်စွာပင် သဘောကျနေဟန်ရှိ၏။

သူ၏အရိပ်အကဲကိုအကဲခတ်နေသောဆိုင်ရှင်က....

"မင်းသားလေးခင်ဗျာ... ကျုပ်တို့ဝမ်ကျက်မြို့ဟာ မြို့ငယ် လေးတစ်မြို့ဖြစ်ပေမယ့် အေးချမ်းသာယာပြီး နေချင်စရာကောင်းလှ ပါတယ်၊ မြို့သူမြို့သားတွေဟာလည်း ရိုးသားပြီး စိတ်ထားဖြူစင်သူ တွေဖြစ်ကြပါတယ်ခင်ဗျာ"

ဟုရိုရိုသေသေပြောလေသည်။ မင်းသားလေးဆိုသူက....

"အင်း... ဒါကြောင့်လည်း ကျုပ် ဒီမှာအနားယူဖို့ ဆုံးဖြတ် လိုက်တာပေါ့၊ နန်းတော်ထဲမှာနေရတာငြီးငွေ့လှပါတယ်... ဒီလိုအေး ချမ်းသာယာတဲ့မြို့ပြအငွေ့အသက်ကိုကျုပ်ကခံစားချင်တာ"

ဆိုင်ရှင်ကဦးညွှတ်လိုက်သည်။

"မင်းသားလေးပျော်သလောက်နေပါ... အစစအရာရာ လိုလေသေးမရှိအောင် တာဝန်ယူဆောင်ရွက်ပေးပါ့မယ်"

မင်းသားလေးက ကျေနပ်ဟန်ဖြင့်ခေါင်းညိတ်လိုက်၏။

"ကောင်းတယ်... ကောင်းတယ်၊ ကျေးဇူးတင်ပါတယ်ဗျာ... ကျုပ် ခရီးပမ်းလာတယ်၊ စားသောက်စရာတစ်ခုခုစီစဉ်ပေးပါ... စားသောက်ပြီးရင် အနားယူဖို့လည်းစီစဉ်ထားပါ"

ဆိုင်ရှင်သည် ပြောသည့်အတိုင်းပင် လိုလေသေးမရှိအောင် ချက်ချင်းစီစဉ်ပေးလေသည်။

ဆိုင်ရှင်သည် မင်းသားလေးအား အခြားဧည့်သည်များကဲ့သို့ တည်းခိုခန်းတွင်မထားချေ။ တည်းခိုခန်း၏ဝဲဘက်ရှိ ပန်းခြံထဲမှ သီးသန့်အိမ်လေးတစ်လုံးတွင် နေရာချပေးလေသည်။

သစ်ပင်ပန်းမန်များဖြင့် လွန်စွာနေချင့်စဖွယ်ကောင်းသော နေရာလေးဖြစ်၏။ တည်းခိုခန်းနှင့်မတူဘဲ သီးသန့်အနားယူအပန်းဖြေသည့်နေရာမျိုးဖြစ်သည်။

ထို့ကြောင့် အဆိုပါနေရာကို ကျောက်စိမ်းမင်းသားလေး နှစ်သက်သဘောကျသွားလေသည်။



"ဒီလိုနေရာမျိုးစီစဉ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

ဆိုင်ရှင်သည် ကျောက်စိမ်းမင်းသားလေးလိုအပ်သမျှ လုပ်ဆောင်ပေးရန် ဆိုင်လုလင်တစ်ယောက်ကိုလည်း ထားရှိပေးထားလေသည်။ စားသောက်ဖွယ်ရာများလည်း အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးသည်။

ကျောက်စိမ်းမင်းသားလေးသည် ဆိုင်ရှင်စီစဉ်ပေးသည့် အကောင်းဆုံးအစားအစာကို အားပါးတရစားသောက်လိုက်လေသည်။ ထို့နောက် ဆိုင်လုလင်ကိုအပြင်ထွက်ခိုင်းပြီး တံခါးပိတ်၍ အိပ်စက်အနားယူလိုက်လေသည်။

ထိုအချိန်တွင် ဆိုင်ရှင်၏သတင်းဖြန့်ဝေမှုကြောင့် ကျောက်စိမ်းနန်းတော်မှမင်းသားလေးရောက်ရှိလာသည့်သတင်းမှာ တစ်မြို့လုံးအုံးအုံးကျွက်ကျွက်ပျံ့နှံ့သွားလေတော့၏။

oooo

နေဝန်းနီကြီးသည် အနောက်ဘက်မိုးကုပ်စက်ဝိုင်းသို့နိမ့်ဆင်းကွယ်ပျောက်သွားပြီဖြစ်သည်။ နေရောင်ခြည်ကွယ်ပျောက်သွားသည်နှင့် အမှောင်ထုကနေရာယူကြီးစိုးလာလေသည်။

ဝမ်ကျက်တစ်မြို့လုံး မီးအိုများထွန်းညှိထားကြပြီဖြစ်၏။

ထို့အတူ ထိပ်တန်းတည်းခိုခန်း၌လည်း မီးရောင်များထိန်ထိန်လင်းအောင်ထွန်းညှိထားပြီဖြစ်၏။ ကျောက်စိမ်းမင်းသားလေးသည် နေဝင်မိုးချုပ်သည့်အခါမှနိုးလာ၏။ အိပ်ရာမှနိုးလာသည်နှင့် ဆိုင်ရှင်စီစဉ်ပေးသည့်အတိုင်း ရေမိုးချိုးကာအဝတ်အစားလဲလိုက်သည်။ ပြီးသည်နှင့် ညစာစီစဉ်ခိုင်းတော့သည်။

ဆိုင်ရှင်က မညည်းမညူ လိုလေသေးမရှိ လုပ်ကိုင်ပေး၏။ ကျောက်စိမ်းမင်းသားလေးသည် အမျိုးအမယ်စုံလင်လှသောဟင်းလျာများကို အရသာခံ၍စားသောက်လိုက်သည်။

ထမင်းနည်းနည်းစားပြီး ဟင်းများများစားခြင်းဖြစ်၏။



အကောင်းဆုံး ပန်းတစ်ရာအရက်ကိုလည်း တစ်အိုးလုံးကုန်အောင်သောက်ပစ်လိုက်၏။

ရုတ်တရက်ဆိုလျှင်....

သူသည် နွားငတ်ရေကျစားသောက်သည်ဟုဆိုနိုင်၏။

သို့သော် ဆိုင်ရှင်ကထိုသို့မထင်သည့်အပြင် အားရပါးရစားသောက်သည်ကိုပင် ဝမ်းသာနေမိလေသည်။

"ငါ့တည်းခိုခန်းကစားသောက်စရာတွေကို သူသိပ်သဘောကျနေပြီ၊ စားလိုက်တာများအမေ်းမရဘဲ"

ဆိုင်ရှင်သည် ယင်းသို့တွေးကာဝမ်းသာပီတိဖြစ်နေလေ၏။ သူသည် ကျောက်စိမ်းမင်းသားလေး တည်းခိုစားသောက်သမျှ တစ်ပြားတစ်ချပ်မျှမယူဘဲ စေတနာဖြင့်အကုန်အကျခံရန်လည်း စိတ်ကူးထားလေသည်။

အကြောင်းကား ထိပ်တန်းတည်းခိုခန်းသို့ ကျောက်စိမ်းနန်းတော်မှ မင်းသားလေးကိုယ်တိုင် လာရောက်တည်းခိုချီးမြှင့်သွားသည်ဟူသောဂုဏ်သတင်းသည် ကျောက်စိမ်းမင်းသားအား ကျွေးမွေးဧည့်ခံလိုက်ရသည့်စရိတ်နှင့် မည်သို့မျှ မနှိုင်းယှဉ်သာသောကြောင့်ဖြစ်ပေသည်။

ကျောက်စိမ်းနန်းတော်မှမင်းသားလေး လာရောက်တည်းခို သွားသည်ဆိုသောသတင်းကြောင့် သူ၏တည်းခိုခန်းကို လူအများက သတိပြုမိသွားကြမည်ဖြစ်သည်။ ကျောက်စိမ်းနန်းတော်မှ မင်းသားလေးပင် လာရောက်တည်းခိုသည်ဆိုသောကြောင့် လူအများသည် တည်းခိုခန်းကို သေချာပေါက် စိတ်ဝင်စားကြတော့မည်ဖြစ်သည်။

ထိုအကျိုးဆက်ကြောင့် နောက်နောင် လာရောက်တည်းခို သူများဖြင့် စည်ကားနေလိမ့်မည်ဟုယုံကြည်မျှော်လင့်ထားလေ၏။ မင်းသားလေးကိုတာဝန်ယူစည့်ခံခွင့်ရသဖြင့် ဝမ်းကျက်မြို့တွင် အရေး ပါသူတစ်ယောက်အဖြစ်သို့လည်း နေ့ချင်းညချင်းရောက်ရှိသွားခဲ့ရ သည်မဟုတ်ပါလား။

မင်းသားလေးစားသောက်ပြီးစီးသွားသည့်အခါ ဆိုင်ရှင်က မရဲတရဲဖြင့်ဂါရဝပြုလိုက်ပြီး...

"မင်းသားလေးခင်ဗျာ... အနှောင့်အယှက်ပေးသလိုဖြစ် သွားရင် တောင်းပန်ပါတယ်၊ ပြောစရာလေးတစ်ခုရှိလို့ ပြောခွင့်ပြု ပါခင်ဗျာ"

ဟုခွင့်တောင်းလိုက်လေသည်။

မင်းသားလေးကခေါင်းညိတ်လိုက်၏။



"ပြောပါဗျာ... ဘာမှအားနာစရာမလိုပါဘူး၊ ပြောစရာရှိ တာပြောပါ"

စိတ်သဘောကောင်းစွာဖြင့်ခွင့်ပြုလာလေသည်။

ဆိုင်ရှင်မှာ အနည်းငယ်ပြောရဲဆိုရဲရှိလာပြီး...

"ဒီလိုပါခင်ဗျာ... မင်းသားလေးရောက်လာတဲ့သတင်းကို ကြားတော့ ဒီမြို့ကသူဌေးကြီးတွေ... ကုန်သည်ပွဲစားတွေက မင်းသား လေးနဲ့တွေ့ချင်နေကြပါတယ်၊ မင်းသားလေးကိုတွေ့ဆုံဂါရဝပြုပြီး လက်ဆောင်ပစ္စည်းတွေပေးဖို့ အစီအစဉ်ရှိနေကြပါတယ်၊ အဲဒါ..."

ဆိုင်ရှင်က မင်းသားလေး၏သဘောထားကိုသိလိုဟန်ဖြင့် စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လေသည်။

မင်းသားလေး သက်ပြင်းချလိုက်သည်။

"အင်း... ကျုပ်အတော့်ကိုခရီးပမ်းလာတယ်၊ ဒါကြောင့် အေးအေးဆေးဆေးအနားယူလိုက်မယ်လို့ အားခဲထားခဲ့တယ်၊ ဒါပေ မယ့် ကျုပ် ခုလိုခရီးထွက်လာတာကိုက ရည်ရွယ်ချက်တစ်ခုကြောင့် ဖြစ်နေလို့... ကောင်းပြီလေ ကျုပ်ကိုတွေ့ချင်နေတဲ့သူတွေနဲ့တွေ့ရ မှာပေါ့၊ ဒါပေမယ့် ကျုပ်တစ်ခုတော့ပြောချင်တယ်"

ဆိုင်ရှင်ကဦးညွတ်လိုက်သည်။

"ဟုတ်ကဲ့... ပြောပါမင်းသားလေး"

ကျောက်စိမ်းမင်းသားလေးက....

"ကျုပ်က လူအများနဲ့ဆက်ဆံရမှာကို အင်မတန်ဝန်လေးတတ်တာဗျ၊ ဒါကြောင့် ဒီမြို့မှာအရေးအပါဆုံးပုဂ္ဂိုလ်သုံးဦးကိုပဲခေါ်လာခဲ့ပါ"

"ကောင်းပါပြီ... မင်းသားလေး"

ဆိုင်ရှင်သည် ပျာပျာသလဲဦးညွှတ်ကာ ဝမ်းသာအားရဖြင့် အပြေးတစ်ပိုင်းထွက်သွားလေတော့၏။

၀၀၀၀



သူဌေးကျီ....

သူဌေးကျီသည် ဝမ်ကျက်မြို့၌ ကျောက်စိမ်းမင်းသားလေး ရောက်နေသည့်သတင်းကိုကြားသည်နှင့် မည်သူမျှမသွားနိုင်သည့် လျင်မြန်မှုမျိုးဖြင့် ဝမ်ကျက်မြို့သို့ရောက်လာ၏။

ကုန်သည်ချန်သည် ဝမ်ကျက်မြို့မှထိပ်တန်းကုန်သည်ကြီး ဖြစ်သည်။ သူသည် သူဌေးကျီနှင့်အဆက်အသွယ်ရှိသူဖြစ်၏။

သခင်ကြီးလီသည် ဝမ်ကျက်မြို့စားဖြစ်၏။

ကျောက်စိမ်းမင်းသားလေးက အရေးကြီးပုဂ္ဂိုလ်သုံးဦးကိုသာ လက်ခံတွေ့ဆုံမည်ဟုပြောသည့်အတွက် ဆိုင်ရှင်သည် သူဌေးကြီး၊ မြို့စားနှင့်ကုန်သည်တို့အား ကျောက်စိမ်းမင်းသားလေးနှင့်တွေ့ဆုံနိုင်ရန်စီစဉ်ပေးလိုက်လေသည်။

၀၀၀၀

ဆိုင်ရှင်၏စီစဉ်ပေးမှုဖြင့် မြို့စား၊ သူဌေးကြီးနှင့်ကုန်သည်တို့သည် ကျောက်စိမ်းမင်းသားလေးတည်းခိုရာ ပန်းခြံထဲရှိအိမ်လေးသို့ရောက်ရှိလာကြလေသည်။

သူတို့ အိမ်ထဲသို့ဝင်ရောက်လိုက်သည့်အခါ ကျောက်စိမ်းမင်းသားလေးသည် နံရံကိုမျက်နှာမူ၍လက်နှစ်ဖက်နောက်ပစ်ကာရပ်နေသည်ကိုတွေ့ရလေသည်။

နံရံပေါ်တွင် အလွန်သာယာလှပသည့်တောတောင်ရေမြေသဘာဝအလှအပများရေးဆွဲထားသည့် ပန်းချီကားတစ်ချပ်ချိတ်ဆွဲထားလေသည်။ ကျောက်စိမ်းမင်းသားလေးသည် ထိုပန်းချီကားကိုကြည့်၍ ကဗျာတစ်ပုဒ်ရွတ်ဆိုနေခြင်းဖြစ်သည်။

မြို့စားတို့သုံးယောက်မှာ တစ်ဦးကိုတစ်ဦးကြည့်လိုက်မိကြ၏။ ကျောက်စိမ်းမင်းသားလေးသည် သိုင်းလောက၌ လျှမ်းလျှမ်းတောက်ကျော်ကြားသူဖြစ်သည်။ သူနှင့်ပတ်သက်သည့်သတင်းပေါင်းစုံကို မြို့စားတို့သုံးယောက် ကြားဖူးထားကြပြီးဖြစ်သည်။

ထို့ကြောင့် ကျောက်စိမ်းမင်းသားလေးသည် သိုင်းလောကသားပီပီ ခက်ထန်ကြမ်းတမ်းသောအသွင်ရှိလိမ့်မည်ဟုမမြင်ဘူးမီက ခန့်မှန်းထားမိခဲ့ကြသည်။



သို့သော် ယခုသူတို့တကယ်တွေ့မြင်ရသည့်အခါ ကျောက်စိမ်းမင်းသားလေးသည် အလွန်နူးညံ့သိမ်မွေ့ပြီး စိတ်ထားဖြူစင်သူတစ်ယောက်၏အသွင်အပြင်မျိုးရှိနေသည်ကို တွေ့မြင်ရလေသည်။

သူ့ကိုတွေ့ဆုံခွင့်ရသဖြင့် သူဌေးကြီးတို့သုံးယောက် ကျေနပ်ဝမ်းသာသွားကြသည်။

သူတို့သည် ကျောက်စိမ်းမင်းသားလေးကို လာရောက်တွေ့ဆုံကြသည်မှာ ရည်ရွယ်ချက်ကိုယ်စီရှိနေကြသည်။

သူဌေးကျိုနှင့်ကုန်သည်ချန်တို့သည် ကျောက်စိမ်းနန်းတော်နှင့်ဆက်သွယ်၍ကုန်စည်ရောင်းဝယ်ဖောက်ကားလိုကြသည်။

ထိုနန်းတော်၏အရှိန်အဝါကိုအသုံးချနိုင်မည်ဆိုလျှင် သူတို့၏လုပ်ငန်းများ အလျင်အမြန်တိုးတက်မည်ဟုယုံကြည်ထား၏။

ကျောက်စိမ်းနန်းတော်နှင့် ဆက်သွယ်မိခြင်းဖြင့် သူတို့၏စီးပွားရေးသည် ဒီရေအလား လျင်မြန်စွာတိုးတက်လာမည်မှာ မြေကြီးလက်ခတ်မလွဲသေချာလှသည်။ သူဌေးကြီးကျိုနှင့် ကုန်သည်ချန်တို့က ယင်းသို့ ယုံကြည်မျှော်လင့်ထားကြသည်။

မြို့စားလီကမူ အလွန်ရိုးအသောရှေးအဘိုးကြီးတစ်ဦးဖြစ်သည်။ နာမည်ကြီးလှသည့်မင်းသားလေးရောက်လာသည်ဆိုသဖြင့်

လာရောက်တွေ့ဆုံခြင်းဖြစ်သည်။ အဖြူရောင်သိုင်းသမားများသည် တရားဥပဒေစိုးမိုးရေး ရပ်ရွာငြိမ်းချမ်းသာယာရေးတွင် တတပ်တ အားပါဝင်ကူညီလေ့ရှိကြသည်မဟုတ်ပါလား။

ထို့ကြောင့် အဖြူရောင်သိုင်းလောကသား ကျောက်စိမ်း မင်းသားလေးကိုတွေ့ဖူးမြင်ဖူးအောင် လာရောက်တွေ့ဆုံခြင်းဖြစ် လေသည်။

သူတို့စောင့်ကြည့်နေကြစဉ်မှာပင် ကျောက်စိမ်းမင်းသား လေး၏ကဗျာရွတ်သံပျောက်ကွယ်သွား၏။

တစ်ဆက်တည်းမှာပင်...

ကျောက်စိမ်းမင်းသားလေးသည် သူတို့ဘက်သို့လှည့်ကြည့် လာလေသည်။ သူဌေးကျိုတို့သုံးယောက်ဦးညွှတ်လိုက်ပြီး....

"မင်းသားလေးကိုဂါရဝပြုပါတယ်"

ဟု ပြိုင်တူပြောလိုက်ကြသည်။

ကျောက်စိမ်းမင်းသားလေးက....

"ဩော်... လူကြီးမင်းတို့ ရောက်လာကြပြီကိုး... ထိုင်ကြ ပါ၊ ထိုင်ကြပါ"

ချက်ချင်း နေရာထိုင်ခင်းပေး၏။



သူဌေးကျိုသည် ကျောက်စိမ်းနန်းတော်နှင့်အဆက်အသွယ် ရှိဖူးသော်လည်းကျောက်စိမ်းမင်းသား နှင့်တစ်ကြိမ်တစ်ခါမျှတွေ့ဆုံ ဖူးခြင်းမရှိပေ။

ယခုမှ သူ့ကိုတွေ့ဖူးခြင်းဖြစ်သည်။

သုံးဦးသားဝိုင်းဖွဲ့ထိုင်လိုက်ကြ၏။

ကျောက်စိမ်းမင်းသားကလည်းထိုင်လိုက်သည်။

သူဌေးကျိုကပင် စတင်၍....

"မင်းသားလေး သိုင်းလောကထဲဆင်းလာတော့မယ်ဆိုတဲ့ သတင်းကိုကြားကတည်းက ကျုပ်တို့အားလုံး မင်းသားလေးနဲ့တွေ့ ခွင့်ရဖို့မျှော်လင့်နေခဲ့ကြတာ၊ မင်းသားလေးကို လာရောက်ဂါရဝပြု ပြီး ဂုဏ်ပြုလက်ဆောင်ပေးပါရစေ"

ကုန်သည်ချုန်ကလည်း....

"ဟုတ်ပါတယ် ကျုပ်တို့ကမင်းသားလေးကိုလေးစားလွန်း လို့ ဂုဏ်ပြုဖို့ရောက်လာကြတာပါ"

ပြောပြောဆိုဆိုပင် အသင့်ယူဆောင်လာသည့် အဖိုးတန် လက်ဆောင်ပစ္စည်းများကို အသီးသီးထုတ်ယူပြီးပေးအပ်ရန်ဟန်ပြင် လိုက်ကြသည်။

ကျောက်စိမ်းမင်းသားလေးက လက်ကာပြရင်း ဟန့်တားလိုက်၏။

"အို… နေပါ… နေပါ၊ ကျုပ်ကတောင်လက်ဆောင်ပြန်ပေးရမှာပါ၊ အရေးကြီးတဲ့ကိစ္စတစ်ခုကြောင့် သိုင်းလောကထဲကိုဖြုန်းစားကြီးဆင်းလာခဲ့တာပါ၊ အင်း… ပြောရရင်တော့ လမ်းခရီးမှာကြုံတွေ့ခဲ့ရတဲ့ကိစ္စတစ်ခုကြောင့် အတော်လေးစိတ်မကောင်းဖြစ်မိတယ်၊ ဒီကိစ္စကိုဘယ်လိုဖြေရှင်းရမလဲဆိုတာကိုလဲစဉ်းစားနေမိတယ်"

သူဌေးကျိုတို့သည် သူတို့၏လက်ဆောင်ပစ္စည်းများကို မင်းသားလေးကလက်မခံသဖြင့် စိတ်မကောင်းဖြစ်သွားကြ၏။

သို့သော် သူပြောသည့်စကားကိုစိတ်ဝင်စားသွားကြသဖြင့် အာရုံပြောင်းသွားကြလေသည်။

သူဌေးကျိုက စိတ်ဝင်တစားလေသံဖြင့်…

"မင်းသားလေးခင်ဗျာ… ဘယ်လိုစိတ်မကောင်းစရာကိစ္စနဲ့ကြုံတွေ့ခဲ့ရသလဲဆိုတာပြောပြပါလား"

ဟုမေးလိုက်လေသည်။

မြို့စားနှင့်ကုန်သည်တို့ကလည်း ခေါင်းညိတ်လိုက်ကြပြီး…

"ဟုတ်ပါတယ်ဗျာ၊ ပြောပြနိုင်ရင်ပြောပြပါလားဗျာ"



သူဌေးကြီးကျိုတို့သုံးယောက်က စိတ်ဝင်တစား ဝိုင်းဝန်းတောင်းဆိုနေကြသဖြင့် ကျောက်စိမ်းမင်းသားသည် သက်ပြင်းတစ်ချက်ချလိုက်၏။ ပြီးမှ…

"အင်း… ပြောရမှာတော့ အတော့်ကိုစိတ်မကောင်းစရာဘဲ၊ ကျုပ် ဟွမ်ဟိုပြည်နယ်ကဖြတ်လာတာ၊ အဲဒီနယ်မှာ မိုးခေါင်ရေရှားဒဏ်ကိုအလူးအလဲခံကြရတယ်၊ မိုးခေါင်ရေရှားဒဏ်ခံရပြီး မကြာမီမှာဘဲ မိုးကြီးပြီးရေလွှမ်းမိုးတဲ့ဒဏ်ကိုခံကြရပြန်တယ်၊ ဒါကြောင့် လူတွေအတော့်ကိုအတိဒုက္ခရောက်နေကြရတာကို ကျုပ်ကိုယ်တိုင်မျက်ဝါးထင်ထင်တွေ့မြင်ခဲ့ရတယ်၊ အဲဒီထဲမှာ ဟန်စင်းကျေးရွာက အခြေအနေဟာအဆိုးဆုံးပဲ"

ပြောဆိုနေသောလေသံအရ ကျောက်စိမ်းမင်းသားသည် ကြုံတွေ့ခဲ့ရသောအခြေအနေများအတွက် လွန်စွာစိတ်ထိခိုက်နေကြောင်း သိသာထင်ရှားလှသည်။

သူဌေးကျိုကခေါင်းညိတ်ကာ…

"ဟုတ်ပါတယ်မင်းသားလေး၊ ဒီသတင်းကိုကျုပ်တို့လဲကြားမိပါတယ်၊ တကယ့်ကိုစိတ်မကောင်းစရာပါပဲ"

ကုန်သည်ချန်ကလည်း…

"ဟွမ်ဟိုနယ်မှာရှိတဲ့ကုန်သည်တွေကလည်း စီးပွားပျက်ပြီး အရှုံးပေါ်ကြလို့ ကျုပ်နဲ့ဆက်သွယ်တဲ့ကုန်သည်တချို့ ခုထိအကြွေး တောင် မဆပ်နိုင်ဘဲဖြစ်နေကြပါတယ်"

ကျောက်စိမ်းမင်းသားသည် သူတို့၏စကားကို သိပ်စိတ်ဝင်စားဟန်မရှိပါ။ တစ်စုံတစ်ခုကိုသာ အလေးအနက်ထား၍တွေးတော စဉ်းစားနေဟန်ရှိလေသည်။

ကျောက်စိမ်းမင်းသားသည် သူဌေးကြီးကျိုတို့သုံးယောက်ကိုတစ်ချက်ဝေ့ကြည့်လိုက်ပြီး....

"ကောင်းပြီ... ဟွမ်ဟိုနယ်ရဲ့စီးပွားရေးဟာ နဂိုအတိုင်းပြန်ပြီးနလံထူနိုင်ပါဦးမလား၊ ခင်ဗျားတို့ ဘယ်လိုသဘောရသလဲ"

ဟုမေးလိုက်၏။ ထိုစကားကြားသည့်အခါ သူဌေးကြီးတို့ ကျေနပ်သွားကြသည်။ကျောက်စိမ်းမင်းသားသည် သူတို့ထံမှအကြံဉာဏ်တောင်းခံလာနေပြီမဟုတ်ပါလား။

သူဌေးကျိုက....

"ဟွမ်ဟိုပြည်နယ်ရဲ့အခြေအနေကိုကြည့်ရင် ဒီနှစ်မိုးရာသီကုန်ဆုံးပြီးတဲ့နောက်ပိုင်း ကျိန်းသေရေကျသွားမှာပါ၊ ရေကြီးတုန်းက တင်ကျန်ရစ်ခဲ့တဲ့နုံးမြေတွေကြောင့် စိုက်ပျိုးရေးပိုပြီးဖြစ်ထွန်းအောင်



မြင်လာမှာသေချာတယ်၊ နောက်နှစ်ဆိုရင် စီးပွားရေးနာလံထူလာပါလိမ့်မယ်"

ဟုတွက်ချက်ပြလိုက်လေသည်။ ထို့အတူ ကုန်သည်ချန်ကလည်း အားကျမခံထောက်ခံပြောဆိုလိုက်သည်။

"ဟုတ်ပါတယ်... နောက်ရစ်လလောက်ဆိုရင် အခြေအနေကောင်းသွားမှာပါ၊ ဒါပေမယ့် ဟွမ်ဟိုပြည်နယ်ကို ခုချိန်ကတည်းက လိုအပ်သမျှကိုထောက်ပံ့ပေးနိုင်မှဖြစ်ပါလိမ့်မယ်၊ ငွေကြေးကအစ ရိက္ခာမျိုးစေ့ကအစအောက်ခြေသိမ်းကူညီရမှာမို့ငွေအတော်များများ ရင်းနှီးမြှုပ်နှံရပါလိမ့်မယ်"

ကျောက်စိမ်းမင်းသား မျက်မှောင်ကုပ်လိုက်သည်။

"ခုချိန်ကတည်းက ရင်းနှီးမြှုပ်နှံမှုမလုပ်နိုင်ရင် နောက်နှစ်နလံထူနိုင်ဖို့မလွယ်ဘူးပေါ့"

ကုန်သည်ချန်ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ခုကတည်းက ရင်းနှီးမြှုပ်နှံမှုလုပ်မထားရင် နောက်နှစ်ခါအထိနာလံထူနိုင်မှာမဟုတ်ပါဘူး"

ကုန်သည်ချန်၏စကားကြောင့်....

ကျောက်စိမ်းမင်းသားသက်ပြင်းချလိုက်၏။

"အင်း... ခက်တာပဲ... ကျုပ်ကလည်း အရေးတကြီးထွက်လာခဲ့ရတာ၊ နန်းတော်ကိုပြန်ဖို့ဆိုတာလည်းမလွယ်သေးဘူး၊ ကျုပ်ကိစ္စကိုပြီးပြတ်အောင်ဆောင်ရွက်ရဦးမှာဆိုတော့ အချိန်ကြာဦးမယ်၊ ဒုက္ခပါလား"

ကျောက်စိမ်းမင်းသားက စိတ်ပျက်လက်ပျက်လေသံဖြင့် ညည်းတွားလိုက်လေသည်။

ဤတွင်... သူဌေးကျိုက....

"မင်းသားလေးမှာ ဘယ်လိုအခက်အခဲများရှိနေလို့ပါလဲ... ပြောပါဗျာ၊ ကျုပ်တို့ကိုကိုယ့်လူရင်းတွေလိုသဘောထားပါ"

ကုန်သည်ချုန်ကလည်း....

"ဟုတ်ပါတယ်ဗျာ... ကျုပ်တို့ဟာ မင်းသားလေးရဲ့အကျိုးကိုလိုလားသူတွေပဲဖြစ်ပါတယ်"

ဟုဝင်ပြောလေသည်။ ကျောက်စိမ်းမင်းသားက....

"အင်း... ခင်ဗျားတို့ဆီကဒီလိုစကားမျိုးကြားရတာ အားရှိလိုက်တာဗျာ၊ ကျုပ်ကဒီပြည်နယ်ကလူတွေ အထူးသဖြင့် ဟန်စင်းရွာကလူတွေ အတိဒုက္ခရောက်နေတာကိုမကြည့်ရက်ဘူးဗျာ၊ သူတို့အတွက် လိုလေသေးမရှိအောင်ကူညီဆောင်ရွက်ပေးချင်တယ်"



တစ်ချိန်လုံးတိတ်ဆိတ်နေသောမြို့စားလိက ယခုတစ်ကြိမ်တွင် နှုတ်ဆိတ်မနေဘဲဝင်ပြောလိုက်သည်။

"ဩော်... မင်းသားလေးရယ်၊ ဒါများ အခက်အခဲလုပ်လို့ ကျုပ်တို့ပဲဒီကိစ္စကိုဆောင်ရွက်ပေးလိုက်ပါ့မယ်၊ မင်းသားလေး ဘာမှစိတ်အနှောင့်အယှက်မဖြစ်ပါနဲ့တော့"

ကုန်သည်ချုန်ကဈက်နှာလိုအားရဖြင့်....

"ဟုတ်ပါတယ်မင်းသားလေး ဟန်စင်းရွာကလူတွေအတွက် ဘာမှမပူပါနဲ့၊ ရိက္ခာဆေးဝါးအသုံးအဆောင်နဲ့မျိုးစေ့တွေ ဘာဆိုဘာမှလိုလေသေးမရှိအောင် ထောက်ပံ့ပေးလိုက်ပါ့မယ်"

"ခင်ဗျားတို့နှစ်ယောက် တကယ်ပြောနေကြတာနော်"

"တကယ်ပါမင်းသားလေး"

သူတို့ကပြိုင်တူပြောလိုက်၏။

"ကောင်းပါပေတယ်ဗျာ... ဒါပေမယ့် အချိန်ဆွဲနေလို့မဖြစ်ဘူးနော်၊ သူတို့ဟာ အကူအညီကအရေးတကြီးလိုအပ်နေကြတာ"

ကုန်သည်ချုန်က....

"ကျုပ်မှာ ရိက္ခာပစ္စည်းတွေသိုလှောင်ထားတာရှိပါတယ်၊ မနက်မိုးလင်းတာနဲ့ မြင်းလှည်းတွေစီစဉ်ပြီး ဟန်စင်းရွာကိုအမြန်ဆုံး

အရောက်ပို့နိုင်းပါ့မယ်”

ကျောက်စိမ်းမင်းသားပြုံးလိုက်သည်။

“ကျုပ်တစ်သက်တာမှာ ဒီလောက်ဝမ်းသာပီတိဖြစ်ရတာ မရှိသေးဘူး၊ ခင်ဗျားတို့နှစ်ယောက်ကိုကျေးဇူးတင်ပါတယ်၊ သေသေချာချာမှတ်တမ်းတင်ထားလိုက်ပါ့မယ်၊ ကဲ... ညဥ့်နက်လှပြီ၊ တခြားကိစ္စတွေရှိရင် မနက်ဖြန်ညနေကျမှပဲ ဆက်ပြီးဆွေးနွေးကြတာပေါ့၊ မကောင်းဘူးလား”

သူဌေးကြီးကျိုတို့သည် ပြောစရာများရှိနေသေးသော်လည်း မနက်ဖြန်ညနေမှဆက်ပြောရန် ချန်ထားလိုက်ကြသည်။ ထို့နောက် ကျောက်စိမ်းမင်းသားကိုနှုတ်ဆက်ကာ ပြန်သွားကြလေသည်။

၀၀၀၀

ညဥ့်နက်ပြီဖြစ်သည်။

ဝန်းကျင်တစ်ခုလုံးမှောင်မိုက်တိတ်ဆိတ်နေ၏။

ကျောက်စိမ်းမင်းသား၏သီးသန့်အိမ်လေးတွင် မီးရောင်များထွက်ပေါ်နေဆဲဖြစ်သည်။

သူ မအိပ်သေးပါ။ မအိပ်နိုင်အောင် အတွေးကြွယ်နေခြင်းကြောင့်ဖြစ်၏။ သူ၏မျက်လုံးထဲ၌ မကြာမီ သာယာဝပြောလာတော့မည့်ဟန်စင်းကျေးရွာကိုပုံဖော်ကြည့်နေမိသည်။

သူဌေးကြီးကျိုတို့သည် သူတို့၏ကတိအတိုင်း မိုးလင်းသည်နှင့် ဆောင်ရွက်စရာရှိသည်များကိုဆောင်ရွက်ကြလိမ့်မည်ဖြစ်သည်။

ကုမင်တို့လူစု ဝမ်းသာပျော်ရွှင်နေကြပေလိမ့်မည်။

သူတို့သည် မိမိအား ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းပေးနေကြမည်မှာသေချာလှသည်။

အမှန်တော့....

သူသည် သူဌေးကြီးကျိတို့ ထင်မှတ်နေကြသလို ကျောက်စိမ်းမင်းသားလေးမဟုတ်ပါ။ ကျောက်စိမ်းမင်းသားလေးအဖြစ်ဟန်ဆောင်ထားသည့် လိဝမ်ရိသာဖြစ်ပေသည်။

လိဝမ်ရိသည် ကျေနပ်သဘောကျစွာတွေးရင်း မီးအိမ်ကို မှုတ်၍ခုတင်ပေါ်လဲလျောင်းလိုက်၏။ သူ၏ဘဝတွင် ပထမဆုံးအကြိမ် ရပ်ရွာအတွက်အကျိုးရှိမည့်အလုပ်တစ်ခုကိုလုပ်နိုင်ခဲ့ပြီဖြစ်၍ ပျော်ရွှင်ကြည်နူးနေပြီး အတွေးတို့ကိုရပ်တန့်လိုက်သည်နှင့်နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားလေတော့၏။

၀၀၀၀



"ဒေါင်… ဒေါင်"

အဝေးမှအုန်းမောင်းခေါက်သံနှစ်ချက်ထွက်လာ၏။

ညဉ့်နှစ်ချက်တီးပြီဖြစ်သည်။

ဝမ်ကျက်တစ်မြို့လုံး တံခါးပိတ်မီးမှိတ်ကာ အိပ်မောကျနေကြပြီဖြစ်သည်။ ထို့အတူ မင်းသားလေးအယောင်ဆောင်ထားသည့် လိဝမ်ရိသည်လည်း အိပ်မောကျနေပြီဖြစ်သည်။

ထိုအချိန်တွင် လူရိပ်တစ်ရိပ်သည် ထိပ်တန်းတည်းခိုခန်းအနီးသို့ မှောင်ရိပ်ကိုအကာအကွယ်ယူ၍ရောက်ရှိလာ၏။

ထိုလူသည် ဟိုဟိုဒီဒီအကဲခတ်ကြည့်ပြီးနောက် လိဝမ်ရိရှိနေသည့်သီးသန့်အိမ်လေးအနီးသို့ချဉ်းကပ်သွား၏။ ထိုလူ၏လှုပ်ရှားမှုသည် လွန်စွာတိတ်ဆိတ်ညင်သာလှသဖြင့် မည်သူမျှသိနိုင်ကြမည်မဟုတ်ပါချေ။

ထိုလူ အိမ်ကလေးအနီးသို့ရောက်ရှိသွားသည့်အခါ…

"ဒေါက်… ဒေါက်"

တံခါးကိုအသာအယာခေါက်လိုက်သည်။

ရုတ်တရက်ထွက်ပေါ်လာသည့် တံခါးခေါက်သံကြောင့် လိဝမ်ရိလန့်နိုးလာသည်။

"ဒေါက်... ဒေါက်"

တံခါးခေါက်သံက ခပ်အုပ်အုပ်ထပ်မံထွက်ပေါ်လာပြန်လေသည်။ လိဝမ်ရီအံ့ဩသွားသည်။

"ညဥ့်အချိန်မတော် ဘယ်သူများပါလိမ့်"

တွေးရင်းမီးအိမ်ကိုထွန်းညှိလိုက်၏။ ပြီးနောက်....

"ဘယ်သူလဲ"

ဟုမေးလိုက်သည်။ အပြင်ဘက်မှလူက....

"ကျုပ်တို့ မင်းသားလေးကိုလာပြီးဂါရဝပြုကြတာပါ"

ဟုပြန်ပြောသည်။ ထိုစကားကြောင့် လိဝမ်ရီ ထိတ်ခနဲဖြစ်သွား၏။ ညအချိန်မတော် သွားလာလှုပ်ရှားနေသူမှာ မည်သည့်နည်းနှင့်မျှလူကောင်းမဖြစ်နိုင်ကြောင်းတွေးမိလိုက်၏။

သူသည် ကျောက်စိမ်းမင်းသားလေးအဖြစ်ဟန်ဆောင်ထားသူဖြစ်သည်။ ထိုကိစ္စပေါ်ပေါက်သွား၍မဖြစ်သေးပေ။

သူဌေးကြီးကျိုတို့ ဟန်စင်းကျေးရွာအတွက်လိုအပ်သည့်ပစ္စည်းများပို့ဆောင်ပေးသည်အထိ ဟန်ဆောင်နေရဦးမည်ဖြစ်၏။ ရွာသို့ ပစ္စည်းများပို့ဆောင်ပြီးမှသာ သူသည် ဟန်ဆောင်မျက်နှာဖုံးကိုခွာချ၍ရှောင်တိမ်းသွားရန်စီစဉ်ထားလေသည်။



ထို့ကြောင့် ယခုအချိန်တွင် မင်းသားလေးအဖြစ်ဆက်ပြီးဟန်ဆောင်နေရဦးမည်ဖြစ်၏။

သူ တံခါးဖွင့်လိုက်၏။

မီးအိမ်မှအလင်းရောင်က အပြင်ဘက်သို့တိုင်ဖြာကျနေ၏။ မီးရောင်ဖြင့် အိမ်ရှေ့၌ အနက်ရောင်ဝတ်ဆင်၍မျက်နှာဖုံးစွပ်ထားသူတစ်ယောက်ရှိနေသည်ကိုတွေ့ရ၏။

လိဝမ်ရီသည် အတွေ့အကြုံအရည်လူတစ်ယောက်နှင့်တွေ့နေရပြီဖြစ်ကြောင်းနားလည်လိုက်၏။

ထို့ကြောင့် သတိထားရင်း....

"ခင်ဗျား... ဘယ်သူလဲ၊ ညကြီးအချိန်မတော် ဘာကိစ္စနဲ့ရောက်လာရတာလဲ"

ဟုမေးလိုက်သည်။ အနက်ရောင်ဝတ်ထားသူက လက်နှစ်ဖက်ဆုပ်၍ဦးညွှတ်လိုက်ရင်း...

"ကျုပ်ကညဥ့်ငှက်တစ်ကောင်ပါ... ဒီနယ်တစ်ဝိုက်မှာ ကျင်လည်ကျက်စားနေကြတဲ့ အနက်ရောင်သိုင်းသမားတွေရဲ့ကိုယ်စား မင်းသားလေးကိုလာရောက်ဂါရဝပြုခြင်းဖြစ်ပါတယ်"

"ဩော်...."

လိဝမ်ရှိခေါင်းညိတ်၏။

"ကောင်းပြီလေ... အိမ်ထဲဝင်ပါဦး၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

အိမ်ထဲဝင်ရန်ဖိတ်ခေါ်၍ ထိုလူ၏တုံ့ပြန်မှုကိုအကဲခတ်နေလိုက်၏။ ညဥ့်ဧည့်သည် မည်သို့သောသဘောဖြင့်လာရောက်သည်ကိုမသိနိုင်ပါ။ အနက်ရောင်သိုင်းသမားတစ်ယောက်ဖြစ်နေ၍သတိထားရလိမ့်မည်ဟုနားလည်ထား၏။ သို့သော် ထိုသူ့အားအကဲခတ်ရသည်မှာ အန္တရာယ်ပြုမည့်အရိပ်အယောင်ကိုမတွေ့ရချေ။

ထိုလူသည် လိဝမ်ရှိက ဖိတ်ခေါ်လိုက်သည်နှင့် အိမ်ထဲသို့ အသာတကြည်ပင်ဝင်လာလေသည်။

လိဝမ်ရှိ စိတ်သက်သာရာရသွား၏။ ထိုလူရောက်လာခြင်းသည် သူ့အားအန္တရာယ်ပြုရန်မဟုတ်ကြောင်းနားလည်လိုက်၏။

လိဝမ်ရှိက ထိုလူကိုနေရာထိုင်ခင်းပေးလိုက်ပြီး....

"ကဲ... ခင်ဗျားမှာ ကျုပ်ကိုတွေ့ချင်ရတဲ့အကြောင်းကိစ္စတစ်ခုခုရှိလိမ့်မယ်လို့ယုံကြည်တယ်၊ ဘယ်လိုကိစ္စလဲဆိုတာ ပွင့်ပွင့်လင်းလင်းပြောပါဗျာ"

ဟုမေးလိုက်၏။



ထိုလူကမထိုင်ပါ။

လိဝမ်ရှိကိုဦးညွှတ်ကာ....

"ဟုတ်ပါတယ်ဗျာ... ကျုပ် မင်းသားလေးကိုလာပြီး ဂါရဝပြုရတာဟာ အကြောင်းရှိပါတယ်၊ ကျုပ်တို့ဟာ ဒီနယ်တစ်ဝိုက်မှာ ကျင်လည်ကျက်စားနေကြတဲ့ အနက်ရောင်သိုင်းသမားတွေဖြစ်ကြပါတယ်၊ မင်းသားလေးရောက်လာတော့ အားလုံးစိတ်သောကရောက်နေကြရပါတယ်"

လိဝမ်ရှိမျက်မှောင်ကုပ်သွား၏။

နားမလည်နိုင်ဟန်ဖြင့် ထိုလူ့အားကြည့်ကာ....

"ကျုပ်ရောက်လာလို့ အားလုံးစိတ်သောကရောက်နေကြရတယ်ဟုတ်လား"

"ဟုတ်ပါတယ်မင်းသားလေး"

လိဝမ်ရှိက....

"ဘာကြောင့်များလဲ၊ ပြောစမ်းပါဦး"

ထိုလူက....

"ကျုပ်တို့ဟာအနက်ရောင်သိုင်းလောကသားတွေပါ၊ အဖြူရောင်သိုင်းလောကသားတွေနဲ့ဆန့်ကျင်ဘက်ဖြစ်ပါတယ်၊ မင်းသား

လေးကကျုပ်တို့ကိုဆုံးမမယ်ဆိုရင် ကျုပ်တို့ ဒီနယ်မှာနေစရာရှိတော့မှာမဟုတ်ပါဘူး၊ ဒါကြောင့် ကျုပ်တို့ကိုခွင့်လွှတ်ဖို့ အားလုံးကိုယ်စားလာပြီးတောင်းပန်တာပါ"

ထိုစကားကြောင့် လိဝမ်ရီရယ်မောလိုက်၏။

"လက်စသတ်တော့ ကျုပ်ရောက်လာလို့ ခင်ဗျားတို့စိုးရိမ်နေကြတာကိုး"

ထိုလူ ပျာပျာသလဲခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်... မင်းသားလေး"

လိဝမ်ရီကအသာအယာပြုံးကာ....

"သိုင်းလောကမှာအဖြူရောင်သိုင်းသမားတွေရှိသလို အနက်ရောင်သိုင်းသမားတွေလဲရှိနေကြတာ နှစ်ပေါင်းရာထောင်ချီနေပြီမဟုတ်လား"

"ဟုတ်ပါတယ်... ဟုတ်ပါတယ်၊ မင်းသားလေး"

ညဉ့်ငှက်က အားတက်သရောထောက်ခံလိုက်လေ၏။

လိဝမ်ရီက....

"ကျုပ်တို့ရောက်နေတုန်း ခင်ဗျားတို့အသာလေး လှုပ်နေကြပါ၊ သူတစ်ပါးလက်ညှိုးထိုးစရာ ပြောစရာဖြစ်အောင် မလုပ်ကြပါနဲ့



အားလုံးအေးအေးချမ်းချမ်းဖြစ်နေတယ်ဆိုရင် ကျုပ်အနေနဲ့လဲ ဘာမှလုပ်စရာလိုတော့မှာမဟုတ်ဘူးပေါ့"

"ဟာ... ကျေးဇူးတင်လိုက်တာမင်းသားလေးရယ်"

ညဉ့်ငှက်သည် ကြမ်းပြင်ပေါ်ဒူးထောက်ချလိုက်ပြီး....

"ကျုပ်တို့အားလုံး မင်းသားလေးရဲ့ကျေးဇူးကိုဘယ်တော့မှမေ့မှာမဟုတ်ပါဘူးဗျာ".

ဟုလှိုက်လှိုက်လှဲလှဲပြောလိုက်သည်။

လိဝမ်ရီက....

"အို ဒီလိုမလုပ်နဲ့လေ၊ ကျုပ်က အားလုံးအပေါ်မှာမေတ္တာထားပါတယ်၊ အဖြူရောင်သိုင်းသမားပဲဖြစ်ဖြစ် အနက်ရောင်သိုင်းသမားပဲဖြစ်ဖြစ် သိုင်းလောကသားအားလုံးချစ်ချစ်ခင်ခင် အေးအတူပူအမျှနေထိုင်ကြရင် အကောင်းဆုံးပဲ"

ညဉ့်ငှက်သည် အကြောင်းမသိသဖြင့် လိဝမ်ရီကို အလွန်လေးစားသွားလေတော့သည်။ အကယ်၍ မိမိလာရောက်တွေ့ဆုံသူသည် ကျောက်စိမ်းမင်းသားအစစ်မဟုတ်ဘဲ အတုသာဖြစ်ကြောင်းသိရှိခဲ့မည်ဆိုလျှင် သူသည် ယခုကဲ့သို့လေးစားနိုင်ပါမည်လော။

oooo

ညဥ့်ငှက်သည် လက်နှစ်ဖက်ဆုပ်၍ဦးညွှတ်လိုက်ပြီး....

"မင်းသားလေး အနေနဲ့ ဒီလောက်သဘောထားပြည့်ဝလိမ့်မယ်လို့မထင်မိတာအမှန်ပါ၊ မင်းသားလေးရဲ့ကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူးဗျာ၊ ကျုပ်ရဲ့မိတ်ဆွေတွေအားလုံးကလဲ မင်းသားလေးကိုကျေးဇူးတင်နေကြမှာပါ၊ သတင်းကောင်းပြောပြရအောင် ကျုပ်ကိုသွားခွင့်ပြုပါဦး"

ညဥ့်ငှက်က တလေးတစားပင် ခွင့်ပန်လိုက်ရာ လိဝမ်ရိကဟန်ပါပါခေါင်းညိတ်လိုက်၏။

"ကောင်းပါပြီဗျာ... ကောင်းပါပြီ"

ယင်းသို့ပြောရင်း လိဝမ်ရိသည် ညဥ့်ငှက်အား အိမ်တံခါးပေါက်ဝသို့ရောက်သည့်အထိ လိုက်လံပို့ဆောင်ပေးလိုက်သည်။

ညဥ့်ငှက်သည် ထွက်သွားရန်ဟန်ပြင်ပြီးမှ ခြေလှမ်းရပ်ကာ လိဝမ်ရိအားလှည့်ကြည့်လိုက်သည်။

လိဝမ်ရိကပြုံးပြလိုက်ပြီး....

"ခင်ဗျား ဘာပြောစရာကျန်သေးလို့လဲ"

ဟုမေးလိုက်သည်။

ညဥ့်ငှက်က....



"မင်းသားလေးကိုကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ကျုပ်သတင်းတစ်ခုပေးချင်ပါတယ်"

လိဝမ်ရိခေါင်းညိတ်လိုက်သည်။

"ပြောပါဗျာ"

ညဥ့်ငှက်က....

"ဒီနယ်မှာ သိုင်းအတော်ဆုံးလို့ အားလုံးကသတ်မှတ်ထားကြတဲ့ သိုင်းသမားသုံးယောက်ရှိပါတယ်၊ သူတို့ဟာ မင်းသားလေးရောက်လာတယ်ဆိုတဲ့သတင်းကြားလို့ မင်းသားလေးရဲ့သိုင်းပညာဟာ အမှန်တကယ်ပဲပြိုင်ဘက်ကင်း ဟုတ်မဟုတ်ဆိုတာ လက်တွေ့စမ်းကြည့်ဖို့စီစဉ်နေကြပါတယ်"

"ဟင်...."

မမျှော်လင့်သောစကားကိုကြားရသဖြင့် လိဝမ်ရိ ရင်ထိတ်သွားလေသည်။ သူသည် ကျောက်စိမ်းမင်းသားလေးအဖြစ် ပုံမှားရိုက်ခဲ့ခြင်းမှာ ဟန်စင်းမျှာကိုကူညီလို၍သာဖြစ်သည်။

နောက်ဆက်တွဲပေါ်ပေါက်လာမည့်ပြဿနာများကို ထည့်သွင်းစဉ်းစားခြင်းပြုခဲ့သည်မဟုတ်ချေ။ ယခုတော့ မမျှော်လင့်သောကိစ္စများ ပေါ်ပေါက်လာတော့မည်ဖြစ်သည်။

ညဥ့်ငှက်က....

"သူတို့ဟာ မကြာခင် မင်းသားလေးဆီကိုရောက်လာကြပါလိမ့်မယ်၊ မင်းသားလေးရဲ့သိုင်းပညာဟာ ဘယ်သူ့ကိုမှမှုစရာမလိုဘူးဆိုတာ ကျုပ်တို့နားလည်ထားပါတယ်၊ ဒါပေမယ့် သူတို့ဟာ ခေသူတွေမဟုတ်လို့ သတိထားပါလို့တောင်းပန်ချင်ပါတယ်၊ ကဲ... ကျုပ်ကိုခွင့်ပြုပါဦး"

စကားဆုံးသည်နှင့် ညဥ့်ငှက်သည် ရှေ့သို့လျှပ်တစ်ပြက်ခုန်ထွက်သွားလေ၏။ တစ်ခဏအတွင်းမှာပင် ညဥ့်ငှက်သည်အမှောင်ထုအတွင်းသို့ရိပ်ခနဲတိုးဝင်ပြီး မြင်ကွင်းမှပျောက်ကွယ်သွားလေတော့သည်။

၀၀၀၀



ညဥ့်ငှက်ထွက်သွားပြီဖြစ်သည်။

လိဝမ်ရိကား တံခါးပေါက်ဝ၌ငူငူကြီးရပ်လျက် ကျန်ခဲ့လေသည်။ ညဥ့်ငှက်ကဲ့သို့ အနက်ရောင်သိုင်းသမားတစ်ယောက်သည်ပင် သိုင်းပညာအဆင့်နိမ့်သူမဟုတ်ကြောင်း ထင်ရှားနေသည်။

ထို့ကြောင့် ညဥ့်ငှက်ကသတိထားပါဆိုသောသိုင်းသမားကြီးသုံးယောက်မှာ အလွန်ကြောက်စရာကောင်းသူများဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။

လိဝမ်ရိသည် အန္တရာယ်၏အငွေ့အသက်ကိုစတင်ခံစားလာရပြီဖြစ်သည်။ စောစောပိုင်းကလို စိတ်လက်ပေါ့ပါးနေခြင်း မရှိတော့ပါ။ ကိုယ့်ကိုယ်ကိုလုံခြုံမှုမရှိတော့ဟုပင် ထင်မှတ်လာ၏။

အမှန်အတိုင်းဆိုရလျှင်... သူသည် ထိပ်တန်းတည်းခိုခန်းမှ ညတွင်းချင်းပင်ထွက်သွားချင်နေပြီဖြစ်သည်။

သို့သော် လိဝမ်ရိအနေဖြင့်ထွက်မသွားနိုင်သေးပါ။ နံနက်မိုးလင်းချိန်၌ သူဌေးကျိုနှင့်ကုန်သည်ချန်တို့က ဟန်စင်းရွာအတွက် လိုအပ်သောပစ္စည်းများပို့ဆောင်ပေးပြီးသည်အထိ ဟန်မပျက်နေရဦးမည်ဖြစ်သည်။ ပစ္စည်းများပို့ပြီးမှသာ အသာလစ်ထွက်သွားရမည်ဖြစ်သည်။

ထိုသို့မဟုတ်ဘဲထွက်သွားပါက သူဌေးကျိုနှင့်ကုန်သည်ချုန်တို့ကသက်ာမကင်းဖြစ်ပြီး ဟန်စင်းရွာသို့ပစ္စည်းမပို့ဘဲနေကြမည်ကို စိုးရိမ်ရ၍ဖြစ်သည်။

ထို့ကြောင့်.... လိဝမ်ရိသည် အန္တရာယ်ရှိနေမှန်းသိသော်လည်း ဘာမျှမတတ်နိုင်ဘဲ မိုးလင်းသည်အထိဆက်နေရန် ဆုံးဖြတ်လိုက်ရတော့သည်။

၀၀၀၀



မိုးစင်စင်လင်းလာပြီ ဖြစ်သည်။ နေရောင်ခြည်အောက်တွင် ဝန်းကျင်တစ်ခုလုံး သာယာလှပနေ၏။ ဝမ်ကျက်မြို့သည် နံနက်ခင်း နေရောင်ခြည်နှင့်အတူ လှုပ်ရှားသက်ဝင်လာပြီဖြစ်၏။

လိဝမ်ရိသည် ညဥ့်ငှက်၏စကားကြောင့် စိုးရိမ်စိတ်ဝင်ကာ တစ်ညလုံး သတိထားနေရတော့၏။ ထို့ကြောင့် မိုးလင်းသည့်တိုင် အိပ်မပျော်နိုင်ခဲ့ချေ။ မိုးစင်စင်လင်းသည့်အခါ လိဝမ်ရိမှာအိပ်ရေးပျက်ပြီးမျက်လုံးများကျိန်းစပ်နေလေတော့၏။

သို့သော် သူ အမှုမထားပါ။ မိုးလင်းသည်နှင့် သူ့အားပြုစုရန်ရောက်ရှိလာသည့်ဆိုင်လုလင်အား ကုန်သည်ကြီးချုန်ထံသို့ စေလွှတ်ပြီးသတင်းမေးခိုင်းလိုက်၏။

မကြာပါချေ။ ဆိုင်လုလင် ပြန်ရောက်ရှိလာသည်။

ကုန်သည်ချုန်နှင့်သူဌေးကျိုတို့သည် တစ်ညလုံးပင် လိုအပ်သည်များကိုပြင်ဆင်ထားခဲ့ကြ၏။ နံနက်စာစားချိန်မတိုင်မီ ပစ္စည်းများပို့မည့်မြင်းလှည်းများ စတင်ထွက်ခွာနိုင်ရန်စီစဉ်ထားကြောင်း ပြောပြလေသည်။

ကုန်သည်ချုန်တို့သည် အရေးတကြီးစီစဉ်နေရသဖြင့် မအားမလပ်နိုင်အောင်ဖြစ်နေကြ၏။

ထို့ကြောင့် ကျောက်စိမ်းမင်းသားထံသို့ လာနိုင်ဦးမည်မဟုတ်ကြောင်း...

ညနေပိုင်းရောက်မှသာ လာတွေ့ကြမည်ဖြစ်ကြောင်းနှင့် ကျောက်စိမ်းမင်းသားအား ဂုဏ်ပြုညစာတည်ခင်းကျွေးမွေးရန်လည်းစီစဉ်နေကြကြောင်းပြောပြလေသည်။

လိဝမ်ရီသက်ပြင်းချလိုက်၏။

လောလောဆယ် ထွက်ခွာသွားရန် မဖြစ်နိုင်သေးချေ။

နံနက်စာစားပြီးချိန်အထိ သည်းခံ၍စောင့်ရပေဦးမည်။

ထိုအချိန်ကျော်လွန်သွားသည့်အခါမှသာ သူ၏ဘဝသည် လှောင်အိမ်မှလွတ်မြောက်သောငှက်ငယ်ပမာ လွတ်လပ်သွားပေတော့မည်။

သူသည် ယင်းသို့တွေးကာ ထိုအချိန်မတိုင်မီ မည်သို့သောပြဿနာမှပေါ်ပေါက်မလာပါစေနှင့်ဟု ဆုတောင်းနေမိတော့၏။

သူသည် ဆိုင်လုလင်အား....

"ကျုပ်ဟာ မနက်ပိုင်းမှာ သက်သက်လွတ်စားပြီး တရားအားထုတ်တာ အလေ့အကျင့်တစ်ခုလိုဖြစ်နေပြီ၊ ဒါကြောင့် မနက်စာကိုသက်သတ်လွတ်ပဲစီစဉ်ပေးပါ"



ဟုပြောလိုက်၏။

ဆိုင်လုလင်ကဦးညွှတ်လိုက်၏။

"စိတ်ချပါမင်းသားလေး"

လိဝမ်ရီက....

"ကျုပ် တရားအားထုတ်နေတဲ့အချိန်မှာ ဘယ်သူမှလာပြီးမနှောင့်ယှက်နိုင်အောင်လဲ ဆိုင်ရှင်ကိုပြောပြထားပါ"

"ကောင်းပါပြီသခင်လေး"

ဆိုင်လုလင်ထွက်သွားသည်နှင့် လိဝမ်ရီသည် သီးသန့်အိမ်တံခါးကိုပိတ်ထားလိုက်လေတော့၏။

ဝဝဝဝ

လိဝမ်ရီသည် သက်သတ်လွတ်စားသူ မဟုတ်သလို တရားအားထုတ်သူလည်းမဟုတ်ပါ။ အိမ်ရှေ့တံခါးပိတ်ပြီးသည်နှင့် နောက်ဖေးဘက်သို့ထွက်လာခဲ့၏။

နောက်ဖေးတံခါးနှင့်ပြတင်းပေါက်များကိုဖွင့်ထား၏။

အရေးအကြောင်းပေါ်ပေါက်လာလျှင် နောက်ဖေးမှရှောင်ထွက်သွားနိုင်ရန်ဖြစ်သည်။

အိမ်နောက်ဘက်တွင်အုတ်တံတိုင်းကာရံထားသည့် ခြံစည်းရိုးရှိ၏။

အုတ်တံတိုင်းတစ်ဘက်သို့ရောက်ရှိသွားခဲ့လျှင် ထိပ်တန်းတည်းခိုခန်းမှလွတ်မြောက်သွားပြီဟုဆိုနိုင်ပေပြီ။

သူသည် ခုတင်ပေါ်၌ အသာအယာလဲလျောင်းလိုက်၏။ ထွက်မသွားရသေးမီ ခွန်အားဖြည့်ထားရန်လိုအပ်နေသည်မဟုတ်ပါလား။

တစ်ကိုယ်လုံးကို အနားပေးထားရမည်ဖြစ်၏။

အကြောအချဉ်များကို ဖြေလျှော့ထားရမည်ဖြစ်သည်။

သို့မှသာ လိုအပ်သည့်အခါ အသင့်လှုပ်ရှားနိုင်မည်မဟုတ်ပါလား။



လိဝမ်ရီသည် အသက်ကို မှန်မှန်ရှူရှိုက်ကာ သက်တောင့်သက်သာနေလိုက်သည်။

သို့သော် သိပ်မကြာလိုက်ပါ။

အပြင်ဘက် မှဆူဆူညံညံအသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေတော့၏။

သူ ဆက်လက်အနားယူရန်မဖြစ်နိုင်တော့ပါ။

oooo

ဆူဆူညံညံအသံများ ထွက်ပေါ်လာ၏။

လိဝမ်ရိသည် ခုတင်ပေါ်လဲလျောင်းနေရာမှ ငေါက်ခနဲထ ထိုင်လိုက်လေသည်။ ထို့နောက်....

တံခါးဆီသို့ပြေးသွားပြီး တံခါးကြားမှအသာအယာချောင်း ကြည့်လိုက်လေ၏။ ထိုအခါ အနီရောင်ဝတ်ဆင်ထားပြီး မုတ်ဆိတ်မွေးများဖားလျားရှိသည့်လူသန်ကြီးတစ်ဦးသည် အိမ်ကလေးဆီသို့ ဦးတည်လာနေသည်ကိုတွေ့မြင်လိုက်ရ၏။

ထိုလူ့အားဆိုင်ရှင်က လိုက်လံတောင်းပန်ပြောဆိုနေသည်ကိုတွေ့ရသည်။

ဆိုင်လုလင်များက နောက်မှလိုက်လာကြ၏။

ဆိုင်ရှင်၏တောင်းပန်သံကို အတိုင်းသားကြားနေရသည်။

"ဆရာရှမ်ကျောင်း... ကျုပ်တောင်းပန်ပါတယ်ဗျာ၊ နံနက်စာစားချိန်ရောက်မှလာခဲ့ပါလား... မင်းသားလေးဟာ မနက်ပိုင်းမှာ တရားထိုင်နေတာဖြစ်လို့ ဘယ်သူ့ကိုမှအတွေ့မခံဘူးလို့ မှာထားပါတယ်၊ မင်းသားလေးကိုနှောင့်ယှက်သလိုဖြစ်နေပါလိမ့်မယ်ဗျာ"

ဆိုင်ရှင်က ပျာပျာသလဲပင်တောင်းပန်ပြောဆိုနေ၏။

ရှမ်ကျောင်းဆိုသည့်လူသန်ကြီးက....



"တယ်ဟုတ်ပါလား... ကျုပ်ကနှောင့်ယှက်ဖို့လာခဲ့တယ်ဆိုတာ ခင်ဗျားနားမလည်နိုင်ပါလား"

"ဘာပဲဖြစ်ဖြစ် နံနက်စာစားပြီးချိန်မှာမှ လာတွေ့ဖို့ တောင်းပန်ပါတယ်ဗျာ"

"မဖြစ်ဘူး... ကျောက်စိမ်းမင်းသားဆိုတဲ့နာမည်ကို ကြားခဲ့ရတာ နှစ်အတော်ကြာနေပြီ၊ ခုမှ သူနဲ့လူချင်းတွေ့ရဖို့ အခွင့်အရေးကရတာ၊ ဒီအခွင့်အရေးကိုလက်လွှတ်ခံလို့ဘယ်ဖြစ်ပါ့မလဲ"

"မသွားပါနဲ့ဗျာ... ကျုပ်တောင်းပန်...."

ဆိုင်ရှင်၏စကားမဆုံးမီ ရှမ်ကျောင်းသည် ခပ်ထန်ထန်စိုက်ကြည့်ပြီးငေါက်လိုက်၏။

"ခင်ဗျား ဘာကြောင့်လိုက်ရှုပ်နေရတာလဲ"

ဆိုင်ရှင်မျက်နှာပျက်သွားသည်။ ဆက်၍မတားဝံ့တော့ချေ။ ရှမ်ကျောင်းက မျက်နှာထားတင်းတင်းနှင့် ရှေ့သို့ဆက်၍လှမ်းသွားသည့်အခါ ဆိုင်ရှင်သည် မတားဝံ့တော့ဘဲ လက်ပိုက်ကြည့်နေလိုက်ရတော့သည်။ သို့ဖြင့် ရှမ်ကျောင်းသည် လိဝမ်ရိရှိသည့်အိမ်ကလေးရှေ့သို့ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိသွားလေတော့၏။

oooo

လိဝမ်ရီပင့်သက်ရှိုက်လိုက်သည်။

ဆိုင်ရှင်၏ဟန်တားမှုအောင်မြင်ပါစေဟု ဆုတောင်းခဲ့သော်လည်း သူ၏ဆုတောင်းမပြည့်ခဲ့ပါ။ ယခုအခါ ရှမ်ကျောင်းသည် အိမ်ကလေးရှေ့သို့ရောက်လာပြီဖြစ်သည်။

လိဝမ်ရီသည် ရှောင်ထွက်သွားလိုသော်လည်း အချိန်မတန်သေးသဖြင့်အခက်ကြုံနေရသည်။ မည်သို့ပြုလုပ်ရမှန်းမသိဘဲအကြံအိုက်လျက်ရှိနေလေသည်။ ထိုစဉ်....

"ကျောက်စိမ်းမင်းသားလေးကို ကျုပ်ရှမ်ကျောင်းက လာပြီးဂါရဝပြုပါတယ်ဗျာ"

ဟူသောအသံ ကျယ်လောင်စွာထွက်ပေါ်လာလေတော့၏။ လိဝမ်ရီသည် ညဥ့်ငှက်ပြောခဲ့သည့်စကားကို ဖျတ်ခနဲပြန်လည်ကြားယောင်လာသည်။

"သိုင်းလောကမှာ အတော်ဆုံးလို့ပြောနိုင်တဲ့လူသုံးယောက်က ကျောက်စိမ်းမင်းသားလေးရဲ့သိုင်းပညာကိုစမ်းသပ်ဖို့ ရောက်လာကြပါလိမ့်မယ်၊ သူတို့ကို ပေါ့ပေါ့တန်တန်သဘောမထားဖို့ သတိပေးပါရစေ"

လိဝမ်ရီဗျာများသွားသည်။



"ငါဘာလုပ်ရမလဲ"

ထိုစဉ်....

"မင်းသားလေးကို ကျုပ်ရှမ်ကျောင်းက လာပြီးဂါရဝပြုပါတယ်ခင်ဗျာ"

ရှမ်ကျောင်း၏အသံထွက်ပေါ်လာပြန်သည်။ အကယ်၍ လိဝမ်ရီအနေဖြင့်လက်ခံတွေ့ဆုံခြင်းမရှိလျှင် ရှမ်ကျောင်းသည် တံခါးကိုရိုက်ချိုးဖျက်ဆီး၍အိမ်ထဲသို့ဝင်လာမည့်သဘောရှိ၏။

ထိုသို့ဖြစ်လာလျှင် အခြေအနေကပိုဆိုးတော့မည်။

ထို့ကြောင့် နောင်ခါလာနောင်ခါချေးဟု သဘောထားကာ ကိုယ့်ကိုယ်ကိုမာန်သွင်းပြီး တံခါးဖွင့်၍ကြိုဆိုလိုက်လေတော့၏။

oooo

ရှမ်ကျောင်းသည် အိမ်ထဲသို့ရောက်လာပြီဖြစ်သည်။

လိဝမ်ရိက ပျူပျူငှာငှာကြိုဆိုပြီး အိမ်ထဲသို့ဖိတ်ခေါ်လိုက်သဖြင့် ကျေနပ်နေဟန်ရှိသည်။ လူတိုင်းလူတိုင်းသည် ကျောက်စိမ်းမင်းသားဟူသည့်အမည်ကိုကြားသည်နှင့် ထိတ်လန့်ကြောက်ရွံ့သွားတတ်ကြ၏။

အလိုလိုရှိသေလေးစားလာကြသည်။

ထိုသို့ပင် ရှမ်ကျောင်းသည်လည်း အနည်းငယ်တော့ရှိန်နေခဲ့၏။ လက်လွတ်စပယ် အလျင်စလိုမပြုဝံ့ဘဲ အခြေအနေကိုသွေးတိုးစမ်းသလို သတိထား၍အကဲခတ်နေလိုက်သည်။

သူသည် ကိုယ့်ကိုယ်ကိုပြိုင်ဘက်ကင်းထိပ်တန်းသိုင်းပညာများတတ်မြောက်ထားသည်ဟုယုံကြည်ထား၏။

ထို့ကြောင့် ကျောက်စိမ်းမင်းသားလေးရောက်ရှိလာသည့်သတင်းကိုကြားသည့်အခါ သိုင်းပညာချင်းဖလှယ်ရန် စိတ်ကူးပေါ်လာ၏။ သို့သော် ကျောက်စိမ်းမင်းသားမှာ နာမည်ကြီးလွန်းသဖြင့်ပေါ့ပေါ့တန်တန်သဘောမထားဝံ့ပေ။

ဟိတ်ဟန်အပြည့်ဖြင့် မိမိအားဆက်ဆံလိမ့်မည်ဟုထင်မှတ်ထားခဲ့သည်။



သို့သော် ယခုကဲ့သို့ လိဝမ်ရိကပျူပျူငှာငှာဖြင့်ကြိုဆိုလာသည့်အခါ ရှမ်ကျောင်းမှာအံ့အားသွားရလေသည်။

ကျောက်စိမ်းမင်းသားနှင့်ပတ်သက်၍ ကြားသိထားရသည့်သတင်းများနှင့် ယခုလက်တွေ့တွေ့မြင်ရသည့်အဖြစ်က လွန်စွာကွာခြားနေသည်မဟုတ်ပါလား။

သို့သော် ရှမ်းကျောင်းကတစ်မျိုးလှည့်တွေးပြန်သည်။

သူ့အား ယခုကဲ့သို့ယဉ်ကျေးပျူငှာစွာဆက်ဆံနေခြင်းမှာ ကျောက်စိမ်းမင်းသားသည် မိမိ၏သတင်းကိုကြားသိထားပြီးဖြစ်သဖြင့်အထင်မသေးဝံ့ဘဲ ယခုကဲ့သို့တလေးတစားဆက်ဆံခြင်းဖြစ်မည်ဟု အထင်ရောက်သွားလေသည်။

ရှမ်ကျောင်းသည် ထိုသို့ထင်မှတ်ကာ ဘဝင်မြင့်သလိုဖြစ်သွားတော့၏။ တိုင်းခန်းလှည့်လည်လာသည့် မင်းညီမင်းသားတစ်ပါးအလား လက်နှစ်ဖက်နောက်ပစ်၍ အေးအေးဆေးဆေးပင် အိမ်ထဲသို့ဝင်ရောက်လာခဲ့လေသည်။ မျက်နှာထားလည်းချို၍နေ၏။

လိဝမ်ရိကလည်း လိုက်လျောစွာဆက်ဆံလေ၏။

"ထိုင်ပါဦးဗျာ... ကျုပ်ဆီကိုရောက်လာတဲ့အတွက် ဧည့်ဝတ်ပြုပါရစေ"

အိမ်အပြင်ဘက်၌ မယောင်မလည်လုပ်နေသည့်ဆိုင်ရှင်ကို ခေါ်ကာ အရက်နှင့်အသားဟင်းလျာများ မှာလိုက်၏။

ဆိုင်ရှင်က ချက်ချင်းပင်ယူလာပေးသည်။

လိဝမ်ရိက....

"ကဲ... မိတ်ဆွေကြီးစားလိုက်ပါဦးဗျာ"

ရှမ်ကျောင်းခေါင်းခါလိုက်ရင်း...

"ကျုပ်ကစားဖို့လာတာမဟုတ်ဘူးဗျ"

ဟုခပ်ပြတ်ပြတ်ပြောလိုက်သည်။

ရှမ်းကျောင်း မည်သည့်ကိစ္စနှင့်လာသည်ကို လိဝမ်ရိမသိ၍မဟုတ်။ ညဥ့်ငှက်ပြောပြထားသဖြင့်သိထားပြီးဖြစ်သည်။

သို့သော် ဘာမျှမသိဟန်ဖြင့်မှင်သေသေဟန်လုပ်ကာ....

"သြော်... ဒါဖြင့် ဘယ်လိုအကြောင်းကိစ္စလဲဆိုတာပြောပြနိုင်မလား"

ဟု လွန်စွာတည်ငြိမ်အေးစက်သည့်အမူအရာဖြင့်မေးလိုက်သည်။ တော်ရုံတန်ရုံဆိုလျှင် လိဝမ်ရိ၏အမူအရာကိုကြောင့် အနည်းငယ်ဖြုံသွားနိုင်လောက်သည်။

ရှမ်ကျောင်းကမူ ကိုယ့်ကိုယ်ကို အထင်ကြီးနေသူဖြစ်သည်။



ထို့ကြောင့် သိပ်မမှုဘဲ....

"ကျုပ် ပွင့်ပွင့်လင်းလင်းပြောရရင် မင်းသားလေးရဲ့သိုင်းပညာဟာ ပြိုင်ဘက်ကင်းတယ်လို့ သိုင်းလောကမှာကျော်ကြားနေတာကြောင့် ပညာချင်းဖလှယ်ဖို့လာခဲ့တာပါ"

လိဝမ်ရိပင့်သက်ရှိုက်လိုက်မိသည်။

ရှမ်ကျောင်းက သူ့အားစိန်ခေါ်နေပြီမဟုတ်ပါလား။

လိဝမ်ရိအကျပ်ရိုက်သွားသည်။ ရှမ်ကျောင်းက သူ့အား ကျောက်စိမ်းမင်းသားအမှတ်ဖြင့် စိန်ခေါ်လာခြင်းဖြစ်သည်။ သူသာ ကျောက်စိမ်းမင်းသားလို ထိပ်တန်းသိုင်းပညာရှိနေလျှင် ပြဿနာမရှိပါ။ ခက်သည်က သူ့တွင် ကျောက်စိမ်းမင်းသားကဲ့သို့ထိပ်တန်းသိုင်းပညာမျိုးမရှိ။ ရှမ်ကျောင်းလို ထိပ်တန်းသိုင်းသမားတစ်ယောက်ကို မည်သို့ယှဥ်နိုင်ပါမည်နည်း။

"မင်းသားလေး လက်ခံတယ်မဟုတ်လား"

လိဝမ်ရိက အင်းမလုပ် အဲမလုပ်ငြိမ်နေသဖြင့် ရှမ်ကျောင်းက အားမလိုအားမရလေသံဖြင့်မေးလိုက်သည်။

လိဝမ်ရိငြိမ်နေ၍မရတော့ပါ။ လက်ရှိရင်ဆိုင်နေရသည့်အကျပ်အတည်းကို အကောင်းဆုံး ဖြစ်အောင်ဖြေရှင်းရပေတော့မည်။

လိဝမ်ရိသည် သိုင်းပညာသိပ်မကောင်းလှသော်လည်း ဟိတ်ဟန်ထုတ်သည့်နေရာတွင်မူ လွန်စွာအထက်တန်းကျလှသည်ဟုဆိုရပေတော့မည်။

သူသည် အကျပ်ရိုက်နေသည့်တိုင် မျက်နှာတစ်ချက် ပျက်သွားခြင်းမရှိပါ။ သူသည် ပကတိတည်ငြိမ်အေးစက်စွာဖြင့်....

"အင်း... သိုင်းပညာဆိုတာ အဆုံးအစမရှိတဲ့ပညာရပ်မျိုးပဲဖြစ်ပါတယ်၊ ဘယ်သူကသာတယ်... ဘယ်သူကအတော်ဆုံးလို့ ပြောရခက်လှပါတယ်၊ ဒါပေမယ့် ဘယ်သူဘယ်ဝါပဲဖြစ်ဖြစ် ဘယ်လိုဂိုဏ်းဂဏပဲဖြစ်ဖြစ် ကိုယ့်ပညာနဲ့ကိုယ့်အစွမ်းအစရှိကြတာချည်းပဲမဟုတ်ပါလားဗျာ"

ရှမ်ကျောင်းခေါင်းညိတ်လိုက်ပြီး....

"ဒါ အမှန်ပဲပေါ့"

လိဝမ်ရိကဆက်ပြောလိုက်သည်။

"သိုင်းပညာနဲ့ပတ်သက်လို့ ကျုပ်အမြင်ကိုပြောရရင်တော့ ကိုယ်တတ်မြောက်ထားတဲ့ပညာနဲ့ အများအကျိုး သိုင်းလောကအကျိုးဆောင်ရွက်ဖို့ပါပဲ၊ သူသာတယ် ကိုယ်သာတယ် ငြင်းခုန်ယှဉ်ပြိုင်နေကြဖို့မဟုတ်ပါဘူး"



ရှမ်ကျောင်းမျက်မှောင်ကုပ်သွား၏။

"မင်းသားလေး တကယ်ပြောနေတာလား"

သူပြုံးလိုက်၏။

"တကယ်ပြောတာပါ... ဒီလိုသဘောမထားနိုင်ဘူးဆိုရင် ကိုယ်တတ်ထားတဲ့သိုင်းပညာဟာ ဘာများအဓိပ္ပာယ်ရှိတော့မှာလဲ"

ရှမ်ကျောင်း မယုံကြည်နိုင်အောင်ဖြစ်နေ၏။ ကျောက်စိမ်းမင်းသားနှင့်ပတ်သက်၍ ကြားထားသည့်သတင်းများနှင့် ယခု လက်တွေ့ကြုံနေရသည်များမှာ လုံးဝဆန့်ကျင်ကွဲပြားနေခြင်းကြောင့်ဖြစ်ပေသည်။

ရှမ်ကျောင်း တွေဝေသွားသည်ကိုတွေ့သည့်အခါ လိဝမ်ရိသည် စိတ်ထဲကကြိတ်၍ဝမ်းသာသွား၏။

အကျပ်အတည်းတစ်ခုကိုကျော်လွှားနိုင်တော့မည်ဟု တွေးကာ အနည်းငယ်စိတ်အေးသွားသည်။

သူသည်.... ရှမ်ကျောင်း ဇဝေဇဝါဖြစ်သွားသည်ကိုအခွင့်ကောင်းယူကာဆက်၍ပြောလိုက်ပြန်၏။

"မိတ်ဆွေဟာ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဆိုတာ ကျုပ် မြင်ရုံနဲ့အကဲခတ်မိပါတယ်၊ ကျုပ်တို့တတွေ သူသာတယ် ကိုယ်

သာတယ်ဆိုတဲ့အတွေးနဲ့ မာနတံခွန်ထူပြီးယှဉ်ပြိုင်နေမယ့်အစား အတူလက်တွဲပြီး သိုင်းလောကအကျိုး... အများအကျိုးဆောင်ရွက်ကြတာ ပိုမကောင်းဘူးလားဗျာ"

ရှမ်ကျောင်းသည် မယုံကြည်နိုင်စွာဖြင့် လိဝမ်ရိကိုကြည့်လိုက်မိလေ၏။ သူကြားဖူးထားသည်မှာ ကျောက်စိမ်းမင်းသားသည် အလွန်မာနကြီးသူဖြစ်၏။ စိန်ခေါ်လျှင် တိမ်ပေါ်အထိတက်ရန် ဝန်မလေးသူဖြစ်၏။

ယခု ကိုယ်တိုင်တွေ့ရသည့်အခါ ကြားထားရသည်များနှင့် တခြားစီဖြစ်နေလေသည်။ ထို့ကြောင့်....

"မင်းသားလေး တကယ်ပြောနေတာလား"

ဟုအံ့အားတသင့်မေးမိလေသည်။

လိဝမ်ရိကအသာအယာပြုံးကာ....

"တကယ်ပေါ့ဗျာ... ဘယ်လိုလဲ၊ ကျုပ်ရဲ့မိတ်ဆွေအဖြစ်ကို လက်ခံနိုင်တယ်မဟုတ်လား၊ ကျုပ်တို့အတူလက်တွဲပြီး သိုင်းလောကအကျိုးဆောင်ရွက်ဖို့လက်ခံတယ်မဟုတ်လား"

ထိုစကားကြားလိုက်ရသည့်အခါ ရှမ်ကျောင်းသည် ပျာပျာသလဲဖြစ်သွားကာ....



"ဟာ... လက်ခံနိုင်ပါတယ်၊ မင်းသားလေးနဲ့မိတ်ဆွေဖြစ်ရတာကိုဝမ်းသာပါတယ်၊ မင်းသားလေးရဲ့နူးညံ့သိမ်မွေ့ပြီး မြင့်မြတ်တဲ့စိတ်ထားကိုမသိလို့ အခုလိုပညာချင်းပြိုင်ဖို့ပြောမိတာကို ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်ဗျာ""

ရေကုန်ရေခမ်းယှဉ်ပြိုင်ရန် လက်သီးလက်မောင်းတန်းလာသောရှမ်ကျောင်းသည် လိဝမ်ရိ၏အပြောကောင်းမှုကြောင့် မြွေအလိမ္မယ်ဆရာရှေ့ရောက်သောမြွေကဲ့သို့ ဝပ်စင်းသွားလေသည်။

လိဝမ်ရိကရယ်မောလိုက်ရင်း....

"ကိစ္စမရှိပါဘူးဗျာ၊ ကဲ... ကျုပ်တို့နှစ်ယောက်မိတ်ဆွေဖြစ်ကြတဲ့အထိမ်းအမှတ်အနေနဲ့ ကျုပ်ကပဲဧည့်ခံပါရစေ၊ ပျော်ပျော်ပါးပါးစားသောက်လိုက်ကြရအောင်လားဗျာ"

"ဟာ... အားနာစရာတောင်ကောင်းနေပြီ"

"အားမနာပါနဲ့ဗျာ... ကျုပ်တို့ဟာမိတ်ဆွေရင်းခြာတွေဖြစ်နေကြပြီပဲ"

လိဝမ်ရိကရယ်မောရင်းအရက်ငှဲ့ပေးလိုက်၏။

ရှမ်ကျောင်းက....

"မင်းသားလေး သက်တော်ရာကျော်ရှည်ပါစေ"

ဟုဆုတောင်း၍အရက်သောက်လိုက်၏။

ရှမ်ကျောင်းသည် ကျောက်စိမ်းမင်းသားနှင့်ပညာပြိုင်ရန် အားခဲရောက်ရှိလာသည်မှန်သော်လည်း တကယ်တမ်းရင်ဆိုင်တွေ့သည့်အခါ လိဝမ်ရီ၏မှင်သေသောဟန်မူရာကြောင့် အနည်းငယ်ရှိန်သွားသည်။

အနိုင်ရမည်ဟူသောယုံကြည်မှုလည်း မရေမရာဖြစ်သွား၏။ အနိုင်ရမည်မရမည်ကိုမဝေခွဲနိုင်တော့ဘဲ ဇဝေဇဝါဖြစ်လာခဲ့လေသည်။

ထို့ကြောင့် ကျောက်စိမ်းမင်းသားနှင့်ရန်သူဖြစ်ရခြင်းထက် မိတ်ဆွေဖြစ်ရခြင်းက ပို၍ကောင်းသည်ဟုနားလည်လာ၏။

ထို့ကြောင့်... လိဝမ်ရီက မိတ်ဖွဲ့ရန်ပြောလာသည့်အခါ သူသည် ရုတ်တရက်ကြောင်အမ်းအမ်းဖြစ်ကာ မယုံကြည်နိုင်အောင်ဖြစ်သွားလေသည်။

သို့သော် ချက်ချင်းပင်လက်ခံလိုက်လေသည်။

သို့ဖြင့်... သူတို့သည် မိတ်ဆွေဖြစ်အထိမ်းအမှတ်အဖြစ် ထမင်းလက်ဆုံစားသောက်ကြသည်အထိ ခင်မင်ရင်းနှီးသွားလေတော့၏။



အိမ်အပြင်ဘက်မှ မယောင်မလည်ဖြင့် အကဲခတ်နေသည့် ဆိုင်ရှင်သည် လက်သီးလက်မောင်းတန်း၍ စိန်ခေါ်ရန်ရောက်လာသောရှမ်ကျောင်းက လိဝမ်ရီနှင့်အတူ တရင်းတနှီးစားသောက်နေသည်ကိုတွေ့မြင်သည့်အခါ မျက်လုံးကြီးပြူးကာ ပါးစပ်အဟောင်းသားဖြစ်သွားရလေတော့၏။

oooo

ရှမ်ကျောင်း ပြန်သွားပြီဖြစ်၏။

မပြန်မီ သူ၏အိမ်သို့လာရောက်လည်ပတ်ရန်နှင့် သူ့အား ဂုဏ်ပြုဧည့်ခံပွဲကျင်းပပေးမည်ဖြစ်ကြောင်း ပြောကြားသွားလေသည်။ ယခုမှ လိဝမ်ရီသက်ပြင်းချနိုင်တော့သည်။

ဆိုင်ရှင်သည် စားပြီးသားပန်းကန်များကိုသိမ်းဆည်းရင်း သူ့ကိုမသိမသာအကဲခတ်နေ၏။ လိဝမ်ရီကပြုံး၍....

"ခင်ဗျားဘာပြောချင်လို့လဲဗျ"

ဟုမေးလိုက်သည်။

ဆိုင်ရှင်....

"ဟို... ဟို..."

ဆိုင်ရှင်ကပြောရန်ခက်နေဟန်ဖြင့် ထစ်ထစ်ငေါ့ငေါ့ဖြစ်နေရာလိဝမ်ရီက....

"ပြောတာပြောပါ... ဘာမှအားနာစရာမလိုပါဘူးဗျာ၊ ပွင့်ပွင့်လင်းလင်းပေါ့"

ထိုအခါမှဆိုင်ရှင်က....

"ဟို... ဟို... မင်းသားလေးက တရားထိုင်ပြီး သက်သက်လွတ်စားတာ..."



ဆိုင်ရှင်သည် ရှေ့ဆက်မပြောဝံ့ဘဲ စကားတစ်ပိုင်းတစ်စဖြင့်ရပ်ထားလိုက်သည်။ မှန်သည်။ လိဝမ်ရီသည် လာရောက်နှောက်ယှက်မည့်သူများကိုရှောင်လွှဲလိုသဖြင့်သက်သက်လွတ်စားပြီး တရားထိုင်ရန်ရှိသဖြင့် မည်သည့်ဧည့်သည်ကိုမျှမတွေ့ဟု ထွင်လုံးထုတ်ခဲ့သည်မဟုတ်ပါလား။

လက်တွေ့တွင် ဧည့်သည်နှင့်အတူ သောက်စားနေသည်ကို ဆိုင်ရှင်ကတွေ့မြင်သွားသည်။ ထို့ကြောင့် အံ့အားသင့်ဟန်ဖြင့်မေးလိုက်ခြင်းဖြစ်သည်။

လိဝမ်ရီက....

"ဪ... ဒါလား၊ ကျုပ်က ဧည့်သည်ကို ဧည့်ဝတ်ပြုရတာဆိုတော့ ဘယ်တတ်နိုင်ပါ့မလဲ၊ ဒါပေမယ့် ကိစ္စမရှိပါဘူးလေ... ကျုပ်ပြန်ပြီးတရားထိုင်တော့မယ်၊ ခင်ဗျားကလဲ ကျုပ်ကို ဘယ်သူမှလာပြီးမနှောင့်ယှက်နိုင်အောင် တားထားပေးပါ၊ မတားနိုင်ရင် အမိဋ္ဌာန်အောင်မြင်အောင် တရားထိုင်နိုင်မှာမဟုတ်ဘူး"

သူက ဆိုင်ရှင်ကိုမသိမသာအပြစ်တင်လိုက်ခြင်းဖြစ်၏။

ဆိုင်ရှင်မျက်နှာပျက်သွား၏။

လိဝမ်ရီကိုဝေဖန်ရန် မဝံ့ရဲတော့ပါ။

"စိတ်... စိတ်ချပါမင်းသားလေး"

ထစ်ထစ်ငေါ့ငေါ့ပြော၍ အိမ်ထဲမှ ကတိုက်ကရိုက်ပြန်လည်ထွက်ခွာသွားလေတော့၏။

လိဝမ်ရိကတံခါးကိုပြန်ပိတ်ထားလိုက်၏။

ဆိုင်ရှင်သည် ရှမ်ကျောင်းကိုဟန့်တားခြင်းမပြုနိုင်ပါ။

ထို့အတူ နောက်ထပ်ရောက်လာသည့်သိုင်းသမားကျန်ဇွေ့ကိုလည်းဟန့်တားခြင်းမပြုနိုင်ခဲ့ပါချေ။

၀၀၀၀



သိုင်းသမားကျန်ဇွေ့ ....

ကျန်ဇွေ့သည် ရှမ်ကျောင်းကဲ့သို့ နာမည်ကျော်ထိပ်သီးသိုင်းသမားတစ်ယောက်ဖြစ်၏။

သို့သော် ရှမ်ကျောင်းကဲ့သို့ တွေဝေတတ်သူ မဟုတ်ချေ။

ရှမ်ကျောင်းထက်ပိုပြီးမာန်မာနကြီးသူဖြစ်၏။ ကျန်ဇွေ့အကြောင်းကိုသိကြသည့်သိုင်းသမားများသည် အကြောင်းကိစ္စတစ်ခုခုဖြင့်ထိုနယ်သို့ရောက်ရှိလာသည်ဆိုပါက ကျန်ဇွေ့ ထံသို့ဝင်ရောက်ဂါရဝပြုပြီးမှ မိမိတို့လာရင်းကိစ္စကိုဆက်လက် ဆောင်ရွက်လေ့ရှိကြသည်။

ထိုသို့ပြုလုပ်ခြင်းမရှိလျှင် ကျန်ဇွေ့က သူ့အား မလေးမစားလုပ်သည်ဟုထင်မှတ်သွားနိုင်သည်။ ထို့ကြောင့် အနယ်နယ်အရပ်ရပ်မှသိုင်းသမားများသည် ဤနယ်သို့ရောက်ပါက ကျန်ဇွေ့ကိုဦးစွာဝင်ရောက်တွေ့ဆုံဂါရဝပြုပြီးမှသာ မိမိတို့လာရင်းကိစ္စကိုဆက်လက်ဆောင်ရွက်ကြခြင်းဖြစ်ပေသည်။

ယခု ကျန်ဇွေ့သည် ထိပ်တန်းတည်းခိုခန်းသို့ရောက်ရှိလာပြီဖြစ်၏။ ဆိုင်ရှင်သည် ကျန်ဇွေ့အား ဟန့်တားထားလိုသော်လည်း ကျန်ဇွေ့အကြောင်းကြားဖူးသဖြင့်ဟန့်တားခြင်းမပြုဝံ့ချေ။

လိဝမ်ရိသည် သဘောကောင်းသူဖြစ်၍ မိမိ၏တာဝန်ပေါ့လျော့မှုအတွက် ကြီးကြီးမားမားဒဏ်ပေးလိမ့်မည်မဟုတ်ဟုယုံကြည်သည်။ ထို့ကြောင့် သူရှိနေသည့်အိမ်လေးသို့ ကျန်စွေ့သွားနေသည်ကိုဟန့်တားခြင်းမပြုဘဲ လက်ပိုက်ကြည့်နေလိုက်လေသည်။

လိဝမ်ရိသည် အခြေအနေသိရှိနိုင်ရန် တံခါးပေါက်မှချောင်းကြည့်နေသူဖြစ်သည်။ ထို့ကြောင့် ကျန်စွေ့ဝင်ရောက်လာသည်ကိုတွေ့မြင်နေရသည်။ ဆိုင်ရှင်ကမတားဝံ့ဘဲ လွှတ်ပေးလိုက်သည်ကိုလည်းတွေ့မြင်နေရ၏။

ကျန်စွေ့က အိမ်ကလေးရှေ့ရောက်သည်နှင့်....

"ကျုပ်ကျန်စွေ့က မင်းသားလေးကိုလာပြီးဂါရဝပြုပါတယ်ဗျာ"

ဟုပြောလိုက်လျှင် ချက်ချင်းတံခါးဖွင့်ပေးလိုက်၏။

သူသည် ရှမ်ကျောင်းကိုအဆင်ပြေစွာဆက်ဆံနိုင်ခဲ့၏။

ထို့ကြောင့် ကျန်စွေ့ကိုလည်းအဆင်ပြေစွာဆက်ဆံနိုင်လိမ့်မည်ဟုယုံကြည်မိ၏။ သို့သော်... လက်တွေ့တွင် သူထင်သလိုဖြစ်မလာပါ။ အထင်နှင့်အမြင်တက်တက်စဉ်လွဲသွားလေသည်။

လိဝမ်ရိကတံခါးဖွင့်လိုက်ပြီး....



"ဩော်... သိုင်းဆရာကြီးကျန်စွေ့ကိုး၊ ကျုပ် ဒီနယ်ထဲကိုခြေချလိုက်တာနဲ့ ဆရာကြီးရဲ့နာမည်ကိုကြားမိပါတယ်၊ လေးစားပါတယ်ဗျာ... လေးစားပါတယ်၊ အိမ်ထဲဝင်ပါဦး"

ဟုပျူငှာစွာဖိတ်ခေါ်လိုက်၏။

ကျန်စွေ့မျက်မှောင်ကုပ်သွားလေ၏။

"မာနကြီးလှတဲ့ကျောက်စိမ်းမင်းသားလေးက ဘာကြောင့်ဒီလောက်တောင်ကျိုးနွံနေရတာပါလိမ့်"

ကျန်စွေ့၏စိတ်ထဲမှတွေးလိုက်မိလေသည်။

ထို့နောက်...

လိဝမ်ရိကိုခြေဆုံးခေါင်းဆုံးကြည့်လိုက်ပြီး....

"ကျုပ်က ခင်ဗျားဆီကိုအလည်လာတာမဟုတ်ဘူး"

ဟုခပ်ပြတ်ပြတ်ပြောလိုက်၏။ လိဝမ်ရိကရယ်မောကာ...

"ဆရာကြီးက ကျုပ်နဲ့သိုင်းပညာဖလှယ်ချင်လို့လာတာ မဟုတ်လားဗျာ... ဟဲ... ဟဲ... ဟဲ"

ကျန်စွေ့ကနှာခေါင်းရှုံ့ကာ....

"ပညာဖလှယ်ဖို့မဟုတ်ဘူး... ဘယ်သူသာတယ်ဆိုတာသိရအောင် သိုင်းပညာယှဉ်ပြိုင်ဖို့လာတာ"

ဟုလေသံပြတ်ဖြင့်ပြောလိုက်၏။

လိဝမ်ရိမျက်မှောင်ကုပ်သွားသည်။

"သိုင်းပညာယှဉ်ပြိုင်ဖို့... ဟုတ်လား"

"ဟုတ်တယ်"

"ဟဲ... ဟဲ... ဟဲ... သိုင်းပညာဆိုတာ အများအကျိုး သိုင်းလောကအကျိုး သယ်ပိုးဆောင်ရွက်တဲ့နေရာမှာ အသုံးပြုရတဲ့ပညာမျိုးမဟုတ်လား၊ တစ်ယောက်နဲ့တစ်ယောက် သူသာတယ် ကိုယ်သာတယ်ယှဉ်ပြိုင်ဖို့...."

"တော်...."

ကျန်စွေ့ကအော်ငေါက်လိုက်သဖြင့် လိဝမ်ရိမှာ စကားတစ်ပိုင်းတစ်စဖြင့်ရပ်တန့်သွားလေသည်။ ကျန်စွေ့က ခက်ထန်တင်းမာသည့်မျက်နှာထားဖြင့်လိဝမ်ရိကိုစိုက်ကြည့်ကာ....

"ကျုပ်က ခင်ဗျားနဲ့သိုင်းပညာယှဉ်ပြိုင်ဖို့လာတာ၊ အပိုတွေပြောမနေနဲ့"

လိဝမ်ရိရင်ထိတ်သွားသည်။ အခြေအနေသိပ်မကောင်းကြောင်းလည်းနားလည်လိုက်၏။

"ဩော်... ခင်ဗျားကသိုင်းပညာပြိုင်ချင်တာကိုး"



လိဝမ်ရိကရေးကြီးခွင်ကျယ်မဟုတ်ဟန်ဖြင့် ခပ်ပေါ့ပေါ့ပြောလိုက်သည်။ ကျန်စွေ့က....

"ဟုတ်တယ်.... ကျောက်စိမ်းမင်းသားဟာ နာမည်ကြီးသလောက် တကယ်ပဲ အရည်အချင်းရှိတယ် မရှိဘူးဆိုတာသိရအောင် ကျုပ်လက်တွေ့စမ်းသပ်ကြည့်ချင်တယ်"

လိဝမ်ရိခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ ခင်ဗျားကပြိုင်ချင်တယ်ဆိုတော့လဲ ကျုပ်မငြင်းပါဘူး၊ ပြိုင်ကြတာပေါ့"

လိဝမ်ရိသည် ကျန်စွေ့၏တဇွတ်တိုးစိန်ခေါ်မှုကြောင့် အကျပ်ရိုက်နေသော်လည်း ဣန္ဒြေမပျက်စေဘဲ တည်ငြိမ်စွာပြန်ပြောလိုက်လေသည်။

ကျန်စွေ့ကို ရှမ်ကျောင်းကဲ့သို့ စည်းရုံးသိမ်းသွင်း၍ ရမည်မဟုတ်ကြောင်းသဘောပေါက်သဖြင့် ပရိယာယ်ပြောင်းလိုက်ခြင်းဖြစ်သည်။

"အခု ကျုပ်သိပ်အလုပ်များနေတယ်ဗျ၊ ကျုပ်ဟာ ဟန်စင်းပြည်နယ် အတိဒုက္ခရောက်နေတဲ့ကိစ္စကိုကူညီဖို့ စိုင်းပြင်းနေရတယ်၊ သက်သက်လွတ်စားပြီး တရားထိုင်နေတယ်... ဒါကြောင့် ခုချိန်မှာ

ခင်ဗျားရဲ့စိန်ခေါ်မှုကိုလက်ခံဖို့အဆင်မပြေဘူး၊ ခင်ဗျား ကျုပ်နဲ့သိုင်းပညာယှဉ်ချင်တယ်ဆိုရင် နောက်ငါးရက်စောင့်ပါ၊ ရှိကျန်းမြို့ကို ကျုပ်လာခဲ့မှာဖြစ်တယ်၊ အဲဒီတော့မှယှဉ်ပြိုင်ကြတာပေါ့"

ဟုပြောလိုက်၏။ လိဝမ်ရိသည် သိုင်းပညာမကောင်းသော်လည်း တစ်ဖက်လူအား ယုန်ထင်ကြောင်ထင်ဖြစ်အောင် ပရိယာယ်ဆင်ရာ၌ အလွန်ကောင်းသူဖြစ်သည်။ သူ၏စကားကြောင့် ကျန်ဇွေ့မျက်မှောင်ကုပ်သွားသည်။

"ငါးရက်စောင့်ရမယ်ဟုတ်လား"

လိဝမ်ရိခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်... ကျုပ်က သက်သက်လွှတ်စား တရားထိုင်ပြီး အဓိဋ္ဌာန်ဝင်နေတာ၊ နောက်ငါးရက်ဆိုရင်ပြည့်လိမ့်မယ်၊ ဒီတော့မှ ပြိုင်ကြတာပေါ့၊ ဒီငါးရက်အတွင်း ခင်ဗျားရဲ့သိုင်းပညာကိုပြန်ပြီးနွေးထားလိုက်ဦး... ကျုပ် ကတိပေးလိုက်မယ်၊ ခင်ဗျားကိုသိုင်းကွက်ငါးကွက်အကြောပေးမယ်... ငါးကွက်ပြီးတာနဲ့ သိုင်းကွက်သုံးကွက် အတွင်း ခင်ဗျားကိုအနိုင်ယူမယ်၊ ကဲ... ခင်ဗျားသွားနိုင်ပြီ"

လုံးဝအမှုမထား အရေးမစိုက်သည့်လေသံဖြင့် လိဝမ်ရိက ပြောလိုက်ခြင်းဖြစ်၏။



ထိုစကားကြောင့် ကျန်ဇွေ့ငိုင်သွားသည်။

ကျောက်စိမ်းမင်းသားဆိုသည့်အရှိန်အဝါက သူ့အား ချီတုံချတုံဖြစ်စေသည်။ ထင်တိုင်းမလုပ်ဝံ့အောင်ဟန့်တားနေ၏။

မည်သို့ဆိုစေ... နောက်ငါးရက်ကြာမှပြိုင်မည်ဆိုလျှင် မိမိလည်း သိုင်းပညာကိုပြန်လည်လေ့ကျင့်ရန် အချိန်ရသည်ဟုသဘောပိုက်လိုက်မိ၏။

လိဝမ်ရိက သူ့အားသိုင်းကွက်အကြောပေးပြီးအနိုင်ယူမည်ဟုပြောဆိုလိုက်သည်ကို သူ မကျေမနပ်ဖြစ်မိသော်လည်း ဒေါသမဖြစ်ဝံ့သေးချေ။

ကျောက်စိမ်းမင်းသားသည် အလွန်ကြောက်စရာကောင်းသူဟု သိုင်းလောကတွင်သတင်းကြီးနေသူဖြစ်သည်။

မပုပ်ဘဲမပေါ်နိုင်သလို မဟုတ်ဘဲလည်းမကျော်နိုင်ပါ။

ထို့ကြောင့် ကျန်ဇွေ့သည် မိုက်ရူးရဲဆန်ဆန်တဇွတ်တိုး စိန်မခေါ်ဝံ့ဘဲ ခေတ္တမျှတွေဝေသွားလေသည်။

သူသည် အမျိုးမျိုးတွေးတောစဉ်းစားပြီးမှ....

"ကောင်းပြီလေ နောက်ငါးရက်ကြာရင် ရှိကျန်းမြို့က ကျုပ်စောင့်နေမယ်"

ဟုပြောလိုက်လေသည်။

ထို့နောက် ချာခနဲလှည့်ကာထွက်သွားလေ၏။

လီဝမ်ရီသက်ပြင်းချမိ၏။

သူသည် ဒုတိယအခက်အခဲကိုကျော်ဖြတ်နိုင်ခဲ့ပြန်ပြီဖြစ်ပါသည်။ နောက်တစ်ကြိမ် မည်သို့သောအခက်အခဲကိုရင်ဆိုင်ရပါဦးမည်နည်း။

oooo



ရှမ်ကျောင်းကောကျန်ဈွေ့ပါ ထွက်သွားကြပြီဖြစ်သည်။

လီဝမ်ရီသည် သူတို့အားလှည့်စားနိုင်ခဲ့သည်။

ထို့အတွက် ကျေနပ်နှစ်သိမ့်ခြင်းမရှိခဲ့ပါ။ ညဥ့်ငှက်က နယ်ခံသိုင်းသမားကြီးသုံးဦးသည် သူ့အား ပညာပြိုင်ရန်ကြံရွယ်နေသည်ဟုသတိပေးခဲ့သည်မဟုတ်ပါလား။

ယခု နှစ်ဦးသာလျှင် ရောက်လာသေး၏။

သို့ဖြစ်ရာ နောက်ထပ်တစ်ဦးကျန်နေသေးသည်။

ထိုလူမှာ မည်သို့သောလူစားမျိုးဖြစ်ပါသနည်း။

သူသည် အိမ်ထဲသို့ဝင်ကာ ထိုင်ခုံတစ်လုံး၌ထိုင်ပြီးငိုင်နေမိ၏။ ထိုစဉ်....

"မင်းသားလေး... နံနက်စာသုံးဆောင်လို့ရပါပြီ"

စကားသံနှင့်အတူ ဆိုင်လုလင်က စားသောက်ဖွယ်ရာများယူဆောင်၍ဝင်လာသည်ကိုတွေ့မြင်ရသည်။ ရှမ်ကျောင်းအား ညသို့ခံခဲ့စဉ်ကပင် သူစားသောက်ပြီးခဲ့ပြီဖြစ်၏။ ထို့ကြောင့်....

"ပြန်ယူသွားတော့"

ဟုပြောလိုက်၏။

ဆိုင်လုလင်အံ့ဩသွားသည်။

"ဟင်... မင်းသားလေး မစားတော့ဘူးလား၊ သက်သက်လွတ်ဟင်းလျာတွေကို မင်းသားလေးအတွက်သီးသန့်ချက်ပြုတ်ထားတာပါ"

လိဝမ်ရိကလက်ခါပြလိုက်သည်။

"ပြန်ယူသွားပါ... ကျုပ်မစားချင်တော့ဘူး"

ဆိုင်လုလင်က....

"ဒါဖြင့် ညနေစာကိုဘယ်လိုစီစဉ်ပေးရမလဲဆိုတာအမိန့်ရှိပါခင်ဗျာ"

လိဝမ်ရိကလက်ဝှေ့ယမ်းလိုက်ပြီး...

"ဘယ်လိုမှမစီစဉ်နဲ့ ညနေစာလဲမစားဘူး၊ မနက်စာလဲ...."

သူက ဆိုင်လုလင်အားအော်ထုတ်နေရာမှ ရုတ်တရက်ရပ်တန့်သွား၏။

ဆိုင်လုလင်က သူ့အားမျက်နှာငယ်လေးဖြင့်ကြည့်၏။

လိဝမ်ရိက ဆိုင်လုလင်အားကြည့်ကာ....

"မင်းက မနက်စာလာပို့တာဟုတ်လား"

ဟုမေးလိုက်၏။

ဆိုင်လုလင်ကခေါင်းညိတ်လိုက်သည်။



"ဟုတ်ပါတယ်မင်းသားလေး"

"ဒါဖြင့် မနက်စာစားချိန်ရောက်ပြီပေါ့"

"ဟုတ်ပါတယ်ခင်ဗျာ"

"ကောင်းတယ်"

လိဝမ်ရိသည် ဝမ်းသာအားရဖြစ်သွား၏။

သူ၏မျက်နှာတစ်ခုလုံးပြုံးရွှင်သွားပြီး....

"ဒါထက် သူဌေးကျိုနဲ့ကုန်သည်ချန်တို့ ပစ္စည်းတွေပို့လိုက်ကြပြီလား"

ဆိုင်လုလင်သည် လိဝမ်ရိစေခိုင်းထားသည့်ကိစ္စများကို သိရှိထားသူဖြစ်၏။ ထို့ကြောင့်....

"ဟုတ်ကဲ့... ရိက္ခာတင်ထားတဲ့မြင်းလှည်းတွေထွက်သွားတာ ထမင်းတစ်အိုးချက်လောက်ကြာသွားပါပြီ"

ဟုပြောလိုက်၏။

လိဝမ်ရိကျေနပ်သဘောကျသွားသည်။

"ကောင်းတယ်... ကောင်းတယ်... ကျုပ် ကျောက်စိမ်းနန်းတော်ကိုမပြန်ခင် မင်းကိုဆုချခဲ့ရဦးမယ်"

ဆိုင်လုလင်ကျေနပ်သွား၏။

လိဝမ်ရိုကလက်ဝှေ့ယမ်းပြလိုက်ပြီး....

"ကဲ... ကဲ... မင်းသွားနိုင်ပြီ"

ဟုပြောလိုက်ရာ ဆိုင်လုလင်သည် ချက်ချင်းပင် ထွက်ခွာသွားလေတော့၏။

လိဝမ်ရို အိမ်ထဲဝင်ရန်ဟန်ပြင်မိ၏။

ထိုစဉ် အိမ်ကလေးဆီသို့လှမ်းလာနေသူတစ်ဦးအား ရိပ်ခနဲ တွေ့မြင်လိုက်ရသည်။ လိဝမ်ရိုမျက်နှာပျက်သွား၏။

ချက်ချင်းပင် အိမ်တံခါးကိုပိတ်လိုက်လေတော့သည်။

oooo



ထိလင်း ....

ထိလင်းသည် စားသမားတစ်ဦးဖြစ်၏။ အသက်ဆယ့်သုံးနှစ်ကတည်းက သိုင်းလောကသို့ခြေချခဲ့သူဖြစ်၏။ တိုက်ပွဲပေါင်း တစ်ရာကျော်ယှဉ်ပြိုင်ခဲ့ပြီး တစ်ကြိမ်တစ်ခါမှရှုံးနိမ့်ခဲ့ဖူးခြင်းမရှိပေ။

ထိလင်းသည် ကျောက်စိမ်းမင်းသားရောက်လာသည်နှင့် သိုင်းပညာပြိုင်ရန်ဆုံးဖြတ်ထားသူဖြစ်၏။

ယခု ထိလင်းသည် ကျောက်စိမ်းမင်းသားရှိနေသည့်အိမ်ကလေးသို့ရောက်လာပြီဖြစ်၏။

သူသည် တံခါးပိတ်ထားသည်ကိုမြင်လျှင်....

"မင်းက လိပ်လိုခေါင်းဝှက်နေတော့မှာလား... အပြင်ထွက်မလာတော့ဘူးလား"

ဟုအော်ပြောလိုက်၏။

သူ၏အသံ ကျယ်လောင်စွာထွက်ပေါ်လာသည်။

လိဝမ်ရိုပင့်သက်ရှိုက်လိုက်သည်။ သူသည် အခြေအနေကို ကောင်းစွာသဘောပေါက်မိ၏။ ယခုရောက်လာသူသည် ရှမ်ကျောင်းနှင့်ကျန်စွေ့တို့ကဲ့သို့မဟုတ်ဘဲ ခေါင်းမာလှသူဖြစ်ကြောင်း သဘောပေါက်လိုက်ခြင်းဖြစ်သည်။

ထိုသူအား လွယ်လွယ်နှင့်ဖျောင်းဖျ၍ရမည်မဟုတ်သည်ကိုလည်းနားလည်ထား၏။

ထိုသို့သောလူစားမျိုးနှင့် မည်သို့ရင်ဆိုင်ရမည်ကိုလည်းသိရှိထားပြီးဖြစ်သည်။ သူလိုလူစားသည် သိပ်စကားများများပြောမည့်သူမဟုတ်။ ထိုစဉ်....

"ကျောက်စိမ်းမင်းသား... ကျုပ်က အခြားလူတွေလိုမဟုတ်ဘူး၊ မင်းနဲ့လက်တွေ့ပြိုင်ရမှ မင်းဟာ သိုင်းပညာဂိုဏ်တန်းအဆင့်ရှိတဲ့လူတစ်ယောက်ဆိုတာ အသိအမှတ်ပြုနိုင်မယ်၊ ကဲ... တံခါးဖွင့်ပြီးထွက်လာပါ... ကျုပ်တို့ပြိုင်လိုက်ကြရအောင်"

ထိလင်း၏စကားသံထွက်ပေါ်လာသည်။

သူသည် ရှမ်ကျောင်း၊ ကျန်ဇွေ့တို့နှင့်တွေ့ခဲ့ပြီးဖြစ်ကြောင်းထင်ရှား၏။ ထို့ကြောင့်လည်း စကားအပိုမပြောဘဲတိုက်ခိုက်ရန်သာရည်ရွယ်ထားပုံရသည်။ သူ့ပုံစံသည် သိပ်စိတ်ရှည်ပုံမရပါ။

ချက်ချင်းလက်ငင်း ရင်ဆိုင်တိုက်ခိုက်လိုက်ရမှ ဘဝင်ကျနိုင်မည့်ပုံဖြစ်သည်။

လိဝမ်ရိတံခါးဖွင့်လိုက်သည်။

သို့သော် အိမ်ရှေ့တံခါးပေါက်ကိုဖွင့်လိုက်ခြင်းမဟုတ်ပါ။



သူဖွင့်လိုက်သည့်တံခါးမှာ နောက်ဖေးတံခါးပေါက်သာဖြစ်သည်။ သူသည် တံခါးဖွင့်ပြီးသည်နှင့် အပြင်ဘက်သို့ထွက်လိုက်၏။ ဤသည်မှာ ထိလင်းနှင့်ရင်ဆိုင်ရမည့်ကိစ္စကို အကောင်းဆုံးဖြေရှင်းခြင်းပင်ဖြစ်တော့သည်။

ထိုအချိန်မှာပင် စကားသံတစ်သံ ရုတ်တရက်ထွက်ပေါ်လာလေသည်။

"မင်းထွက်မလာရင် ကျုပ်ဝင်လာရလိမ့်မယ်"

ထိလင်း၏စကားသံဖြစ်သည်။ သူသည် အပြင်၌ရပ်စောင့်နေရသည်ကိုစိတ်ရှည်ဟန်မရှိပါ။

စကားဆုံးသည်နှင့်....

"ဝုန်း...."

ကျယ်လောင်သောအသံကြီးနှင့်အတူ အိမ်တံခါးကျိုးပဲ့ပျက်စီးသွားပြီး တံခါးပေါက်ဟောင်းလောင်းကြီးဖြစ်သွားတော့သည်။

ထိလင်းက တံခါးပေါက်ကိုကန်ကျောက်ပြီး အိမ်ထဲသို့ ဝုန်းခနဲခုန်ဝင်လာခြင်းဖြစ်လေသည်။

နောက်ဖေးတံခါးပေါက်မှထွက်ခွာသွားသော လိဝမ်ရိလည်း အချိန်ဖြုန်းမနေတော့ပါ။

ခြံဝင်းအုတ်နံရံဆီသို့ တစ်ဟုန်ထိုးပြေးသွားပြီး လွှားခနဲခုန်ကျော်လိုက်၏။ ထိပ်တန်းတည်းခိုခန်းပိုင်နက်အပြင်ဘက်သို့ရောက်ရှိသွားလေတော့၏။

လိဝမ်ရီ ကျေနပ်သွား၏။ နံနက်စာစားချိန်ကလည်း ကျော်လွန်သွားပြီဖြစ်ရာ ယခုအချိန်ဆိုလျှင်ဟန်စင်းကျေးရွာအတွက်လိုအပ်သောပစ္စည်းများပေးပို့လိုက်ပြီးဖြစ်ပေတော့မည်။

သူ၏ကတိအတိုင်း ဆောင်ရွက်ပေးပြီးပြီဖြစ်သည်။

ကျောက်စိမ်းမင်းသားလေးအဖြစ် ဆက်လက်ဟန်ဆောင်နေစရာမလိုတော့ပါ။ ရှမ်ကျောင်း၊ ကျန်ဇွေ့၊ ထိလင်းတို့နှင့်ဆက်လက်ရင်ဆိုင်ရန်လည်းမလိုတော့ပါ။ သူ၏ဓာတိ ဟန်စင်းကျေးရွာအတွက်လုပ်ဆောင်ဖွယ်ရာကိစ္စအဝဝကို သူလုပ်ဆောင်ခဲ့ပြီးဖြစ်ပါသည်။

ထိပ်တန်းတည်းခိုခန်း၌ လုပ်ဆောင်ခဲ့သည့်ဖြစ်ရပ်အားလုံးသူနှင့်ပတ်သက်ခြင်းလုံးဝမရှိသည့်အလား အေးဆေးစွာပင် လျှောက်လှမ်းထွက်လာခဲ့လေသည်။

အုတ်တံတိုင်းတစ်ဖက်၌လမ်းကြားလေးတစ်ခုရှိ၏။

ထိုလမ်းကြားအတွင်း၌ လူသွားလူလာများရှိနေသည်။



သူသည် လမ်းကြားလေးအတိုင်း အေးဆေးစွာပင်ထွက်ခွာလာခဲ့လေသည်။ ထိုစဉ်....

"မပြေးနဲ့"

ကျယ်လောင်သည့်အော်ငေါက်သံတစ်သံ ရုတ်တရက်ထွက်ပေါ်လာသဖြင့် လိဝမ်ရီ ထိတ်ခနဲဖြစ်သွားသည်။ ထိတ်ထိတ်ပျာပျာနှင့်နောက်လှည့်ကြည့်လိုက်ရာ အုတ်တံတိုင်းကိုခုန်ကျော်လာသည့်ထိလင်းကိုဘွားခနဲတွေ့မြင်လိုက်ရ၏။

လိဝမ်ရီ ကွက်ခနဲမျက်နှာပျက်သွားသည်။ ချက်ချင်းထွက်ပြေးရန်ဟန်ပြင်လိုက်မိ၏။ သို့သော် ရုတ်တရက်သတိဝင်လာသဖြင့် ထွက်ပြေးရန်ဟန်ပြင်ပြီးမှ မပြေးဘဲခပ်တည်တည်နေလိုက်သည်။

"မင်း... ဘယ်ပြေးမလဲ"

အော်ငေါက်သံနှင့်အတူ ထိလင်းကအနီးသို့ရောက်လာ၏။

လိဝမ်ရီကဂရုမစိုက်ပါ။ လက်နှစ်ဖက်နောက်ပစ်လျက်အေးဆေးစွာပင် ဆက်လျှောက်သွား၏။

"ရပ်လိုက်စမ်း"

ထိလင်းကအော်ငေါက်ရင်း ရှေ့သို့ပန်းတက်ကာ လမ်းပိတ်ရပ်လေသည်။

မည်သို့မျှရှေ့ဆက်မသွားနိုင်တော့သဖြင့် လိဝမ်ရိက ခြေလှမ်းရပ်လိုက်သည်။ ထို့နောက် မင်သေသေဖြင့် ထိလင်းကိုမျက်လုံးပြူး၍ကြည့်လိုက်ပြီး....

"ဒါဘာသဘောလဲဗျ"

ဟုခပ်တည်တည်ပြန်မေးလိုက်သည်။

ထိလင်းကနှာခေါင်းရှုံ့ကာ....

"မင်း ဒီလိုထွက်သွားလို့ရမလား"

လိဝမ်ရိက နားမလည်နိုင်ဟန်ဖြင့်...

"ကျုပ်...."

"ဟုတ်တယ်"

"နေပါဦး... ကျုပ်က ဒီလိုမသွားလို့ဘယ်လိုသွားရမလဲ"

ထိလင်းမှာ ဘာပြောရမှန်းမသိအောင်ဖြစ်သွားသည်။

"မင်း.... မင်း..."

ထိလင်းသည် မကျေမနပ်ဖြစ်သွားကာ...

"မင်းအူကြောင်ကြောင်လုပ်မနေနဲ့"

"ခင်ဗျား ဘာတွေပြောနေတာလဲ"

"မင်းနဲ့သိုင်းပညာယှဉ်ဖို့ပြောနေတာ"



"ဗျာ... သိုင်းပညာ၊ ဟုတ်လား"

"ဟုတ်တယ်"

"နေပါဦး... ဘယ်သူကသိုင်းသမားမို့လဲ"

ထိလင်း ခေါပွသွားသည်။

"ဟိတ် အူကြောင်ကြောင်လုပ်မနေနဲ့"

"ကျုပ်က ဘာအူကြောင်ကြောင်လုပ်ရမှာလဲ၊ ခင်ဗျားပဲ ကျုပ်နဲ့သိုင်းပညာယှဉ်ပြိုင်မယ်လို့ ပြောခဲ့တာမဟုတ်လား"

"ဟုတ်တယ်လေ"

"ကျုပ်... သိုင်းသမားမှမဟုတ်တာ"

ထိလင်းကမဲ့ပြုံးပြုံးကာ....

"ကျောက်စိမ်းမင်းသားက သိုင်းသမားမဟုတ်ဘူးလား"

လိဝမ်ရိမျက်မှောင်ကုပ်ကာ....

"နေပါဦး ကျောက်စိမ်းမင်းသားကဘယ်သူလဲ"

"မင်း... မင်း"

"ကျုပ်ကလိဝမ်ရိဗျ"

"ဘာ..."

ထိလင်းသည် လိဝမ်ရိအားမျက်လုံးပြူး၍ကြည့်ကာ....

"ဒါဖြင့် မင်းကကျောက်စိမ်းမင်းသားမဟုတ်ဘူးပေါ့"

လိဝမ်ရိကမျက်နှာကြီးရှုံ့မဲ့လျက်....

"လိဝမ်ရိပါဆိုမှ ဘယ်လိုလုပ်ပြီးကျောက်စိမ်းမင်းသားဖြစ်နိုင်မှာလဲဗျာ၊ ခင်ဗျား ဒါလေးတောင် မစဉ်းစားတတ်ဘူးလားဗျ"

"မင်း... မင်း"

ထိလင်း အတော်ပင်မကျေမနပ်ဖြစ်သွား၏။ သို့သော် မည်သို့ပြောရမှန်းမသိဖြစ်နေလေသည်။ လိဝမ်ရိက....

"နေပါဦး ခင်ဗျားကြည့်ရတာ ကျုပ်ကိုလူမှားနေပုံရတယ်၊ ခင်ဗျား အစိမ်းရောင်ဝတ်ထားတဲ့လူကိုလိုက်ရှာနေတာမဟုတ်လား၊ သူ့ရဲ့ကိုယ်လုံးကိုယ်ပေါက်က ကျုပ်နဲ့မတိမ်းမယိမ်းဘဲ"

ထိလင်းကဘာမှမပြောဘဲနေ၏။

လိဝမ်ရိကမင်သေသေနှင့်ဆက်ပြော၏။

"ဟိုအုတ်နံရံကို ခုန်ကျော်ပြေးထွက်လာတဲ့လူလေ၊ ဟုတ်တယ် မဟုတ်လား"

ထိုအခါမှ ထိလင်းလှုပ်လှုပ်ရှားရှားဖြစ်သွားကာ....

"ဟုတ်တယ်... ဟုတ်တယ်"

ဟုပြောလိုက်၏။ လိဝမ်ရိကရယ်မောလိုက်ရင်း...



"ဟဲ... ဟဲ... ကျုပ်ထင်တော့ထင်လိုက်သားပဲ၊ ကျုပ်ကလဲ အစိမ်းရောင်ဝတ်ထားတာဆိုတော့ ခင်ဗျားလူမှားသွားတာပေါ့"

ထိလင်းသည် လိဝမ်ရိ၏စကားကြောင့် ဇဝေဇဝါဖြစ်သွားလေသည်။ လိဝမ်ရိကလည်း မှင်မောင်းကောင်းသည်။ သူ၏အတည်ပေါက်စကားကြောင့် ထိလင်းမှာ ဟုတ်နိုးနိုးထင်မှတ်သွားတော့၏။

သူဇဝေဇဝါဖြစ်သွားသည်ကို အခွင့်ကောင်းယူပြီး လိဝမ်ရိကဆက်ပြောလိုက်ပြန်လေသည်။

"ခင်ဗျားလိုက်ရှာနေတဲ့လူ ဟိုဘက်ကိုထွက်သွားပြီဗျ၊ ပြေးသွားလိုက်တာများ မြင်းတောင်အရှုံးပေးရမလောက်ဘဲ၊ လမ်းသွားလမ်းလာတွေကိုတောင် ဝင်တိုက်သွားသေးတယ်ဗျ"

"မင်းသေချာတယ်နော်"

"သိပ်သေချာတာပေါ့"

"ကောင်းပြီ"

ထိလင်း ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ဘဲ လိဝမ်ရိညွှန်ပြရာဘက်သို့ ဦးတည်ပြေးသွားလေတော့သည်။

oooo

"ဟား... ဟား... ဟား"

သူသဘောကျစွာရယ်မောလိုက်၏။ ခက်ထန်မာကျောသည့်ထိလင်းနှင့်ရင်ဆိုင်ရာတွင် သူက အကောင်းဆုံးနည်းလမ်းကို အသုံးပြုလိုက်ပြီမဟုတ်လား။

ထိလင်းမြင်ကွင်းမှပျောက်ကွယ်သွားသည်နှင့် သူလည်းခပ်သွက်သွက်ထွက်လာခဲ့သည်။ ထိုစဉ်....

"ခွပ်... ခွပ်... ခွပ်... ခွပ်"

မြင်းခွာသံများကျယ်လောင်စွာထွက်ပေါ်လာ၏။ မြင်းလှည်းတစ်စီးအပြင်းမောင်းနှင်လာပြီး သူ့အနီးရောက်ရှိလာသည်။

သူ မကျေမနပ်ဖြစ်သွား၏။

"တော်တော်ရမ်းကားတဲ့မြင်းလှည်း"

ဟုရေရွတ်၍ လမ်းဘေးသို့ကပျာကယာခုန်ရှောင်ရသည်။

သို့သော် မြင်းလှည်းသည် ဆက်၍မောင်းနှင်သွားခြင်း မရှိဘဲ သူ၏ရှေ့၌ဆိုက်ဆိုက်မြိုက်မြိုက်ရပ်တန့်သွား၏။ မြင်းလှည်းမောင်းသူမှာ ဖျင်ကြမ်းအင်္ကျီဝတ်ထားသည့် မိန်းကလေးတစ်ဦးဖြစ်နေသည်ကိုတွေ့ရ၏။ ထိုမိန်းကလေးသည် ရုတ်တရက်ကြည့်လျှင် ကြွေရုပ်တစ်ရုပ်နှင့်ပင် တူနေပေသည်။



သူမ၏အသားအရေသည် သွေးရောင်ကင်းမဲ့၍ဆွတ်ဆွတ်ဖြူနေခြင်းကြောင့်ဖြစ်သည်။ လိဝမ်ရိက....

"ကြွေရုပ်ကလေးနဲ့တူသလိုပဲ"

သူခေါင်းခါယမ်းလိုက်၏။

"မဟုတ်သေးပါဘူး"

စိတ်ထဲကတွေးရင်း မိန်းကလေးကိုသေသေချာချာကြည့်လိုက်၏။ သူမသည် အသက်ဆယ့်ရှစ်နှစ်ခန့်သာရှိဦးမည်ဖြစ်၏။

သူမ၏မျက်နှာသည် ဟန်မူရာကင်းသလိုခံစားချက်ကင်းမဲ့သည့်အသွင်ရှိသည်။

"ဟွန်း... လူသေအလောင်းတစ်လောင်းနဲ့တူတယ်"

လိဝမ်ရိကျိတ်ပြီးမှတ်ချက်ချလိုက်ပြန်၏။ သို့သော် လူသေအလောင်းတစ်လောင်းက အသက်ဝင်ပြီး မြင်းလှည်းမောင်းနိုင်လိမ့်မည်မဟုတ်ပါချေ။ သူခေါင်းယမ်းလိုက်သည်။

"ဒီလိုလဲမဟုတ်သေးပါဘူး"

ခပ်ညည်းညည်းရေရွတ်ရင်း သက်ပြင်းချလိုက်သည်။

မြင်းလှည်းမောင်းသည့်မိန်းကလေးနှင့်ပတ်သက်၍ မည်သို့ကောက်ချက်ချရမှန်းမသိဖြစ်သွားသည်။ ထိုစဉ်....

"မြင်းလှည်းပေါ်တက်ပါ"

မိန်းကလေးထံမှ စကားသံထွက်ပေါ်လာ၏။

အသံက ချိုးချိုးရှရှနှင့်နားဝင်ဆိုးလှသည်။

ထိုစကားသံကြောင့် လိဝမ်ရီနှာခေါင်းရှုံ့လိုက်၏။

"အသံကလည်း နားထဲအခံရခက်လိုက်တာ ပုရစ်အော်သံကျနေတာပဲ"

လိဝမ်ရီစိတ်ထဲကရေရွတ်လိုက်၏။

သို့သော် ချက်ချင်းခေါင်းခါယမ်းပြီး....

"မဟုတ်သေးပါဘူး... ပုရစ်နဲ့မိန်းကလေးက မလိုက်ဖက်ပါဘူး၊ နေဦး... ပိုးဟပ်... ဟုတ်တယ် ပိုးဟပ်ဖြူ... ပိုးဟပ်ဖြူ... ဟား ဟား... ဟား"

မိန်းကလေးကို မည်သို့ အမည်ပေးရမည်ကိုတွေးရင်း ကိုယ့်ဘာသာကိုယ်သဘောကျပြီးရယ်လိုက်သည်။

သူ၏ရယ်သံ ကျယ်လောင်စွာထွက်ပေါ်လာ၏။

မိန်းကလေးကမူ ရယ်ခြင်းပြုံးခြင်းမရှိပါ။

သူ့ကို မျက်နှာထားမှုန်တေတေနှင့်စိုက်ကြည့်ရင်း....

"မြင်းလှည်းပေါ်တက်ပါ"



ဟုထပ်ပြော၏။

လိဝမ်ရီကကြောင်အမ်းအမ်းဖြစ်ဟန်ဖြင့်....

"မြင်းလှည်းပေါ်တက်ရမယ်ဟုတ်လား"

"ဟုတ်တယ်"

"နေပါဦး... ကျုပ်မင်းကိုလဲမသိပါလား"

မိန်းကလေးက....

"သိစရာမလိုဘူး... ရှင်ဒုက္ခမရောက်ချင်ရင်မြင်းလှည်းပေါ်တက်ပါ"

မိန်းကလေးကနားဝင်မချိုသောရှတတအသံနှင့် ပြော၏။

လိဝမ်ရီကထပ်မံရယ်မောသည်။

"ဟား... ဟား... ဟား... ပိုးဟပ်ဖြူလေးတစ်ကောင်က ကျုပ်ကိုခြိမ်းခြောက်နေပါလား"

"ဘာရှင့်"

မိန်းကလေး၏လေသံအရ ဒေါသခနဲဒေါသထွက်သွားပုံရသည်။ လိဝမ်ရီက....

"ဩော်... မင်းက မြင်းလှည်းပေါ်အတင်းတက်ခိုင်းလို့ပြောတာပါဗျာ"

မိန်းကလေးကခေါင်းခါလိုက်၏။

"မဟုတ်ဘူး… ရှင်ကျွန်မကိုဘယ်လိုခေါ်လိုက်တာလဲ"

"ပိုးဟပ်ဖြူလေ"

"ပိုးဟပ်ဖြူ…."

လိဝမ်ရိုခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ပိုးဟပ်ဖြူ"

သူမသည် မြင်းလှည်းပေါ်မှခုန်ဆင်းရန်ဟန်ပြင်လိုက်ပြီးမှ ပြန်ထိုင်လိုက်၏။

သူမ အကြီးအကျယ်ဒေါပွသွားကြောင်းထင်ရှား၏။

သို့သော် သူမ၏မျက်နှာတွင် မည်သို့သောအမူအရာမျိုးကိုမှမတွေ့ရချေ။ လိဝမ်ရိုက….

"နေပါဦး… ကျုပ်က မင်းကိုပိုးဟပ်ဖြူလို့ခေါ်လိုက်လို့ စိတ်ဆိုးသွားတာလား"

ဟုမေးလိုက်သည်။

မိန်းကလေးကခေါင်းခါလိုက်သည်။

"မဟုတ်ဘူး"

လိဝမ်ရိုရယ်မောလိုက်၏။



"မလိမ်ပါနဲ့လေ… မင်းရဲ့မျက်နှာမှာ အမူအရာမရှိပေမယ့် မင်းရဲ့လေသံကိုနားထောင်ကြည့်တာနဲ့ စိတ်ဆိုးနေတာကို ကျုပ်ရိပ်မိပါတယ်"

မိန်းကလေးကခေါင်းအသာခါရင်း….

"ရှင်မှားနေပြီ… ကျွန်မနာမည်ကို ရှင်ကသိနေလို့ ကျွန်မအံ့ဩသွားတာရှင့်"

ဟုပြောလိုက်၏။

သူမ၏စကားကြောင့် လိဝမ်ရိုကြောင်အမ်းအမ်းဖြစ်သွားလေသည်။ သူသည် မိန်းကလေးအား မျက်မှောင်ကုပ်၍ကြည့်လိုက်ပြီး….

"မင်းရဲ့နာမည်ကို ကျုပ်ကသိနေတယ်ဟုတ်လား"

မိန်းကလေးကခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"နေပါဦး… မင်းနာမည်ဘယ်လိုခေါ်သလဲ"

"ပိုးဟပ်ဖြူပါ"

"ဟော…."

လိဝမ်ရိုပါးစပ်အဟောင်းသားဖြစ်သွားသည်။

သူမ၏အသွင်အပြင်ကိုကြည့်ပြီး ပိုးဟပ်ဖြူဟုလွှတ်ခနဲ အမည်ပေးလိုက်မိရာ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုအမည်သည် သူမ၏ အမည်ဖြစ်နေ၏။

"ရှင် သိပ်အံ့သြသွားသလား"

မိန်းကလေးကမေးလိုက်သည်။

လီဝမ်ရီကခေါင်းညိတ်ရင်း....

"ဟုတ်တယ်လေ... နေပါဦး မင်းနာမည်က တကယ်ပဲ ပိုးဟပ်ဖြူဖြစ်နေသလား"

"တကယ်ပေါ့ရှင်... ကျွန်မနာမည်ပိုးဟပ်ဖြူပါ"

လီဝမ်ရီခေါင်းကုပ်ရင်း....

"အင်း... တယ်လဲတိုက်ဆိုင်နေပါလား"

ဟုရေရွတ်လိုက်သည်။

မိန်းကလေးက....

"တိုက်ဆိုင်တာက အရေးမကြီးဘူး... အရေးကြီးတာက ဒီနေရာက ရှင်အမြန်ထွက်သွားဖို့ပဲ... ထိလင်းက ရှင့်ကိုချမ်းသာပေးမယ်များမှတ်နေလား"

"ဘာ... ထိလင်းဟုတ်လား"



"ဟုတ်တယ်လေ"

လီဝမ်ရီကနားမလည်နိုင်ဟန်ဖြင့်....

"နေပါဦး... ထိလင်းကဘယ်သူလဲ"

မိန်းကလေးကမဲ့ပြုံးပြုံးကာ....

"ရှင် မသိချင်ဟန်ဆောင်မနေစမ်းပါနဲ့"

"ကျုပ်... တကယ်မသိလို့ပါဗျာ"

ပိုးဟပ်ဖြူဟုခေါ်သောမိန်းကလေးက....

"အပိုတွေပြောမနေနဲ့... မြင်းလှည်းပေါ်ကိုမြန်မြန်တက်ပါ၊ တော်ကြာ ထိလင်းပြန်ရောက်လာရင် ရှင်ဒုက္ခရောက်နေလိမ့်မယ်"

ပိုးဟပ်ဖြူက စိုးရိမ်တကြီးလေသံဖြင့်ပြောလိုက်သည့်တိုင် လီဝမ်ရီကဘာမျှနားမလည်နိုင်ဟန်ဖြင့်ရယ်မောလိုက်၏။

"ဟား... ဟား... ဟား"

သူ၏ရယ်သံက ကျယ်လောင်စွာထွက်ပေါ်လာ၏။ အတန်ကြာရယ်ပြီးမှ သူကပိုးဟပ်ဖြူကိုစိုက်ကြည့်လိုက်၏။

နှုတ်မှလည်း....

"ကျုပ်ကိုဒီလိုလာခြောက်လို့မရဘူး... ကျုပ်ကဘာကြောင့် မြင်းလှည်းပေါ်တက်ရမှာလဲ"

စကားဆုံးသည်နှင့် လိဝမ်ရီသည် ပိုးဟပ်ဖြူကိုအရေးမစိုက်တော့ဘဲ ခြေလှမ်းကျဲကျဲဖြင့်ထွက်ခွာသွားလေတော့၏။

ဝဝဝဝ

လိဝမ်ရီသည် မြို့လယ်သို့ရောက်ရှိလာပြီဖြစ်၏။ သို့သော် သူသည် ခြေလှမ်းမရပ်ဘဲဆက်လက်လျှောက်သွားလေသည်။

ဝမ်ကျက်မြို့တွင် သူဆောင်ရွက်စရာရှိသည့် ကိစ္စအဝဝကို ဆောင်ရွက်ပြီးစီးသွားပြီဖြစ်၏။

ထို့ကြောင့် ဝမ်ကျက်မြို့မှအမြန်ဆုံးထွက်ခွာရန်သာရှိတော့သည်မဟုတ်ပါလား။

သူသည် မြို့စွန်သို့ဦးတည်၍ ခပ်သုတ်သုတ်လျှောက်သွားနေ၏။ လမ်းတစ်ဖက်တစ်ချက်တွင် လူနေအိမ်ခြေများ ကဖြည်းဖြည်းကျဲပါးသွား၏။ သစ်ပင်ချုံနွယ်များ ထူထပ်လာ၏။

မြို့စွန်သို့ရောက်မှန်းမသိ ရောက်ရှိလာပြီဖြစ်ပါသည်။

ဝမ်ကျက်မြို့ကိုကျောခိုင်းလိုက်သည်နှင့်...

သူ၏အသည် လှောင်ချိုင့်မှလွတ်မြောက်သည့်ငှက်ငယ်တစ်ကောင်ပမာလွတ်လပ်သွားတော့မည်ဖြစ်သည်။ သူသည် ပေါ့ပါးသောခြေလှမ်းများဖြင့် ဆက်လက်လျှောက်လှမ်းရင်း...



"ငါ ဟန်စင်းကျေးရွာကိုသွားလည်ရင် တစ်ရွာလုံးက ငါ့ကို သူရဲကောင်းကြီးတစ်ယောက်လိုဝိုင်းပြီးကြိုဆိုကြမှာပဲ"

ဟုစိတ်ထဲမှတွေးလိုက်၏။

သူ၏မျက်နှာတွင် အပြုံးရိပ်များဖြစ်ပေါ်လာ၏။

ကျောက်စိမ်းမင်းသားအဖြစ်ဟန်ဆောင်ခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့်ကိစ္စအဝဝနှင့်အခက်အခဲများကို ယခုအခါ မေ့လျော့ထားလိုက်ပြီဖြစ်သည်။

သူသည် ရှေ့ဆက်သွားရန်ဟန်ပြင်လိုက်၏။

ထိုစဉ်မှာပင်.....

"ဟိတ်... ရပ်လိုက်စမ်း"

ကျယ်လောင်သည့်အော်ငေါက်သံတစ်သံ ရုတ်တရက်ထွက်ပေါ်လာသည်ကိုကြားလိုက်ရ၏။

လိဝမ်ရီခြေလှမ်းတုံ့ခနဲရပ်တန့်သွားသည်။

လှည့်ကြည့်လိုက်သည့်အခါ ရိပ်ခနဲ ရိပ်ခနဲ ပြေးလာသူတစ်ယောက်ကိုတွေ့လိုက်ရလေသည်။

မျက်နှာကိုသဲသဲကွဲကွဲမမြင်ရ။

သူမျက်မှောင်ကုပ်သွား၏။

"ဘယ်သူများပါလိမ့်"

သူ၏အတွေးမဆုံးမီ ပြေးလာသူသည် သူ၏အနီးသို့ရောက်ရှိလာလေတော့၏။ လိဝမ်ရှိသည် ထိုလူကိုသေသေချာချာတွေ့မြင်လိုက်ရသည့်အခါ…

"ဟာ…."

လွှတ်ခနဲအသံထွက်ပြီး ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။ အကြောင်းမှာ ထိုလူသည် သူ့ကိုသဲကြီးမဲကြီးလိုက်နေသည့် ထိလင်းဖြစ်နေခြင်းကြောင့်ပင် မဟုတ်ပါလော။

ထိလင်းက….

"မင်းဘယ်ပြေးမလဲ"

ဟုအော်ငေါက်ရင်း ပြေးဝင်တိုက်ခိုက်လာလေတော့၏။

*ပထမပိုင်းပြီး၏။*

*ဒုတိယ-ခေါင်းဆက်လက်ဖတ်ရှုပါရန်။*